# မြန်မာ့အလင်း


၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်    ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ သောကြာနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၃၄]


**ဒါနဥ္စ တော်မင်္ဂလ မုတ္တမံ**

**စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ပြန်/ဆက်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှု အောင်မြင်သည့် နှစ်(၇၀)ပြည့် အခမ်းအနားသို့ တက်ရောက်

**ပေကျင်း စက်တင်ဘာ ၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှု အောင်မြင်သည့် နှစ် (၇၀) ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ရန် တီယန်မင်ရင်ပြင်သို့ ရောက်ရှိကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှု အောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက မိန့်ခွန်းပြောကြားပြီး စစ်ရေးပြအခမ်းအနား ပြုလုပ်မှုအား ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တီယန်မင်ရင်ပြင် ပြည်သူ့ခန်းမဆောင် Banquet Hall ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံးသို့ရောက်ရှိပြီး သံရုံး၊ စစ်သံရုံးဝန်ထမ်းမိသားစုဝင်များနှင့် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ဩဝါဒစကားပြောကြားပြီး နိုင်ငံတော်သမ္မတက လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ဂန့်ဂေါ-ကလေး မီးရထားလမ်းပိုင်းတွင် ဂန့်ဂေါ-မှန်တောခရီးစဉ် စတင်ပြေးဆွဲ

*စာမျက်နှာ-၁၂*

**ယနေ့ မာတိကာ**

**ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့် စပ်လျဉ်း၍ အသိပေးချက်ထုတ်ပြန်**

စာမျက်နှာ-၆

**စွန့်လွှတ်သည့် စိုက်ပျိုးမြေယာများကို တောင်သူများထံသို့ လွှဲပြောင်းပေးအပ်**

စာမျက်နှာ-၁၃

**မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ ရှောင်ရှားကြရန် အကြံပြု**

စာမျက်နှာ-၁၄




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## အိမ်ထောင်ရေးနှင့် ကိုယ်ကျင့်သိက္ခာ

မျက်မှောက်ခေတ်သည် အမျိုးသားများနှင့် အမျိုးသမီးများကြား ဆက်ဆံရေးပုံစံများသည် အလွန်နီးစပ်ပတ်သက်လွယ်မှုကြောင့် အိမ်ထောင်ရေးဖောက်ပြန်မှုများ ပိုမိုများပြားလာသည်ကို တွေ့ရသည်။ ဤအချက်ပေါ်မူတည်၍ အိမ်ထောင်ဖက်များ အဆင်မပြေဖြစ်ကာ မိသားစုပြိုကွဲနိုင်သော ကိစ္စဖြစ်သည်။ မိသားစုဟူသည် နှစ်ကာလနှင့်ချီ၍ ထူထောင်ရသော်လည်း အလိုဆန္ဒကို ထိန်းချုပ်နိုင်သော အသိဉာဏ်နည်းပါးမှုတို့ကြောင့် မိသားစုများပြိုကွဲကြရသည်။

အိမ်ထောင်ဖက်များသည် သည်းမခံနိုင်သည့်အဆုံး တစ်ဦးနှင့်တစ်ဦး နှစ်ကာလကြာရှည်စွာ ပေါင်းသင်းပြီးမှ လမ်းခွဲကြရသည်။ ကွာရှင်းပြတ်စဲကြရသည်။ သားသမီးများရှိသော မိသားစုများအဖို့ မိတစ်ကွဲ၊ ဖတစ်ကွဲဖြစ်ကြရသည်။ အလွန်ဝမ်းနည်းဖွယ်ကောင်း၏။ ထို့ကြောင့်လည်း တစ်လင် တစ်မယားကျင့်သုံးခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းလိုက်ပြီဖြစ်ပါသည်။ ဤဥပဒေ၏အခန်း(၅) ပြစ်ဒဏ်များဆိုင်ရာအခန်းတွင် မည်သူမဆို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသောယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးဦးသည် အဆိုပါထိမ်းမြားမှု အတည်ဖြစ်နေစဉ် ယင်းထိမ်းမြားမှုကို ထိမ်ချန်၍ အခြားယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးကို ထပ်မံထိမ်းမြားပါက ၁၀ နှစ်ထက်မပိုသောထောင်ဒဏ်ချ မှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ကြောင်း၊ လင်မယားကွာရှင်းရာတွင် အိမ်ထောင်ရေးပြစ်မှုကျူးလွန်သူသည် နှစ်ဦးပိုင်ပစ္စည်းနှင့်စပ်လျဉ်း၍ ၎င်း၏အခွင့်အရေးများ ဆုံးရှုံးခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဤဥပဒေသည် တရားဝင်ဖြစ်သူကိုသာ အကာအကွယ်ပေးထား၍ အိမ်ထောင်ရှင်များနှင့် မပတ်သက်မိစေရန် သတိပြုကြဖို့လိုပါသည်။

ထို့ကြောင့် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အိမ်ထောင်ရေးဖောက်ပြန်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားလျှင် ကြီးလေးသောပြစ်ဒဏ်ချမှတ်ခြင်းကို ရင်ဆိုင်ရဖွယ်ရှိပါသည်။ အိမ်ထောင်ပြုပြီးပါက ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ထပ်မံ၍ထိမ်းမြားခြင်း သို့မဟုတ် လင်မယားအဖြစ် တရားမဝင်ပေါင်းသင်းနေထိုင်ခြင်း မပြုရဟူ၍ ဥပဒေ၌အတိအလင်းရေးသားဖော်ပြထားပါသည်။ အမှန်စင်စစ် ဤဥပဒေသည် တရားဝင်လက်ထပ်ပေါင်းသင်းခြင်းမပြုဘဲ အတူနေထိုင်သည့် အနောက်တိုင်းယဉ်ကျေးမှုကို ကျွန်ုပ်တို့မြန်မာလူမှုနယ်ပယ်တွင် စိမ့်ဝင်ပျံ့ပွားလာခြင်းမရှိစေရန် ထိန်းချုပ်လိုက်ခြင်းပင်ဖြစ်ပါသည်။ အမျိုးသမီးနှင့် အမျိုးသားတို့သည် အနေနီးစပ်မှုများကြောင့် လွယ်လွယ်နေ၊ လွယ်လွယ်တွဲ၊ လွယ်လွယ်ကွဲနေကြပါသည်။ ကိုယ်ကျင့်တရားကောင်းမွန်သော အမျိုးသမီးငယ်များသည် ငွေကြေးဥစ္စာပစ္စည်းမြှူဆွယ်မှုများဖြင့် ကာမဂုဏ်အမြတ်ထုတ်ခံနေကြရပါသည်။ နောက်ဆုံးအိမ်ထောင်ရေး ဖောက်ပြန်မှုသည် ကွာရှင်းပြတ်စဲသည်အထိ ဖြစ်လာပါသည်။ အိမ်ထောင်ရေး ပြဿနာမှသည် အိမ်ထောင်ရေးမှုခင်းများအထိ ဖြစ်လာကြပါသည်။

သို့ဖြစ်၍ အိမ်ထောင်ရေးဖောက်ပြန်မှုသည် ဥပဒေအရ အရေးယူနိုင်သည့်ခေတ်စနစ်တစ်ခုသို့ ရောက်နေပြီဖြစ်ပါသည်။ အရှက်တကွဲအကျိုးနည်းဖြစ်ရမည့်အပြင် ဥပဒေကြောင်းအရလည်း ကြီးလေးသော ပြစ်ဒဏ်ကို ချမှတ်ခံရဖွယ်ရှိပါသည်။ ထို့ကြောင့် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ တစ်ဦးပေါ်တစ်ဦး သစ္စာရှိစွာ သာယာချမ်းမြေ့သော အိမ်ထောင်အဖြစ်ရီးမြေကျ ပေါင်းသင်းနေထိုင်နိုင်ကြစေရန် ကိုယ်ကျင့်သိက္ခာကို အတတ်နိုင်ဆုံး ထိန်းသိမ်းနေထိုင်သင့်ပေကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး



**စစ်ကိုင်း စက်တင်ဘာ ၃**

၂၀၁၅ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စစ်ကိုင်းခရိုင်အတွင်း မြို့နယ်၊ ရပ်ကွက် နှင့်ကျေးရွာများမှ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်း မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးတိုးလင်းက အမှာစကား ပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး စိုးသန့်နှင့် စစ်ကိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင် ဦးကြည်ညွန့်က ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးဆိုင်ရာ လုပ်ငန်းစဉ်များ အကြောင်းကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ် ရွေးကောက် ပွဲ ကော်မရှင်အဖွဲ့ခွဲ တို့မှ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းရာ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်း(စစ်ကိုင်း)**



## အထူးရဲများ ဆင့်ပွားသင်တန်းဆင်း

**ရွှေဘို စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲကာလ အောင်မြင်စွာ ကျင်းပနိုင်ရန် အထူးရဲများ၏တပ်ဖွဲ့ဝင်(အရာရှိ)နည်းပြသင်တန်းဆင်းပွဲကို ဩဂုတ်လနောက်ဆုံးပတ်က ရွှေဘိုမြို့ရဲစခန်းသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းမြင့်စိုးကသင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

ထို့နောက်ရဲမှူးကြီးက ရွှေဘိုခရိုင်အတွင်းရှိမြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကိစ္စများနှင့်ပတ်သက်ပြီးစီမံဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၃ |
| ဥရောပ | တစ်ယူရို | ၁၄၃၁.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၂.၂၉ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၁၇ |
| တရုတ် | တစ်ယွမ် | ၁၉၉.၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ |

ခင်ရတနာ-စုစည်းသည်။

❊ ရှေ့ဖုံးမှ

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် ချိုင်းနားဝါလ်(ဒ်) ဟိုတယ် ဧည့်တွေ့ဆောင် အခန်း (၂)၌ China Power Investment(CPI) Mr. Wang Binghua ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံသည်။


ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တီယန်မင်ရင်ပြင် ပြည်သူ့ခန်းမဆောင်ကြီး၌ပြုလုပ်သည့် ယဉ်ကျေးမှုဖျော်ဖြေပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံအကြီးအကဲများ ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှု အောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် စစ်ရေးပြအခမ်းအနားပြုလုပ်မှုကို ကြည့်ရှုကြစဉ်။ (ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် China Power Investment(CPI) Mr. Wang Binghua ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (ပြန်/ဆက်)

# ဆိုက်ပရပ်စ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဒီမက်ထရီအိုစ် အေ သီအိုဖီလက်တိုအား မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၃**

နယူးဒေလီမြို့၌ အခြေစိုက်သည့် ဆိုက်ပရပ်စ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဒီမက်ထရီအိုစ် အေ သီအိုဖီလက်တိုအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆိုက်ပရပ်စ်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဒီမက်ထရီအိုစ် အေ သီအိုဖီလက်တိုအား ၁၉၅၈ ခုနှစ် မေ ၁၁ ရက်တွင် ဆိုက်ပရပ်စ်နိုင်ငံ နီကိုရှားမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ဆက်သွယ်ရေး၊ နိုင်ငံရေးရာဆက်ဆံရေးနှင့် သတင်းထုတ်ပြန်ရေး အထူးပြုဖြင့် ဝိဇ္ဇာဘွဲ့နှင့် မဟာဘွဲ့တို့ကို ဝါရှင်တန်ပြည်နယ်တက္ကသိုလ်မှ ရရှိခဲ့ သည်။ ၁၉၉၅ ခုနှစ်တွင် နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံရေးရာနှိုင်းယှဉ် လေ့လာရေး၊ နိုင်ငံရေးရာဘောဂဗေဒပါရဂူဘွဲ့အား လုံခြုံရေးအစီအမံများနှင့် ပြည့်စုံသည့် နိုင်ငံတည်ဆောက်ရေးအထူးပြုကျမ်းဖြင့် ဝါရှင်တန်ပြည်နယ်တက္ကသိုလ်မှ ရရှိခဲ့သည်။ ဧည့်ပါမောက္ခအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာဘာသာရပ်များကို သင်ကြားပို့ချခြင်း၊ စာအုပ်စာတမ်း ရေးသားထုတ်ဝေခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ၎င်းသည် ၁၉၉၄ ခုနှစ်မှစတင်ကာ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ဆိုက်ပရပ်စ် အမြဲတမ်းအဖွဲ့ရုံး၊ ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ ဆိုက်ပရပ်စ် မဟာမင်းကြီးရုံး၊ နီကိုရှားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘရပ်ဆဲလ်မြို့ရှိ ဥရောပသမဂ္ဂဆိုင်ရာ ဆိုက်ပရပ်စ်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတို့၌ ရာထူးတာဝန်အသီးသီးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အိန္ဒိယနိုင်ငံဆိုင်ရာ ဆိုက်ပရပ်စ် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

နယူးဒေလီမြို့အခြေစိုက်သည့် ဆိုက်ပရပ်စ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒီမက်ထရီအိုစ် အေ သီအိုဖီလက်တိုသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆိုက်ပရပ်စ်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

**ဟုမ္မလင်းမြို့နှင့် မောင်တောမြို့တို့တွင် ၅ ဒသမ ၃၉ လက်မစီ၊ ခန္တီးမြို့တွင် ၄ ဒသမ ၆၅ လက်မ၊ ကျောက်တော်မြို့တွင် ၄ ဒသမ ၂၅ လက်မ၊ တမူးမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၉၈ လက်မနှင့် တောင်ကုတ်မြို့တွင် ၂ ဒသမ ၄၄ လက်မတို့ ဖြစ်ကြသည်။**

# ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

**မကွေး စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီးတွင် ရွေးကောက်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ကော်မရှင်အဖွဲ့ခွဲတွင်ပါဝင်သော ဌာနဆိုင်ရာများက ဆက်လက်ဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲတွင်ပါဝင်သော ဌာနဆိုင်ရာများအနေဖြင့် ကော်မတီအလိုက် အမှန်တကယ် တာဝန်ထမ်းဆောင်နိုင်မည့်သူများကို စုဖွဲ့ပြီး ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် တွေ့ကြုံရမည့် အနေအထားများ၊ လုံခြုံရေးအစီအမံများနှင့်ပတ်သက်ပြီး သက်ဆိုင်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် လိုအပ်ချက်များရှိပါက တင်ပြပေးရန်နှင့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် စသည်ဖြင့် မှာကြားခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# နေပြည်တော် ခုတင် (၁၀၀) အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူမှုများအား အခမဲ့ခွဲစိတ်ကုသ

**နေပြည်တော် စက်တင်ဘာ ၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမေရိကန်နိုင်ငံအခြေစိုက် Rotaplast အဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ နေပြည်တော် ခုတင် (၁၀၀) အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများနှင့် အခြားချို့ယွင်းချက်ရှိသော လူနာများကို ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၃ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ လူနာ စုစုပေါင်း ၅၈ ဦးကို ခွဲစိတ်ကုသပေးခဲ့ကြောင်း၊ ယနေ့တွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ထွေးထွေးညွှန့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မူမူဆွေနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ခွဲစိတ်ပြီးလူနာနှင့် ခွဲစိတ်မည့်လူနာများကို သွားရောက်ကြည့်ရှုအားပေး စကားပြောကြားပြီး ငွေကျပ် ၁၈၁၃၅၀၀ တန်ဖိုးရှိ ထောက်ပံ့ငွေနှင့် အာဟာရပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရွှေ့ပြောင်းနေထိုင်သူများ ဘူဒါပက်ဘူတာရှိ ရထားတစ်စင်းပေါ် တိုးဝှေ့တက်ရောက်



**ဘူဒါပက် စက်တင်ဘာ ၃**

ရွှေ့ပြောင်းနေထိုင်သူများသည် ဟန်ဂေရီရဲတပ်ဖွဲ့က နှစ်ရက်ကြာဝင်ပေါက်များကို ပိတ်ဆို့ထားရာမှ ဖယ်ရှားလိုက်ပြီးနောက် ကြာသပတေးနေ့က ဘူဒါပက်မြို့ အဓိကဘူတာကြီးရှိ ရထားတစ်စင်းပေါ်သို့ တိုးဝှေ့တက်ရောက်ခဲ့ကြသည်။

ရွှေ့ပြောင်းနေထိုင်သူအများစုသည် ရထားတံခါးပေါက်နှင့် ပြတင်းပေါက်များမှတစ်ဆင့် တက်ရောက်ရန်ကြိုးစားနေကြသည်ကိုတွေ့ရကြောင်း ရိုက်တာသတင်း ထောက်တစ်ဦးက အဆိုပါနေရာမှပြောသည်။

ထိုအတောအတွင်း ဘူလ်ဂေးရီးယားတွင် နိုင်ငံအတွင်း တရားမဝင်ဝင်ရောက်မှုဖြင့် လူပေါင်း ၁၂၅ ဦးကို ဖမ်းဆီးလိုက်သည်။ ဟန်ဂေရီတွင် ယခုသီတင်းပတ်အတွင်း ရွှေ့ပြောင်းနေထိုင်သူများကိုကိုင်တွယ်မည့်ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖွယ်ရှိသည်ဟု ဆိုသည်။

ထိုစဉ်အတွင်း ဗီယင်နာမှ ဘူဒါပက်သို့ ထွက်ခွာမည့်ရထားမရှိသေးဟုဆိုသည်။ ဆင်းရဲမွဲတေမှုနှင့် စစ်ပွဲများကြောင့် အရှေ့အလယ်ပိုင်းဒေသမှ ရွှေ့ပြောင်းနေထိုင်သူများသည် ဥရောပသို့ ရွှေ့ပြောင်းလာလျက်ရှိရာ ထောင်နှင့်ချီသော ရွှေ့ပြောင်းသူများ ဂျာမနီသို့ ဝင်ရောက်ရန်ကြိုးစားလျက်ရှိသည်။

(ရိုက်တာ)

# မလေးရှား ကမ်းရိုးတန်းတွင် လူ ၁၀၀ ခန့်တင်ဆောင်လာသည့် လှေနစ်မြုပ် လူ ၁၄ ဦးသေဆုံးကာ ၁၅ ဦး ကယ်တင်နိုင်ခဲ့

**ပေါ့သ်ကာလန်(မလေးရှား) စက်တင်ဘာ ၃**

မလေးရှားနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းတွင် စက်တင်ဘာ ၃ ရက် အစောပိုင်းက လူ ၁၀၀ ခန့်တင်ဆောင်လာသော သစ်သားလှေတစ်စင်းနစ်မြုပ်ခဲ့ပြီးနောက် လူ ၁၅ ဦး၏အသက်ကို ယခုချိန်အထိ ကယ်တင်နိုင်ခဲ့ပြီး လူ ၁၄ ဦးမှာ သေဆုံးခဲ့ကြောင်း မလေးရှားရေတပ်အာဏာပိုင်အဖွဲ့က အတည်ပြုပြောကြားသည်။



အဆိုပါ လှေနစ်မြုပ်မှုတွင် အမျိုးသမီးတစ်ဦးအပါအဝင် လူ ၁၅ ဦး၏အသက်ကို ကယ်တင်နိုင်ခဲ့ပြီး အမျိုးသမီး ၁၃ ဦးနှင့် အမျိုးသားတစ်ဦးအပါအဝင် လူ ၁၄ ဦး၏အလောင်းကို ရှာဖွေတွေ့ရှိနိုင်ခဲ့ကြောင်း ရေတပ်အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူ မော့သ်အာလီယားစ်က ပေါ့သ်ကလန်ဆိပ်ကမ်းမြို့တွင် ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အဆိုပါ လှေတိမ်းမှောက်မှု သတင်းကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်ခန့်တွင် မိမိတို့ လက်ခံရရှိပြီး ယင်းသတင်းလက်ခံရရှိခဲ့ချိန်ကတည်းက ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းလုပ်ဆောင်ခဲ့ပြီး ယခုအချိန်အထိ အလောင်း ၁၄ လောင်းကိုဆယ်ယူနိုင်ကာ လူ ၁၅ ဦး၏အသက်ကို ကယ်တင်နိုင်ခဲ့ကြောင်း၊ အဆိုပါ လှေစီးခရီးသည်များမှာ အင်ဒိုနီးရှား ရွှေ့ပြောင်းအလုပ်သမားများဖြစ်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ လှေတိမ်းမှောက်မှုမှာ လှေပေါ်၌ ခရီးသည်များအလွန်ပြည့်ကျပ်နေမှုကြောင့်နှင့် ရာသီဥတု ဆိုးရွားမှုကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူက ထပ်မံပြောကြားသည်။

(ဆင်ဟွာ)

# ဆိုမာလီယာရှိ ငြိမ်းချမ်းရေးထိန်းသိမ်းသူများကို အယ်လ်ရှာဘတ်တို့ တိုက်ခိုက်

**ဆိုမာလီယာ စက်တင်ဘာ ၃**

အကြမ်းဖက် စစ်သွေးကြွများသည် ဆိုမာလီယာအခြေစိုက် အာဖရိကသမဂ္ဂတပ်ဖွဲ့ကို တိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် အစ္စလာမ္မစ် စစ်သွေးကြွ အယ်လ်ရှာဘတ်တို့၏ လက်ချက်ဖြစ်ကြောင်း သိရသည်။ အယ်လ်ရှာဘတ်တို့သည် ငြိမ်းချမ်းရေးထိန်းသိမ်းသူ ၅၀ ကို သတ်ဖြတ်ခဲ့သည်။

မိုဂါဒစ်ရှူးမြို့တောင်ဘက် ကီလိုမီတာ ၈၀ ဝေးသော အဆိုပါနေရာကို စက်တင်ဘာ ၁ ရက်က အကြမ်းဖက်စစ်သွေးကြွများက တရကြမ်းဝင်ရောက်တိုက်ခိုက်ခဲ့သည်။

ပေါက်ကွဲရေးပစ္စည်းများ တင်ဆောင်လာသော ကားတစ်စီးသည် အာဖရိကသမဂ္ဂဌာနသို့ တရကြမ်းဝင်ရောက်ခဲ့ပြီးနောက် ရက်စက်ပြင်းထန်သော တိုက်ခိုက်မှုများ အဆက်မပြတ်ဖြစ်ပေါ်လာခဲ့သည်။



အာဖရိကသမဂ္ဂ တပ်ဖွဲ့မှ ငြိမ်းချမ်းရေးထိန်းသိမ်းသူများမှာ ယူဂန်ဒါမှဖြစ်ကြောင်း သိရသည်။ စစ်သွေးကြွများကပထမပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ပြီး အဆောက်အအုံကို စီးနင်းထားနိုင်သော်လည်း နောက်ဆုံးတွင် တပ်မတော်က ပြန်လည်ထိမ်းချုပ်နိုင်ခဲ့သည်။

အာဖရိကသမဂ္ဂ တပ်ဖွဲ့သည် ယခုအချိန်အထိ သေဆုံးသူစာရင်းကို မထုတ်ပြန်နိုင်သေးပေ။ ယင်းတိုက်ခိုက်မှုတွင် တပ်မတော်ဘက်မှ ၅၀ သေဆုံးပြီး ကျန် ၅၀ခန့်မှာ အကြောင်းမပြန်နိုင်သေးကြောင်း စစ်ဘက်ဆိုင်ရာ သတင်းအရင်းအမြစ်များကို ကိုးကား၍အေအက်ဖ်ပီကဖော်ပြခဲ့သည်။

အယ်လ်ရှာဘတ်တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်လုပ်ရပ်များကို ဆိုမာလီယာနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သောကင်ညာတို့တွင် ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

## ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်သည်ဟု သံသယရှိသူတစ်ဦး အဖမ်းခံရ

**ဗန်ကောက် စက်တင်ဘာ ၃**

ဩဂုတ် ၂၇ ရက်က ဗန်ကောက်မြို့လယ်ကောင်ရှိ ဧရာဝဏ်နတ်ကွန်းကိုပစ်မှတ်ထား ဗုံးခွဲတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သူဟုသံသယရှိသည့် ထိုင်းအမျိုးသားတစ်ဦးကို ထိုင်းအာဏာပိုင်များက နောက်ထပ်ဖမ်းဆီးထိန်းသိမ်းခဲ့သည်ဟု ဒေသဆိုင်ရာမီဒီယာများက ဖော်ပြသည်။

ထိုင်းအာဏာပိုင်များသည် တတိယမြောက်သံသယရှိသူ ကာမာရူဒဲန်ဆာဟို ဆိုသူကို ထိုင်းနိုင်ငံတောင်ဘက် နာရသီဝတ်ပြည်နယ်၊ ဆုန်ဂိုင်ကိုလော့ခ်ခရိုင်တွင် ယနေ့ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းစာက ဖော်ပြသည်။

အဆိုပါ သံသယရှိသူကို စစ်ကြောမေးမြန်းမှုများခံယူရန်အတွက် အာဏာပိုင်များက ဗန်ကောက်မြို့သို့ ခေါ်ဆောင်သွားပြီး စက်တင်ဘာ ၁ ရက်က အမှတ် ၁၁ တပ်မတော်ဌာနချုပ်တွင် ထိန်းသိမ်းထားသည်။ အဆိုပါအမျိုးသားကို စစ်ကြောမေးမြန်းရာတွင် ဧရာဝဏ်နတ်ကွန်းဖြစ်စဉ်နှင့်ပတ်သက်၍ သံသယရှိသူရှစ်ဦးအနက် တစ်ဦးအပါအဝင်ဖြစ်သည့် ဝန်နဆုန်ဆန်နှင့် အဆက်အသွယ်ပြုလုပ်သူဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

ထိုင်းအာဏာပိုင်များသည် ဗန်ကောက်မြို့ရှိ ဧရာဝဏ်နတ်ကွန်းနှင့် ဗန်ကောက်မြစ် ဆိပ်ခံတံတား၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးချိန်ကတည်းက တရားခံများကို လိုက်လံရှာဖွေလျက်ရှိပြီး ဩဂုတ် ၂၉ ရက်က နိုင်ငံခြားသားအမျိုးသားတစ်ဦးကို ဗန်ကောက်မြို့အရှေ့ဘက် ဆင်ခြေဖုံးတွင်လည်းကောင်း၊ နောက်ထပ်သံသယရှိသူ နိုင်ငံခြားသားတစ်ဦးကို နိုင်ငံ၏အရှေ့ဘက် Sa Kaeo ပြည်နယ်တွင်လည်းကောင်း၊ တတိယမြောက်သံသယရှိသူကို နိုင်ငံ၏တောင်ဘက် နာရသီဝတ်ပြည်နယ်၊ ဆုန်ဂိုင်ကိုလော့ခ်ခရိုင်တွင် စက်တင်ဘာ ၁ ရက်ကလည်းကောင်း သံသယရှိသူသုံးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

## ဥရောပသို့ဝင်လာသည့် ရွှေ့ပြောင်းဒုက္ခသည်များအရေးခွဲဝေယူမည်

**ဂျနီဗာ စက်တင်ဘာ ၃**

ဂျာမနီ၊ ပြင်သစ်နှင့် အီတလီတို့သည် အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှ ရွှေ့ပြောင်းအခြေချဒုက္ခသည်များ ဥရောပသို့ အမြောက်အမြား စီးဝင်လာသည့်အရေးနှင့် ပတ်သက်ပြီး ဥရောပသမဂ္ဂသို့ စာတစ်စောင် အတူတကွပေးပို့ခဲ့ကြသည်။ ၎င်းစာတွင် ဖော်ပြပါ ဥရောပသမဂ္ဂအဖွဲ့ဝင်သုံးနိုင်ငံဖြစ်သည့် ဂျာမနီ၊ ပြင်သစ်နှင့် အီတလီတို့သည် ဒုက္ခသည်များအရေးကို အတူတကွခွဲဝေယူရန် ရေးသားဖော်ပြပါရှိခဲ့သည်။

နိုင်ငံသုံးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် ပြင်သစ်သို့ရွှေ့ပြောင်းအခြေချဒုက္ခသည်များ ဝင်ရောက်လာမှုနှင့်ပတ်သက်ပြီး စက်တင်ဘာ ၂ ရက်က ဆွေးနွေးခဲ့ကြသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ဒုက္ခသည်များသာတူညီမျှခွဲဝေမှုနှင့်ပတ်သက်ပြီး တည်ဆဲဥပဒေများအပေါ် ပြန်လည်သုံးသပ်ရန်အတွက် ဝန်ကြီးများက သဘောတူခဲ့ကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီးက ပြောခဲ့သည်။ တည်ဆဲ စည်းမျဉ်းစည်းကမ်းများအရ ရွှေ့ပြောင်း ဒုက္ခသည်များသည် ပထမဆုံး အခြေချသည့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံသို့ သတင်းပို့ရန်နှင့် ၎င်းနောက် မှတ်ပုံတင်ဆောင်ရွက်ရန်ဖြစ်သည်။ သို့သော်လည်း ဒုက္ခသည်အမြောက်အမြားစီးဝင်လာသောကြောင့် အဆိုပါတည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရန်သဘောတူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂသည် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်ထဲရေးဝန်ကြီးများကြား ဒုက္ခသည်များခွဲဝေမှုနှင့်ပတ်သက်ပြီး အရေးပေါ်အစည်းအဝေးတစ်ရပ်ကို စက်တင်ဘာ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ထို့အတူ နိုင်ငံသုံးနိုင်ငံရှိ နိုင်ငံခြားရေးဝန်ကြီးများပေးပို့ခဲ့သည့် စာတစ်စောင်ကိုလည်း ထည့်သွင်းဆွေးနွေးမည်ဖြစ်သည်။

အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှ ရွှေ့ပြောင်းဒုက္ခသည်များ အမြောက်အမြား ဝင်ရောက်လာခြင်းသည် ဥရောပသမဂ္ဂအတွက် ကြီးမားသောစိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်သည်။ (အင်န်အိတ်ချ်ကေ)

▼ ကျောဖုံးမှ

ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် စီးပွားရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများမှာ အချိန်ယူရလွန်းပြီး ရှုပ်ထွေးသဖြင့် ယင်းအချက်များကို ပြုပြင်ပြောင်းလဲ၍ ရင်းနှီးမြှုပ်နှံသူများအားဆွဲဆောင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ထူထောင်လျက်ရှိသော အထူးစီးပွားရေးဇုန်များတွင် ဥပဒေရေးရာ မူဘောင်များနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာစံနှုန်းအတိုင်း ကျင့်သုံးသွားနိုင်မှသာ ကောင်းမွန်လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်အတွင်း တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောဌာန (One Stop Service Centre) သည် အရေးကြီးကြောင်း၊ ယင်းတွင် မလိုအပ်သည့် လုပ်ထုံးလုပ်နည်းများလျှော့ချ၍ လွယ်ကူရှင်းလင်းပြီး မြန်ဆန်သည့်လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးရန် လိုအပ်ပါကြောင်း၊ ယင်းဌာနတွင်တာဝန်ယူသည့် ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များအနေဖြင့်လည်း လိုအပ်သည့် ခွင့်ပြုမိန့်၊ လိုင်စင်စသည်တို့ကို အထက်အဆင့်ဆင့်သို့ ထပ်မံ၍ တောင်းခံနေစရာမလိုဘဲ တစ်နေရာတည်း တစ်ထိုင်တည်းတွင် ပြုလုပ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာက ကျင့်သုံးလျက်ရှိသည့် အထူးစီးပွားရေးဇုန်များရှိ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောဌာန (One Stop Service Centre) များ၏ လုပ်ထုံးလုပ်နည်းများကို မိမိနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်အောင် စံပြုလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures) အဖြစ် ပြုစုပြီးဖြစ်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ပေးရမည့် လုပ်ထုံးလုပ်နည်းများကို ယနေ့ဆွေးနွေးသွားကြရန် ဖြစ်ပါကြောင်း။

အထူးစီးပွားရေး ဇုန်များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာ ပညာရှင်အကြံပေးအဖွဲ့ဖြင့် ရေးဆွဲထုတ်ပြန်ထားသော သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များအတိုင်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်များ၊ ဇုန်အတွင်း နေထိုင်လျက်ရှိသော အိမ်ခြေများ ရွှေ့ပြောင်းမှုကိုလည်း လူမှုဘဝထိခိုက်မှု လေ့လာဆန်းစစ်ချက်များပြုလုပ်ပြီး နိုင်ငံတကာ ထုံးစံနှင့်အညီ ပြန်လည်နေရာချထားရေး အစီအမံများရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအတွက် ပိုမိုကောင်းမွန်သော လူနေမှုအဆင့်အတန်းများ ရရှိစေရန်အတွက်လည်း ကမ္ဘာ့ဘဏ်၏ စံချိန်စံညွှန်းများ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ နည်းဥပဒေများ ထုတ်ပြန်နိုင်ရေး၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၂/၂၀၁၅)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူး စီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဆက်အောင်က သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်နိုင်ရန် မြန်မာ-ဂျပန်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး MOI ကို ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးပြီး စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ ပထမအဆင့်ဇုန်၏ ဟက်တာ ၄၀၀ တွင် အခြေခံအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ကုမ္ပဏီ ၄၅ ခုနှင့် အကြိုသဘောတူစာချုပ်များ ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီ ၃၈ ခုအား ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ရာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၉၉ ဒသမ ၇၆ သန်းရှိခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီကာလတွင် သီလဝါအထူးစီးပွားရေးဇုန် ဖွင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပြီး ပထမဆုံးစက်ရုံမှာ စီးပွားဖြစ်စတင်လည်ပတ်မည်ဖြစ်ကြောင်း၊ စီမံကိန်း ဒုတိယအဆင့် ဟက်တာ ၅၀၀ ခန့်ကိုလည်း ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သော အကြိုလေ့လာရေးများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဟန်စိန်က ထားဝယ်အထူးစီးပွားရေးဇုန်အား မြန်မာနှင့် ထိုင်းနှစ်နိုင်ငံအစိုးရများ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီပြီးနောက်ပိုင်း နှစ်နိုင်ငံပူးတွဲအဆင့်မြင့် ကော်မတီဖွဲ့စည်းကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနှင့်ထိုင်းနိုင်ငံအပြင် အခြားရင်းနှီးမြှုပ်နှံသူများကိုလည်း ဖိတ်ခေါ်ခဲ့သည့်အတွက် ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သော (၇)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်လျက် ထားဝယ်အထူးစီးပွားရေးဇုန်အား မြန်မာ- ထိုင်း- ဂျပန် ပူးပေါင်းအကောင်အထည်ဖော်ရေး MOI ကို လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေး မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးတွင် ကနဦးစီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ခွင့်သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးခင်ဌေးက ကျောက်ဖြူ အထူးစီးပွားရေးဇုန်အနေဖြင့် ရေနက်ဆိပ်ကမ်းကို အခြေပြုကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အဆင့်ဆင့်ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းများ၊ သိုလှောင်သယ်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တင်ဒါရွေးချယ်ခေါ်ယူရေးဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ အဆိုပြုလွှာများကို ဗဟိုလုပ်ငန်းအဖွဲ့မှပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ အကြံပေးအဖွဲ့ဝင်များ၊ လေ့လာစောင့်ကြည့်ရေးလူထုအခြေပြုအဖွဲ့များ၊ လူမှုစီးပွားပတ်ဝန်းကျင်ရေးရာနှင့် အင်ဂျင်နီယာပိုင်း၊ ဥပဒေပိုင်း တတ်သိနားလည်ပညာရှင် ၁၆ ဦးပါသော တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီမှ စိစစ်ရွေးချယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများက အထူးစီးပွားရေးဇုန်များရှိ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောဌာန (One Stop Service Centre)၏ စံပြုလုပ်ထုံးလုပ်နည်းများ(Standard Operating Procedures)နှင့် စပ်လျဉ်း၍ သုံးသပ်အကြံပြု ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်ပြောကြားရာတွင် အထူးစီးပွားရေးဇုန်များက မိမိတို့နိုင်ငံနှင့် ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးနိုင်ရန် အထူးအရေးကြီးပါကြောင်း၊အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်မြင့်မားမှုတို့အတွက် များစွာအထောက်အကူပြုနိုင်ရမည်ဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်များ အောင်မြင်စွာ ပေါ်ထွန်းလာနိုင်ရေးအတွက် လူထုအားပေးထောက်ခံမှုနှင့် ပူးပေါင်းပါဝင်မှု အထူးလိုအပ်ပါကြောင်း၊ တစ်ဦးချင်းအကျိုးစီးပွား၊ ကုမ္ပဏီများ၏ အကျိုးစီးပွားထက် နိုင်ငံနှင့် ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ်ထားပြီး စိတ်ရင်းစေတနာကောင်းဖြင့် အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးညဏ်ထွန်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၃**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချဲယ်အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## တောင်အာဖရိကနိုင်ငံဆိုင်ရာ သံအမတ်ကြီးအား နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွှန့်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ မိုးကြီးမည့်အခြေအနေ

စက်တင်ဘာ ၄ ရက်တွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# မဲရုံမှူးအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပြင် မဲရုံတွင် ဖြစ်လာနိုင်သည့် ပဋိပက္ခများ၊ ပြဿနာများအပေါ်တွင် ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန်လို



**နေပြည်တော် စက်တင်ဘာ ၃**

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ပညာပေးသင်တန်းအမှတ်စဉ်(၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ AEC နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အဓိကတာဝန်ယူလုပ်ဆောင်ကြရမည့်သူများမှာ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များဖြစ်သဖြင့် မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ ပယ်မဲသတ်မှတ်ခြင်း၊ မဲရလဒ်ရေးသွင်းခြင်း၊ စာရင်းဇယားများ၊ မဲလက်မှတ်များ၊ ပစ္စည်းများ ထုပ်ပိုးခြင်း စသည့်လုပ်ငန်းစဉ်များကို နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များကို သိရှိနားလည်ပြီး ကျွမ်းကျွမ်းကျင်ကျင်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် မဲရုံမှူးအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပြင် မဲရုံတွင် ဖြစ်လာနိုင်သည့် ပဋိပက္ခများ၊ ပြဿနာများအပေါ်တွင်လည်း ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် လိုအပ်ကြောင်း။

မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တိုင်းသည် ကိုယ်စီတာဝန်ကိုသိရှိပြီး မိမိလုပ်ဆောင်ရမည့်လုပ်ငန်း၏ ရည်ရွယ်ချက်ကိုလည်း သိရှိရန်လိုကြောင်း၊ ရည်ရွယ်ချက်ကိုသိမှ မိမိတာဝန်ကို တိတိကျကျဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မဲရုံဝင်ပေါက်တွင် မဲဆန္ဒရှင်လက်ချောင်းများအား စစ်ဆေးရာတွင် မင်တို့သည့်အခါ မင်မစွဲအောင် Coating တစ်ခုခု လုပ်ထားခြင်းရှိ/မရှိကို စစ်ဆေးခြင်း၊ လက်ချောင်းတွင် မင်တို့ခြင်းသည် တစ်ဦးတည်းက နှစ်ကြိမ်မဲမပေးနိုင်စေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်ပါမှ မဲပေးခွင့်ပြုမည်မဟုတ်ဘဲ မှတ်ပုံတင်သော်လည်းကောင်း၊ သက်သေအထောက်အထားတစ်ခုခုသော်လည်းကောင်း ပြသနိုင်ပါကလည်း မဲပေးခွင့်ပြုခြင်း၊ ထို့အပြင် မည်သည့် သက်သေခံကတ်မှ မပါသော်လည်း မဲစာရင်းတွင် ချွတ်ချော်မှားယွင်းမှုရှိသော်လည်း မဲဆန္ဒရှင်မှန်ကန်ကြောင်း ထောက်ခံပြောကြားသူရှိလျှင် ပုံစံ(၁၂) ဖြင့် မှတ်တမ်းပြု၍ မဲပေးခွင့်ပြုခြင်း စသည်တို့ကို သိရှိထားရန်လိုကြောင်း။

ပွင့်လင်းမြင်သာမှုရှိခြင်းနှင့်စပ်လျဉ်း၍ ကြိုတင်မဲပေးသူစာရင်းများ မဲရုံတွင် ကပ်ထားရန်၊ မဲရေတွက်သည့်အခါ ကြိုတင်မဲကို ဦးစွာရေတွက်ရန်၊ မဲလက်မှတ်များအား အသိသက်သေများ ကြည့်ရှုသူများကို ပြသရန်၊ မဲရလဒ်များကို မဲရုံတွင် ကပ်ထားကြေညာရန်၊ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များနှင့် မီဒီယာများကို ကြည့်ရှုလေ့လာခွင့်ပြုထားသည်ကို သိရှိပြီး လိုက်နာဆောင်ရွက်တတ်စေရန်၊ မဲပေးစဉ်ကာလတွင် လျှို့ဝှက်မဲပေးမှုကို မထိခိုက်စေရန် ထိန်းသိမ်းဆောင်ရွက်ရေး စသည်တို့ကိုလည်း သင်ကြားပေးရန် လိုအပ်ကြောင်း။

ရွေးကောက်ပွဲနေ့တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများသည် ပညာရေးမှ ဆရာ၊ ဆရာမများဖြစ်သည့်အတွက် ရွေးကောက်ပွဲကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြဲထိတွေ့ ဆောင်ရွက်နေကြသူများ မဟုတ်ကြောင်း၊ ၂၀၁၅ ရွေးကောက်ပွဲ၌ တာဝန်ပေးမည့် ဆရာ၊ ဆရာမများထဲတွင် ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများမှ အတွေ့အကြုံရှိသူများ ပါနိုင်သကဲ့သို့ အတွေ့အကြုံမရှိသူများလည်း ပါဝင်နိုင်ကြောင်း၊ သင်တန်းပေးသည့်အခါတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လက်စွဲပါ လမ်းညွှန်ချက်များအတိုင်း ကျွမ်းကျွမ်းကျင်ကျင်လုပ်ဆောင်နိုင်ရေးအတွက် သင်ကြားပေးရန် လိုအပ်ကြောင်း၊ လက်တွေ့ဆောင်ရွက်နိုင်မှု ရှိ/ မရှိကိုလည်း လေ့ကျင့်ပေးရန်လိုကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို ကျေကျေညက်ညက် သိရှိနားလည်ထားမှသာ လုပ်ငန်းပိုင်းတွင် တိတိကျကျဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင်လည်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသာမက မဲဆန္ဒရှင်ပြည်သူများကိုလည်း အသိပညာပေးရန်လိုကြောင်း၊ သို့မှသာ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း။

သင်တန်းသို့ တက်ရောက်လာကြသည့် နည်းပြလုပ်မည့်သူများအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များလက်စွဲပါ အချက်အလက်များအပေါ် သေသေချာချာ ဂဃနဏရှင်းရှင်းလင်းလင်း သိရှိထားမှသာ ပြန်လည်သင်ကြားပို့ချသည့်အခါ ထိထိရောက်ရောက် သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်ကြားပို့ချမှုများအပေါ် အလေးအနက်ထားသင်ယူပြီး မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးသင်ယူသွားကြရန် ပြောကြားသည်။

၄င်းနောက် Australia Election Commission မှ Ms. Robyn Whitney က သင်တန်းပို့ချရခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များအား စနစ်တကျနှင့် တိတိကျကျသင်ကြားပို့ချပေးစေလိုသော ဆန္ဒကို နားလည်ပါကြောင်း၊ ကော်မရှင်၏ ရည်မှန်းချက်များကို အတူတကွ အကောင်အထည်ဖော်ခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဤသင်တန်းသည် ကော်မရှင်၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဆင့်ပွားသင်တန်းပို့ချရာတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

## ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အသိပေးချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၅၃/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်**
**(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)**
**ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့်**
**မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အသိပေးချက်ထုတ်ပြန်ခြင်း**

၁။ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားပြီး သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးက လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်အတည်ပြုကြေညာသည့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မဲဆွယ်စည်းရုံးမှုများပြုလုပ်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတမှုရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁-၇-၂၀၁၄ ရက်စွဲပါ ညွှန်ကြားချက်အမှတ်(၁/၂၀၁၄)ကို ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့အပြင် နိုင်ငံရေးပါတီများအားလုံး၏ သဘောတူညီချက်ဖြင့် ရေးဆွဲထားသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct for political parties and candidates) ကို ၂၆-၆-၂၀၁၅ ရက်နေ့တွင် သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ တာဝန်ရှိပုဂ္ဂိုလ်များက လက်မှတ်ရေးထိုး၍ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ (၈-၉-၂၀၁၅ ရက်နေ့ နံနက် ၀၆:၀၀ နာရီမှ ၆-၁၁-၂၀၁၅ ရက်နေ့ ည ၁၂:၀၀ နာရီအထိ) ခွင့်ပြုပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများသည် လွတ်လပ်၍ တရားမျှတသော၊ အေးချမ်းသာယာသော ရွေးကောက်ပွဲများဖြစ်စေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို အထက်ပါညွှန်ကြားချက်အမှတ်(၁/၂၀၁၄) သို့မဟုတ် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်နှင့်အညီ လိုက်နာ၍ မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း ပယ်ဖျက်ခြင်း အယူခံမှုများ ကြားနာစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စစ်ဆေးကြားနာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်နှစ်ဦးတို့သည် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းစိစစ်ခြင်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်မှ ပယ်ဖျက်ခဲ့သော ချင်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်မိုင်စုစုလှိုင်နှင့် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်မှ ပယ်ဖျက်ခဲ့သည့် လားဟူတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးယောသပ်တို့မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းလာသည့် အယူခံမှုများအပေါ် ယနေ့ မွန်းလွဲ ၁ နာရီတွင် စစ်ဆေးကြားနာသည်။

စစ်ဆေးကြားနာရေးအဖွဲ့သည် အယူခံပုဂ္ဂိုလ်နှစ်ဦးနှင့် သက်ဆိုင်သည့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများ၏ လျှောက်ထားချက်များအား ကြားနာခဲ့ပြီးနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ရုံးတော် သဟာယ၏အကြံပြုချက်နှင့်အတူ တွေ့ရှိချက်၊ သုံးသပ်ချက်တို့အား အစီရင်ခံတင်ပြခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအဖွဲ့မှ ၎င်းတို့နှစ်ဦးအား သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံနိုင်ရန်ခွင့်ပြုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ အရိုးဆရာဝန်များ ညီလာခံကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့၏ (၄၇)ကြိမ်မြောက် မြန်မာနိုင်ငံ အရိုးဆရာဝန်များညီလာခံ (47th Myanmar Orthopaedic Society Annual Scientific Meeting) ကို ၁-၁၀-၂၀၁၅ ရက်မှ ၄-၁၀-၂၀၁၅ ရက်ထိ ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star Hotel တွင် ကျင်းပမည်ဖြစ်ပြီး သင်းလုံးကျွတ်ညီလာခံအမှုဆောင်သစ် ရွေးချယ်ပွဲရှိပါ၍ မြန်မာနိုင်ငံ အရိုးဆရာဝန်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

# နိုင်ငံအသီးသီးတွင်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်များ၏ ရည်ရွယ်ချက်မှာ မိမိနိုင်ငံ၏အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် လေ့ကျင့်ပေးသည့် ကျောင်းများဖြစ်



**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်၏ ရည်ရွယ်ချက်သည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေးစသည့် အတွေးအခေါ်များကို လေ့ကျင့်ပေးရန်ဖြစ်ကြောင်း၊ ကာကွယ်ရေးသက်သက် မဟုတ်ကြောင်း၊ နိုင်ငံအသီးသီးတွင်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်များ၏ ရည်ရွယ်ချက်မှာလည်း မိမိနိုင်ငံ၏အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် လေ့ကျင့်ပေးသည့် ကျောင်းများဖြစ်သည်ဟု ယုံကြည်ထားပါကြောင်း၊ ကျောင်းများ၏ ရည်ရွယ်ချက်တူညီသဖြင့် အခြားနိုင်ငံများရှိ ကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ကောင်းမွန်သည့်ရလဒ်များဖြင့် ဒေသတွင်းနိုင်ငံများ၏ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် အာဆီယံဒေသကာကွယ်ရေးဆိုင်ရာတက္ကသိုလ်၊ ကောလိပ် အဖွဲ့အစည်းများ၏ ကျောင်းအုပ်ကြီးများ အစည်းအဝေး (19th ASEAN Regional Forum-Heads of Defence Universities, Colleges and Institutions Meeting-19th ARF-HDUCIM) တက်ရောက်ခဲ့ကြသည့် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီးများအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မျိုးမိုးအောင်၊ 19th ARF-HDUCIM သို့ တက်ရောက်ခဲ့ကြသည့် အိန္ဒိယ၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ လာအို၊ မလေးရှား၊ မွန်ဂိုလီးယား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ရုရှား၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ တီမောလက်စ်တေ၊ အမေရိကန်နှင့် ဗီယက်နမ် နိုင်ငံများမှ ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသတွင်းနိုင်ငံအားလုံး၏ တူညီသောရည်ရွယ်ချက်မှာ တည်ငြိမ်အေးချမ်းစွာဖြင့် မိမိတို့ရင်ဆိုင်နေရသော ပြဿနာများကို ကျော်လွှားနိုင်ရန်ဖြစ်သည်ဟု ခံယူထားပါကြောင်း၊ နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ ရှင်သန်မှုနှင့်အချုပ်အခြာ အာဏာပိုင်ဆိုင်မှုအတွက် ကာကွယ်ပိုင်ခွင့်ရှိကြောင်း၊ သို့သော်နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုရှိရန်လိုအပ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို မှန်ကန်စွာချမှတ်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်များက မှန်ကန်သည့် လမ်းကြောင်းပေါ်မှ လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲတွင် ပါဝင်သည့် ကျောင်းများအားလုံး ပူးပေါင်းဆောင်ရွက်ရေးမှာ ကောင်းမွန်သည့် ဆွေးနွေးချက်ဖြစ်၍ကြိုဆိုပါကြောင်း။

နေရာအသီးသီးတွင် ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များ၊ လူသားများ ရင်ဆိုင်နေရသည့် ဘေးဒုက္ခများကို ကျော်လွှားနိုင်ရန် တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ ပူးပေါင်းလေ့ကျင့်ခြင်းများလိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံအားလုံးနှင့်ချစ်ခင်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများတွင် ယုံကြည်စွာဆောင်ရွက်ရန် လမ်းဖွင့်ထားပါကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့်လည်း အဆိုပါလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အမြဲကြိုးစားဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်များ၏ ပူးပေါင်းဆောင်ရွက်မှုများသည် ကမ္ဘာကြီး၏ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူပြုနိုင်ရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံမှ Lt. Gen. Navkiran Sinch Ghei ၊ ဩစတြေးလျနိုင်ငံမှ Brigadier Peter Gates၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Maj.Gen.Sajjadul Haque နှင့် ရုရှားနိုင်ငံမှ Maj.Gen.Vladimir Suvorov တို့က 19th ARF-HDUCIM တွင် ဆွေးနွေးခဲ့မှုများနှင့် နှုတ်ခွန်းဆက်စကားများ ပြန်လည်ပြောကြားကြသည်။ **(မြဝတီ)**

# အာဆီယံဒေသကာကွယ်ရေးဆိုင်ရာ တက္ကသိုလ်၊ ကောလိပ် ကျောင်းအုပ်ကြီးများ ဂုဏ်ပြုညစာစားပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ (၁၉) ကြိမ်မြောက် အာဆီယံဒေသကာကွယ်ရေးဆိုင်ရာ တက္ကသိုလ်၊ ကောလိပ် အဖွဲ့အစည်းများ၏ ကျောင်းအုပ်ကြီးများ အစည်းအဝေး (19th ASEAN Regional Forum-Head of Defence Universities, Colleges and Institutions Meeting) တက်ရောက်ခဲ့သည့် ကျောင်းအုပ်ကြီးများအား ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သည်။ **(အောက်ပုံ)**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မိုးမြင့်ထွန်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မျိုးမိုးအောင်၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တီမော၊ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ရုရှား၊ မွန်ဂိုလီးယား၊ အမေရိကန်၊ ဩစတြေးလျ စသည့်နိုင်ငံများမှ ကျောင်းအုပ်ကြီးများနှင့် ကိုယ်စားလှယ် အဖွဲ့များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး (၁၉) ကြိမ်မြောက် အာဆီယံဒေသကာကွယ်ရေးဆိုင်ရာ တက္ကသိုလ်၊ ကောလိပ် အဖွဲ့အစည်းများ၏ ကျောင်းအုပ်ကြီးများအစည်းအဝေး တွဲဖက်ဥက္ကဋ္ဌ အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Navkiran Singh Ghei က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် (၁၉) ကြိမ်မြောက် အာဆီယံဒေသကာကွယ်ရေးဆိုင်ရာ တက္ကသိုလ်၊ ကောလိပ် အဖွဲ့အစည်းများ၏ ကျောင်းအုပ်ကြီးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

ထိုသို့ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းနှင့် အကများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**






■ *ကျောဖုံးမှ*

လိုအပ်နေတဲ့ကျောင်းတွေ ရှိနေပါတယ်။ အဲဒီအတွက်ကိုလည်း အသစ်တည်ဆောက်ခြင်းနဲ့ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းတွေလုပ်ဖို့ နိုင်ငံတော်က စီစဉ်နေတယ်။ ဒါ့အပြင် ပုဂ္ဂလိကကုမ္ပဏီတချို့ကလည်း ကျောင်းတွေဆောက်လုပ်လှူဒါန်းဖို့ ကမ်းလှမ်းထားတာရှိနေပါတယ်”ဟု ဦးအောင်ကျော်ထွန်းက ပြောသည်။

အဆိုပါတိုင်းဒေသကြီးအတွင်း၌ ဩဂုတ်လ ပထမပတ်က ဧရာဝတီနှင့် ငဝန်မြစ်ရေမြင့်တက်ခဲ့မှုကြောင့် လူနေအိမ်များနှင့် အခြေခံပညာကျောင်းများ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

ယခုအခါ ရေများပြန်လည်ကျဆင်းနေပြီဖြစ်သဖြင့် ရေနစ်မြုပ်ခဲ့သည့်ကျောင်းပေါင်း ၅၄၆ ကျောင်းအနက်မှ ၁၃၆ ကျောင်းကို ကျပ် ၈၂၃ ဒသမ ၂၂ သန်း အကုန်ကျခံ၍ အသစ်တည်ဆောက်ခြင်းနှင့် ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန် စီစဉ်နေကြောင်း ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

“အခုစပြီးပြင်ဆင်ဖို့လုပ်နေပါပြီ။ Asia World ကုမ္ပဏီကလည်း ကျောင်းခြောက်ကျောင်းကို အသစ်ဆောက်လုပ်လှူဒါန်းသွားဖို့ လောလောဆယ် သဘောတူထားပါတယ်။ အဲဒီအတွက်လည်း ဩဂုတ် ၂၈ရက်က ကွင်းဆင်းစစ်ဆေးမှုတွေ လုပ်ခဲ့ပြီးပါပြီ။ ကျန်တဲ့ကျောင်းတွေအတွက်ကိုတော့ သက်ဆိုင်ရာက တစ်ဆင့်စီစဉ် ဆောင်ရွက်နေပါတယ်။ အလှူရှင်တွေလည်း လိုအပ်နေပါတယ်”ဟု ဦးအောင်ကျော်ထွန်း ကဆက်လက်ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုသိမ်၊ ဟင်္သာတ၊ မအူပင်၊ မြောင်းမြခရိုင်တို့အတွင်းရှိ ကျောင်းများ ပါဝင်ပြီး ပြန်လည်ပြုပြင်ရန် ကျောင်း ၁၁၀ နှင့် အသစ်ပြန်လည်တည်ဆောက်ရန် ၂၆ ကျောင်းရှိကြောင်း သိရသည်။

# ရေဘေးသင့်ပြည်သူများတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ပစ္စည်းများဆက်သွယ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၃**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီသို့ နိုင်ငံ/ အဖွဲ့အစည်းများက ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် ထောက်ပံ့ကူညီနိုင်ရေး ဆက်သွယ်ဆောင်ရွက်လျက်ရှိရာ ရေဘေးသင့်ပြည်သူမိသားစု ၉၀၀တို့ သောက်သုံးနိုင်မည့် သောက်ရေသန့်ပစ္စည်း အစုံ ၉၀၀ အား လွှဲပြောင်းပေးရန်နှင့် သုံးစွဲပုံသရုပ်ပြသရန်အတွက် ကနေဒါနိုင်ငံ တိုရွန်တိုမြို့ အခြေစိုက် David McAntony Gibson အောက်ရှိ Global Medic တာဝန်ရှိသူ သုံးဦးသည် စက်တင်ဘာ ၄ ရက်မှ ၁၈ ရက်ထိ မြန်မာနိုင်ငံသို့ လာရောက်မည် ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ BBC BAN CHUAN SDN.BHD ကုမ္ပဏီမှ မြန်မာနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် အစားအသောက်၊ အဝတ်အထည်နှင့် ဆေးဝါးများပါဝင်သည့် စက္ကူကတ်ထူပုံး စုစုပေါင်း ၈၂ ပုံးကို မြန်မာသံရုံး ကွာလာလမ်ပူမြို့သို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ချင်းတွင်းမြစ်ရေမြင့်တက် ရေဘေးကြုံတွေ့ရသော ဒေသခံများအား ပြောင်းရွှေ့

**ဟုမ္မလင်း စက်တင်ဘာ ၃**

စက်တင်ဘာ ၃ ရက်က ဟုမ္မလင်းမြို့နယ်၌ ချင်းတွင်းမြစ်ရေ ဆက်လက်မြင့် တက်လာမှုကြောင့် ကောယားအုပ်စု မြေနိမ့်ပိုင်းတွင် ရေဝင်ရောက်မှုကြောင့် ကောယားကျေးရွာ အိမ်ထောင်စု ၄၂ စုကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း၊ ခေါ်ကြူဝကျေးရွာ အိမ်ထောင်စု ၃၀ ကို ဘုန်းကြီးကျောင်း၌လည်းကောင်း၊သောင်သွပ်ကျေးရွာအုပ်စုရှိ အိမ်ထောင်စု ငါးစုမှာ ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းသို့လည်းကောင်း၊ နန်းသညစ်ကျေးရွာတွင် ရေဝင်ရောက်မှုကြောင့် လူများပြောင်းရွှေ့ရခြင်းမရှိသော်လည်း ကျွဲ၊ နွားများကို နောင်ကင်းနားကျေးရွာအုပ်စုသို့ ပြောင်းရွှေ့ပေးခြင်း၊ လောင်မင်းကျေးရွာအုပ်စု ညောင်သာယာကျေးရွာ၌ အိမ်ထောင်စု ၄၉ စုကို ရွှေလောင်းဘုရားရှိ ဇရပ်နှင့်အမကကျောင်းသို့လည်းကောင်း၊ ဟုမ္မလင်းရပ်ကွက်တွင် အိမ်ထောင်စု နှစ်စုကို မြို့မကျောင်းတွင် နေရာချထားပေးကြောင်း၊ ညောင်ပင်သာကျေးရွာအုပ်စုအတွင်း ရေများဝင်ရောက်ပြီး အိမ်ထောင်စု ၂၀ ကို ညောင်ပင်သာဘုန်းတော်ကြီးကျောင်းနှင့် အမကကျောင်းများတွင် ပြောင်းရွှေ့ နေရာချထားကြောင်း၊ ယက်ဖကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၂၅ စုကို စာသင်ကျောင်းသို့ ပြောင်းရွှေ့နေရာ ချထားပေးလျက်ရှိကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**



သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအတွက် လူဦးရေ လေးဦးမှ ခုနစ်ဦးအထိ နေထိုင်နိုင်သော အလျား ၁၂ပေ ၊ အနံ ၁၀ပေ၊ အမြင့် ၇ပေရှိ ယာယီမိုးကာတဲ နမူနာထိုးထားသည်ကိုတွေ့ရစဉ်။

ဂျူနိုင်း

# ရေဝင်သည့် နေအိမ်များကို အိမ်တိုင်ရာရောက်သွားရောက်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဖားကန့် စက်တင်ဘာ ၃**

စက်တင်ဘာ ၂ ရက် နံနက်က မိုးရေချိန် (၀ ဒသမ ၃၂)လက်မ ရွာသွန်းသော်လည်း ရေတက်လာခြင်း မရှိကြောင်း၊ နံနက် ၈ နာရီတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များဖြင့် အလက (မရှိကထောင်) စာသင်ခန်းများမှ ရွှံ့နွံများ၊ ငှက်ပျောတော လမ်းမကြီးပေါ်ရှိ ရွှံ့နွံများ ဆေးကြောပေးခြင်းနှင့် ကြိုးတံတားရှိ အမှိုက်များ ဖယ်ရှားခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ငှက်ပျောတော၊ မရှိကထောင်၊ မြို့မ၊ အေးမြသာယာ ရပ်ကွက်တို့မှ ရေဝင်သည့်နေအိမ်များသို့ ထမင်းထုပ် ၂၀၀၀ နှင့် ရေသန့်ဘူးများကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုကူညီရေးအသင်းများဖြင့် အိမ်တိုင်ရာရောက် ဝေငှခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ် ကျောက်မျက်လုပ်ငန်းရှင်များအသင်းက ရေကြီးမှုနှင့်ပတ်သက်၍ လိုအပ်သော ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန် ငွေကျပ် သိန်း ၁၀၀ လှူဒါန်းခဲ့ပြီး ကမ္ဘောဇဘဏ်မှ ငွေကျပ် ၁၀ သိန်းနှင့် နေ့လယ်စာ ထမင်းထုပ်များ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညနေ ၄ နာရီတွင် ငှက်ပျောတော၊ မရှိကထောင်၊ မြို့မ၊ အေးမြသာယာရပ်ကွက်တို့မှ ရေဝင်သည့် နေအိမ်များသို့ ထမင်းထုပ် ၂၀၀၀ နှင့် ရေသန့်ဘူးများကို သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုကူညီရေးအသင်းများဖြင့် အိမ်တိုင်ရာရောက် ဝေငှထားရှိပြီး ဖြစ်ကြောင်း သိရှိရသည်။

**(ဖားကန့် ပြန်/ဆက်)**



# ကြံခင်းမြို့နယ်တွင် ရေဘေးသင့်ပြည်သူများသို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ လှူဒါန်းပေးအပ်

**ကြံခင်း စက်တင်ဘာ ၃**

ကြံခင်းမြို့ ရေဘေးသင့်သူများ စောင့်ရှောက်ရေးစခန်းအသီးသီးမှ နေရပ်သို့ပြန်လည်ရောက်ရှိကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြသည့် ရေဘေးသင့်ခံခဲ့ကြရသော ပြည်သူများအတွက် ရန်ကုန်မြို့မှ ဒေါက်တာအောင်ကျော်ဆန်း ဦးဆောင်သော HORIZON INTERNATIONAL SCHOOLS (MYANMAR) အဖွဲ့ အလှူရှင်များက ငွေကျပ် ၈၄ သိန်းခန့်တန်ဖိုးရှိ ဆန်၊ ဆီ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်း ရှစ်မျိုးပါ ကတ်ထူပါကင်ပုံး ၆၀၀ ကို ဩဂုတ် ၂၃ ရက်က လာရောက်ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးမြင့်လွင်နှင့်အဖွဲ့က ရွှေပြည်အေး ၁၁ ထပ်ဘုရားဝင်းအတွင်း၌ လက်ခံယူခဲ့ပြီး အလှူရှင်များသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **(ဝ၆၉)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၃**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့တွင် တောင်ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသည့် Mineral Water(ရေသန့်) စုစုပေါင်းကုန်တန်ချိန် (1919 Kg)အား ကိုရီးယားလေကြောင်းလိုင်းဖြင့် ပို့ဆောင်ခဲ့ရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများထံသို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မုတ်သုံလေအားအသင့်အတင့်ရှိမည်

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေအားအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# ဖောင်းပြင်မြို့တွင် ချင်းတွင်းမြစ်ရေစိုးရိမ်ရေအမှတ်ကျော်လွန်

**ဖောင်းပြင် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေသည် မော်လိုက်ခရိုင် ဖောင်းပြင်မြို့တွင် စက်တင်ဘာ ၃ ရက်က မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏နံနက် ၆ နာရီ တိုင်းထွာထုတ်ပြန်ချက်အရ မြို့၏စိုးရိမ်ရေအမှတ် ၁၃၂၅ စင်တီမီတာအထက် ၁၃စင်တီမီတာသို့ရောက် ရှိခဲ့သဖြင့် မြို့၏ ရေနိမ့်ပိုင်းရှိရပ်ကွက်အတွင်းရှိ နေအိမ်များသို့ရေများဝင်ရောက်ခဲ့သည်။ မွန်းတည့် ၁၂ နာရီတွင် စိုးရိမ် ရေအမှတ်အထက် ၃၅ စင်တီမီတာသို့ ရောက်ရှိလာသဖြင့် မြို့လယ်ရှိ ဗိုလ်အောင်ကျော်လမ်း မြို့နယ်လျှပ်စစ်ရုံးရှေ့တွင် ရှေ့တန်းရေဘေးကယ်ဆယ်ရေးစခန်းရုံး ဖွင့်လှစ်ထားရှိပြီး တောင်ဖီလာဘုန်းကြီးကျောင်းနှင့် ဖောင်းပြင် မြို့နယ်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရုံးတွင် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး ရေနိမ့်ပိုင်းရှိအိမ်ထောင်စု ၁၀ စုမှ လူဦးရေ ၄၈ ဦးကို ရေလွတ်ရာကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့ပေးခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများကလည်း မြို့ပေါ်ရှိရပ်ကွက်များနှင့်ရေနိမ့်ပိုင်းရှိအုပ်စုကျေးရွာများသို့သွားရောက်၍ရေဘေးသင့်ပြည်သူများနှင့်ကျွဲ၊ နွားတိရစ္ဆာန်များကို ရေလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖောင်းပြင်(ပြန်/ဆက်)**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ရေဘေးသင့်ပြည်သူများ၏ ပစ္စည်းများအား ရေလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေး ကွင်းဆင်းဆောင်ရွက်စဉ်။**

# ရေဘေးကယ်ဆယ်ရေးနှင့် ရေယာဉ်ရေချခြင်းလုပ်ငန်းများ သီပေါ၌ သရုပ်ပြလေ့ကျင့်

**သီပေါ စက်တင်ဘာ ၃**

ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင်အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် အမြန်ရေယာဉ်ကို ဒုဌဝတီမြစ်အတွင်း စမ်းသပ်သရုပ်ပြ လေ့ကျင့်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ဈေးရပ်ကွက် ဒုဌဝတီမြစ်အတွင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်နှင့် ကော်မတီသုံးရပ်မှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝင်းသောင်းနှင့် မီးသတ်ရဲဘော်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါစက်လှေများ၌ ရှာဖွေကယ်ဆယ်ရေးသုံးအသက်ချူကိရိယာများ၊ ရေပြင် အသက်ကယ်လုပ်ငန်းများ၊ ခေတ်မီဆက်စပ်ပစ္စည်းများ ပါဝင်၍ လူ ၁၀ ဦးနှင့် ၁၅ ဦးတင်ဆောင်နိုင်သည့်စက်လှေများဖြစ်ကာ တစ်စင်းလျှင် အမေရိကန် ဒေါ်လာ ၁၆၀၂၉ ဒေါ်လာတန်ဖိုးရှိပြီး Fiber Glass အမျိုးအစားများဖြစ်သည်။ မြင်းကောင်ရေ 40-HP ရှိပြီး လောင်စာဆီ၊ သာမန်ဓာတ်ဆီနှင့် အောက်တိန်း 90 -RON အသုံးပြုနိုင်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းသောင်းက ပြောပြသည်။



တရုတ်ပြည်သူ့ သမ္မတနိုင်ငံက မီးသတ်ဦးစီးဌာနသို့လှူဒါန်းသည့် အမြန်ရေယာဉ်အစင်း ၁၀၀ အနက် ရှမ်းပြည်နယ်အတွက် ရှစ်စင်းပေးပို့လှူဒါန်းခဲ့ခြင်းဖြစ်ပြီး သီပေါမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေးတပ်စုအနေဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ စုစုပေါင်း ၃၅ ဦးဖြင့် ဖွဲ့စည်းထားရှိကာ ရေဘေးကြုံတွေ့လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ရေဘေးအကူအညီအတွက် Visa က အလှူငွေပေးအပ်

**ရန်ကုန် စက်တင်ဘာ ၃**

အီလက်ထရွန်နစ် ငွေပေးချေရေးဝန်ဆောင်မှုနည်းပညာကုမ္ပဏီ Visa သည် ဆိုင်ကလုန်းမုန်တိုင်း ကိုမန်ကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများကို အကူအညီပေးရန်အတွက် ငွေကျပ်သိန်း ၃၂၀ ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ဆင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ရေဘေးသင့်ဒေသမှာ ရှိတဲ့ပြည်သူတွေနဲ့ ထပ်တူခံစားရပါတယ်။ ဒါကြောင့် Visa အနေနဲ့ လူမှုအသိုက်အဝန်းအတွက် လိုအပ်တဲ့ ကူညီမှုတွေ ပံ့ပိုးမှုတွေပြုလုပ်သွားဖို့ စိတ်ပိုင်းဖြတ်ထားခဲ့ပြီး ယခုလို လှူဒါန်းဖြစ်ခဲ့တာပါ" ဟု Visa Myanmar ၏ Country Manager ဖြစ်သူ Hiro Taylor က ပြောကြားသည်။

Visa အနေဖြင့် ယခုလှူဒါန်းခဲ့သည့် ငွေအပြင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းနှင့် လခြမ်းနီအသင်း၏ ဝက်ဘ်ဆိုက်ဖြစ်သော www.ifrc.org မှတစ်ဆင့် ကမ္ဘာတစ်ဝန်းမှ ၎င်း၏ဝန်ထမ်းများ လှူဒါန်းမှုတိုင်း၏ နှစ်ဆကိုလည်း လှူဒါန်းမှုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မွန်းဦးနဒီ**

## ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

### လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
### ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် စက်တင်ဘာ ၃ ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၉၉၂ | ၃၀၃၄၈ | ၁၅၆၆၃ | ၁၂၇၉၁ | ၆၆၆၃ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၉၁၁၇ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၄၀၈ | ၅၈၉၃၉ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၇၇၈၁၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၃၀၃၁ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၇၆၉၄၁ | ၅၆၄၈၆ | ၈၂၇၉ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၄ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၅၇၄၁၂ | ၂၅၁၆၉၉ | ၂၀၉၈၉၈ | ၁၄၉၂၀ |
| | စုစုပေါင်း | ၁၄၅၆၆၁၃ | ၁၃၈၃၅၉၄ | ၁၁၀၉၈၈၆ | ၈၄၂၆၁၀ | ၃၉၆၃၄၂ |

# ရှာဖွေကယ်ဆယ်ရေးသုံးစက်လှေဖြင့် သရုပ်ပြလေ့ကျင့်

**ညောင်ရွှေ စက်တင်ဘာ ၃**

ရှာဖွေကယ်ဆယ်ရေးသုံးစက်လှေဖြင့် မီးငြိမ်းသတ်ခြင်းနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသရုပ်ပြလေ့ကျင့်ခြင်း ကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့ နမ့်ကပ်ချောင်းအတွင်း လေ့ကျင့်ခဲ့ကြောင်း သိရသည်။

ရှာဖွေကယ်ဆယ်ရေးသုံးစက်လှေနှစ်စင်းဖြင့် တောင်ကြီး၊ ညောင်ရွှေ၊ ရပ်စောက်၊ ကလော၊ လွိုင်လင်၊ ရွှေညောင်၊ ဟဲဟိုးမြို့များမှမီးသတ်တပ်ဖွဲ့ဝင်များက အပေါ့စားမီးသတ်စက်ဖြင့် မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်၊ ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **နေမျိုးသူရိန်**



# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၃

**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၃. ၈၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၄၀' |
| ၃။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၃၀' |
| ၄။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၄၀' |
| ၅။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၀. ၈၅' |
| ၆။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၃၀' |
| ၇။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၀. ၉၀' |
| ၈။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၂. ၂၀' |
| ၉။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၈၀' |
| ၁၀။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |
| ၁၁။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁၂။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၅၀' |
| ၁၃။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၀. ၉၀' |
| ၁၄။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၁၅။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၈၀' |
| ၁၆။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၃၀' |
| ၁၇။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၄၈' |
| ၁၈။ | စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၁၉။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၀။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၅၀' |
| ၂၁။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၁၀' |
| ၂၂။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၇၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၂၃။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၀. ၄၀' |
| ၂၄။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၃၀' |
| ၂၅။ | အဇင်းဆည် | ၁၅၄၂၇ | ၀. ၁၀' |
| ၂၆။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၁. ၃၀' |
| ၂၇။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၂. ၁၀' |
| ၂၈။ | ရဟိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၂၉။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၂၀' |
| ၃၀။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၅၅' |
| ၃၁။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၀' |
| ၃၂။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၆၀' |
| ၃၃။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၆၀' |

(သတင်းစဉ်)

# အမ်ပီတီမိုဘိုင်းဖုန်းသုံးစွဲသူ ပြည်သူများက SMS ဖြင့် ပေးပို့ခဲ့ကြသည့် အလှူငွေများလွှဲပြောင်း

**နေပြည်တော် စက်တင်ဘာ ၃**

ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် သဘာဝဘေးသင့် ပြည်သူများအတွက် အမ်ပီတီ မိုဘိုင်းဖုန်းသုံးစွဲသူ ရဟန်းရှင်လူပြည်သူများက SMS ဖြင့် ပေးပို့ခဲ့ကြသည့် အလှူငွေများ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပရာ ရှေးဦးစွာ MPT C.E.O ဖြစ်သူ Mr. Takashi Nagashima က ရှင်းလင်းပြောကြားပြီး အမ်ပီတီ မိုဘိုင်းဖုန်းသုံးစွဲသူ ရဟန်းရှင်လူ မိဘပြည်သူများက SMS ဖြင့် ပေးပို့ခဲ့ကြသည့် မြန်မာငွေကျပ် သိန်းပေါင်း ၂၉၆၅ ဒသမ ၃၀၅ သိန်းကို လွှဲပြောင်းပေးအပ်ရာ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က လက်ခံ၍ ဂုဏ်ပြုမှတ် တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ဆက်လက်၍ သြစတြေးလျနိုင်ငံ ကမ်ဘာရာ မြို့ မြန်မာနိုင်ငံသံရုံး ဝန်ထမ်းမိသားစုများက သြစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူမြို့ မြန်မာ သံရုံးအကြီးအကဲနှင့် ဝန်ထမ်းများက စင်ကာပူ ဒေါ်လာ ၁၀၀၀၊ Nepal Kathmandu Non-Resident Nepali Association က အမေရိကန် ဒေါ်လာ ၅၀၀၀၊ Japan Theravada Buddha Sasana Hhavana Group က ဂျပန်ယန်း နှစ်သိန်း၊ တရုတ်နိုင်ငံ အင်ဒိုနီးရှားသံရုံးက အမေရိကန် ဒေါ်လာ ၅၀၀ နှင့် တရုတ်ယွမ် ၄၅၀၀၊ သတင်းစဉ် (ပြည်တွင်း)မှ (၇၄၀၀၀)၊ ဦးသတိုးဟိန်း-ဒေါ်စိုး မာလာ (မြန်မာသြဘာ)က သိန်း ၆၀ ခန့်တန်ဖိုး ရှိသော ဆေးပြား Aqua tabs ငါးသောင်းတို့ကို လှူဒါန်းခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေနစ်မြုပ်ခဲ့သည့် ကလေးဒေသတွင် မိုးစပါးနှင့် သီးနှံစိုက်ခင်းများ၌ ပိုးမွှားရောဂါကျရောက်မှုနှင့် မြေနမူနာစစ်ဆေးမှုလုပ်ငန်းများဆောင်ရွက်

**ကလေး စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီး ချုပ်၏ စီမံကွပ်ကဲမှုနှင့် စိုက်ပျိုးရေး ဦးစီးဌာန(ရုံးချုပ်)၏ အစီအစဉ်ဖြင့် ကလေးခရိုင်၌ ဇူလိုင်လနောက်ဆုံး ပတ်ကစ၍ မိုးသည်းထန်စွာ ရွာသွန်း မှုကြောင့် မိုးစပါးအပါအဝင် အခြား သီးနှံစုစုပေါင်း ၃၉၈၀၉ ဧက ရေကြီး နစ်မြုပ်ပျက်စီးခဲ့ရာ စိုက်ပျိုးရေး ဝန်ထမ်းများက မိုးစပါးနှင့် သီးနှံ စိုက်ခင်းများတွင် ပိုးမွှားရောဂါကျ ရောက်မှုနှင့် မြေနမူနာစစ်ဆေးမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

အဆိုပါ မိုးစပါး ပြန်လည် စိုက်ခင်း၊ ပုံမှန်စိုက်ခင်းများတွင် ပိုးမွှားရောဂါကျရောက်မှု၊ ကြွက် ရောဂါကျရောက်မှု အခြေအနေများ ကို ကြိုတင်ကာကွယ်နှိမ်နင်းခြင်းများ ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေး ဦးစီးဌာနဝန်ထမ်းများ အနေဖြင့် တောင်သူနှင့် ထိတွေ့ကွင်းဆင်း စစ်ဆေးခြင်း၊ တောင်သူပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၃၀ ရက်က ကလေးမြို့နယ် ချင်းဆိုင်နှင့် ထိုမာကျေးရွာများသို့ လည်းကောင်း၊ သြဂုတ် ၃၁ ရက်က ကျောင်းတိုက်နှင့် ဆည်တော်ဦး ကျေးရွာများသို့ လည်း ကောင်း၊ တိုင်းဒေသကြီးဦးစီးမှူးက ကြီးကြပ်၍ ရုံးချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်မှ သီးနှံကာကွယ်ရေးအဖွဲ့နှင့် မြေအသုံးချရေး အဖွဲ့များက တောင်သူပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ကွင်းထဲအရောက်သွား ၍ တောင်သူနှင့်အတူ ပိုးမွှားကျ ရောက်မှု၊ ကြွက်ကျရောက်မှု၊ ကင်း ထောက်မှတ်တမ်းများ ကောက်ယူ ခြင်း၊ မြေနမူနာယူခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ဒေသခံဝန်ထမ်းများ နှင့်အခြားမြို့နယ်များမှ လာရောက် သော ဝန်ထမ်း ၃၃ ဦးကလည်း အခြားကျေးရွာများရှိ သီးနှံစိုက်ခင်း များတွင် တောင်သူများ၏ အခက် အခဲများကို ကူညီပေးရန် ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

# ဧရာဝတီမြစ်ရေ ပြန်လည်မြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့၌ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိ

**ညောင်တုန်း စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ စက်တင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီ တိုင်းထွာ ချက်များအရ ဧရာဝတီမြစ်ရေသည် ၂၃ ဒသမ ၀၅ ပေသို့ ရောက်ရှိနေပြီး ညောင်တုန်းမြို့၏ စိုးရိမ် ရေမှတ် ၂၂ ဒသမ ၅ ပေ အထက်သို့ ပြန်လည် ရောက်ရှိလျက်ရှိသည်။

အဆိုပါ ဧရာဝတီမြစ်ရေသည် ဒုတိယအကြိမ် မြောက် ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသဖြင့် ဒေသခံများက စိုးရိမ် လျက်ရှိကြောင်း သိရသည်။

"အခုလို ရေတက်ကြမ်းပုံမျိုးနဲ့ဆိုရင် အရင် ပထမအကြိမ် ရေကြီးမှုမျိုးနဲ့ ကြုံနိုင်တယ်" ဟု ရန်ကင်းစံရာကျေးရွာနေ ဒေသခံတစ်ဦးက ပြော သည်။ ထို့ပြင် အဆိုပါ ဧရာဝတီမြစ်ရေသည် နောက်နှစ်ရက်အတွင်း ဆက်လက်မြင့်တက်ဖွယ် ရှိနေပြီး စိုးရိမ်ရေမှတ်အထက်သို့ ဆက်လက် တည်ရှိနေနိုင်ကြောင်း ခန့်မှန်းထားသည်။

အဆိုပါ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် သြဂုတ်လအတွင်းက မြို့ပတ်ဝန်းကျင်ကျေးရွာ အချို့ ရေကြီးနစ်မြုပ်ခဲ့ပြီး ညောင်တုန်းမြို့နယ်၌ စိုက်ပျိုးဧက ၉၉၈၈ ဧက ရေလွှမ်းခံရပြီး စာသင် ကျောင်းပေါင်း ၆၈ ကျောင်း၊ ဘုန်းတော်ကြီး ကျောင်းပေါင်း ၄၄ ကျောင်း ရေနစ်မြုပ်ခဲ့သည်။ ထို့ပြင် အိမ်ထောင်စုပေါင်း ၁၀၆၇၄ စုနှင့် ရေဘေး သင့်သူဦးရေ ၄၆၇၀၃ ဦး ထိခိုက်ခံစားခဲ့ရ ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၃**

ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက လှူဒါန်း မှုများ ပြုလုပ်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း ဘုရားလမ်းရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန် တိုင်းဒေသကြီး ဦးစီးမှူးရုံး ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေး စင်တာသို့ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း နှင့် လွှတ်တော်ကိုယ်စားလှယ်များက အလှူငွေကျပ် ၁၇၂၀၀၀၀ ကို လာရောက် လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့တွင် အဆောက်အအုံတည်ဆောက်ရေးအထူးအဖွဲ့(၂) ဝန်ထမ်း မိသားစုများက ငွေကျပ်တစ်သိန်း၊ မြောက်ဒဂုံမြို့နယ် အောင်သိပ္ပံလမ်းနေ ဦးမင်းညွန့်က အမေရိကန်ဒေါ်လာ ၁၀၀၀ နှင့် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၆၆/၀၉) ဗလတပ်ခွဲသင်တန်းဆင်းအရာရှိများက ငွေကျပ် ကိုးသိန်း တို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယနေ့အထိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၄၅၃၂၁၁၇၀၀ နှင့် နိုင်ငံခြားငွေ ရင်းဂစ် ၂၀၀၀၊ အမေရိကန်ဒေါ်လာ ၇၀၀၄၈၊ ထိုင်းဘတ် ၁၁၃၉၅၅ နှင့် ဆန်၊ ရေသန့်၊ အစားအစာ၊ အဝတ် အထည်၊ ဆေးဝါးနှင့် ပစ္စည်းမျိုးစုံ စုစုပေါင်း တန်ချိန် ၃၉၀ ခန့် လက်ခံရရှိ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေပေါ်ကျွန်းကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် တိရစ္ဆာန်အစာများ ပေးအပ်လှူဒါန်း

**သရက် စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာ၌ သြဂုတ်လ အတွင်းက ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေကင်းလွတ်ရာသို့ ပြောင်း ရွှေ့နေထိုင်ခဲ့ရပြီး ယခုအခါ ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းသွားပြီဖြစ် သဖြင့် ၎င်းတို့၏ကျေးရွာ၌ ပြန်လည်နေထိုင်ကြပြီဖြစ်သည်။ ပြန်လည် ထူထောင်ရေးအတွက် ကျေးရွာနေပြည်သူများ မွေးမြူထားသည့် တိရစ္ဆာန်များ အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်အစာများ ပေးအပ် လှူဒါန်းခြင်းအခမ်းအနားကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်နှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာသန်းဌေးက တိရစ္ဆာန်အစာများ ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖိုးစိန်က လက်ခံယူခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က ပြန်လည်ဖွင့်လှစ်ကာ စာသင်ကြားနေသည့် စာသင်ကျောင်းကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် သြဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၃ - ၉ -၂၀၁၅)

**နေပြည်တော် စက်တင်ဘာ ၃**

မြန်မာနိုင်ငံ တစ်ဝန်းလုံး တွင် ဇွန် ၂၄ ရက်မှ ၂၈ ရက် အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်း ကောင်း၊ ဇူလိုင် ၁၆ ရက်မှ စက်တင်ဘာ ၃ ရက်အထိ တိုင်း ဒေသကြီး ခြောက်ခုနှင့် ပြည် နယ် ခြောက်ခုတို့တွင် လည်း ကောင်း သဘာဝဘေးအန္တရာယ် များကြောင့် အိမ်ထောင်စု ၄၂၅၄၄၈ စုမှ လူဦးရေ ၁၆၂၁၄၃ ဦး ရေဘေးသင့်ခဲ့ ပြီး ၁၂၂ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုး ငွေကျပ် ၈၉၄၁၇၉၀၀၊ အရေး ပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၆၇၂၉၂၃၀၊ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၁၂၅၀၄၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေ ကျပ် ၃၃၃၁၁၇၂၉၀၊ သေဆုံးမှု ထောက်ပံ့ကြေး ငွေကျပ် ၁၀၈၀၀၀၀၀ နှင့် ပြန်လည်ထူ ထောင်ရေးအတွက် တန်ဖိုးငွေ ကျပ် ၂၉၃၃၁၅၂၇၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၆၈၄၁၉၆၉၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဗျောပါ/ ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | ပြန်လည်ထူထောင် ရေးအတွက် | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၀၄ | ၆၀၀၀၀၀ | - | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | - | ၆၂၉၈၈၀ | |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | - | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **-** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ** | | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၂၃ | ၈၂၁၀၂ | ၃၉၃၆၄၃ | ၂၄ | ၃၃၈၂၃၃၀၀ | ၁၄၈၅၀၀၀ | ၁၉၇၅၀၀၀၀ | ၆၀၅၂၅၈၀၀ | ၂၀၀၀၀၀၀ | - | ၁၁၇၅၈၄၁၀၀ | |
| ၂ | ကချင်ပြည်နယ် | ၆၉ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၁၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၄၂၈၃၄၇၅၀ | ၆၁၂၉၅၅၉၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၁၆၉၉၂၀၀ | - | ၄၈၅၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | - | ၁၂၅၄၈၉၂၂ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | - | ၄၅၉၆၂၁၁၀ | |
| ၅ | ချင်းပြည်နယ် | ၂၈၈၇ | ၄၂၆၉ | ၂၁၆၁၈ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | - | ၅၇၀၁၉၉၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၃၄၄၇ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၁၅၀၄၈၀၅၂၀ | ၂၂၈၂၈၁၈၉၀ | |
| ၇ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈ | မွန်ပြည်နယ် | ၄၄ | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၀၈ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | - | ၃၀၄၁၂၃၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၁၄ | ၆၄၁၁၀ | ၃၀၅၄၀၀ | ၂ | ၅၇၆၀၀၀၀ | - | - | ၅၇၃၅၂၆၅၀ | - | ၁၀၀၀၀၀၀၀၀ | ၁၆၃၁၁၂၆၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၅၀ | ၁၂၁၆၅၂ | ၅၀၅၂၉၂ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၀၄၂၀ | - | - | ၅၇၂၆၁၆၂၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | - | ၁၀၅၆၉၃၉၀ | |
| | **စုစုပေါင်း** | **၂၀၈၂၆** | **၄၀၂၀၇၁** | **၁၆၀၈၂၃၂** | **၁၁၅** | **၈၅၈၇၀၅၅၀** | **၁၂၉၃၆၄၅၀** | **၈၄၇၄၀၀၀၀** | **၃၁၇၄၁၁၇၁၀** | **၁၀၁၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၀၄၃၇၃၉၈၀** | |
| | **ဇွန်၊ဇူလိုင်၊သြဂုတ်လ စုစုပေါင်း** | **၂၁၂၃၁** | **၄၀၄၂၁၇** | **၁၆၂၁၄၃** | **၁၂၂** | **၈၉၄၁၇၉၀၀** | **၁၆၇၂၉၂၃၀** | **၁၂၅၀၄၀၀၀၀** | **၃၃၃၁၁၇၂၉၀** | **၁၀၈၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၆၈၄၁၉၆၉၀** | |

# UNDP အကူအညီဖြင့် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှု ညှိနှိုင်းရေးမှူး Ms.Renata Lok Dessallien ဦးဆောင်သော UNDP ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်တွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာနဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးဗိုလ်ချုပ် အောင်စိုးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး UNDP အကူအညီဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆိုင်ရာ ဒုတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှု၊ ဩစတြေးလျ-အာရှ လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း (Australia-Asia Program to Combat Trafficking in Persons-AAPTIP)၏ ပူးပေါင်းပါဝင်မှုဖြင့် ဒုတိယအကြိမ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက နေပြည်တော် Park Royal ဟိုတယ်၌ ကျင်းပသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ပြောကြားရာတွင် ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် ဒုတိယအကြိမ်မြောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါကြောင်း၊ လူကုန်ကူးမှု Trend များ ပြောင်းလဲလာခြင်းတို့ကြောင့် ဥပဒေကို ပြင်ဆင်ဖြည့်စွက်ကာ Update ပြုလုပ်ရန် လိုအပ်လာသဖြင့် ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုလက်ရှိ အခြေအနေမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း)ကို အချောသပ်လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ယင်းအချောသပ်နေသည့် ဥပဒေ(မူကြမ်း)ကို ပိုမိုပြည့်စုံမှုရှိစေရေးအတွက် ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ယခုအလုပ်ရုံ ဆွေးနွေးပွဲမှ ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲထားသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေမှာ ပြည်တွင်းဥပဒေလုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသည့် ဥပဒေတစ်ခု ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် AAPTIP မှ နိုင်ငံတကာဥပဒေကျွမ်းကျင်သူ Ms. Anne Gallagher က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အချောသပ်ထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း)ကို အခန်းအလိုက် တစ်ချက်ချင်းစီကို စက်တင်ဘာ ၂ ရက်နှင့် ၃ ရက်များတွင် အသေးစိတ်ဆွေးနွေးကြပြီး အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ AAPTIP, UNICEF, UN-ACT, ILO, IOM, World Vision, Save the Children, Warnath Group တို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး IDEA ၊ အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ မစ်ရှင်အကြီးအမှူးအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကိုယ်စား၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးသည် IDEA (ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း)၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ မစ်ရှင်အကြီးအမှူး မစ္စတာ ဟောဟေ ဘာယာဒါးရ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ အဆောင်အမှတ်(I-1) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် IDEA နှင့် ကနေဒါ ပါလီမန်ရေးရာစင်တာမှ ပြည်သူ့လွှတ်တော်ဆိုင်ရာ စစ်တမ်းကောက်ယူမှု ကနဦးလေ့လာတွေ့ရှိချက်များကို တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ရုံးဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် သစ်လွင်ဆရာဝန်များ ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ

**စစ်တွေ စက်တင်ဘာ ၃**

ရခိုင်ပြည်နယ် သစ်လွင်ဆရာဝန်များအား ခန့်အပ်လွှာပေးအပ်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးမြအောင်က အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဒေါက်တာကျော်စိုးမင်းက သစ်လွင်ဆရာဝန်များကို ခန့်အပ်လွှာပေးအပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်းနှင့် ညွှန်ကြားရေးမှူး ဦးကျော်စိုးမင်းတို့က သစ်လွင်ဆရာဝန်များကို ခန့်အပ်လွှာပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆက်လက်ကျင်းပသည်။ ယင်းနောက် ညနေ ၄ နာရီတွင် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရ အစည်းအဝေးခန်းမ(၁)၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**




# ရင်ထဲကမန္တလေးမြို့မ တေးသီချင်းသီဆိုပြိုင်ပွဲ နိုင်ငံကျော်အဆိုတော်များ ပါဝင်ဂုဏ်ပြုသီဆိုမည်

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ဆောင်ရွက်သော မန္တလေးမြို့ဂုဏ်ဆောင် မြို့မအပျော်တမ်းတူရိယာ အသင်း၏ နှစ်(၉၀)ပြည့် အထိမ်းအမှတ် "ရင်ထဲကမန္တလေးမြို့မ" တေးသီချင်းသီဆိုပြိုင်ပွဲကြီးကို စက်တင်ဘာ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်နေ့များတွင် မန္တလေးမြို့ ကျုံးအရှေ့ဘက် ၆၆ လမ်း၊ လမ်း ၂၀ နှင့် ၂၁ လမ်းကြားရှိ အမျိုးသားဇာတ်ရုံ၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ရင်ထဲက မန္တလေး မြို့မ" တေးသီချင်းသီဆိုဆန်ခါတင်ပြိုင်ပွဲတွင် နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့ကြီးက မြို့မတူရိယာတေးဂီတအဖွဲ့နှင့်အတူ တွဲဖက်၍ ဂုဏ်ပြုတီးခတ်ကာ နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် စိုးပိုင်၊ ခင်မောင်ထူး၊ ကိုမင်းနောင်၊ ရာဇာဝင်းတင့်၊ သန်းမြတ်စိုး၊ တူးတူး၊ မောင်သိန်းဝင်း၊ မောင်မောင်ကြီး၊ မောင်မောင်အေး (အလက်ာဝတ်ရည်)၊ ရင်ဂို၊ ဂရေဟမ်၊ ဖိုးသောကြာ၊ အောင်ကျော်ဆန်း၊ တင်တင်မြ၊ ထား၊ ရီရီသန့်၊ နှင်းရည်သန့်၊ ချိုပြုံး၊ စိမ်းမို့မို့၊ မီမီဝင်းဖေ၊ ကော်နီ၊ ပန်းအိဖြူ၊ အိအိချွန်တို့က ပါဝင်ဂုဏ်ပြုသီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ "ရင်ထဲက မန္တလေးမြို့မ" တေးသီချင်းသီဆိုပြိုင်ပွဲ အသံစစ်လူရွေးချယ်ခြင်းကို ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ၂ ရက်အထိ အမျိုးသားဇာတ်ရုံ၊ လေ့ကျင့်ရေးဇာတ်ရုံနှင့် စန္ဒရားလေ့ကျင့်ရေးရုံတို့၌ ကျင်းပခဲ့ပြီး ဝါသနာရှင်ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ **(အပေါ်ပုံ)** အကဲဖြတ်ဒိုင် ဂီတအနုပညာရှင်ကြီးများက ဆန်ခါတင်ရွေးချယ်အကဲဖြတ် စိစစ်ဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် ပြိုင်ပွဲအပြီးတွင် အောင်မြင်သူများကို အဆင့်အလိုက်ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ရင်ထဲက မန္တလေးမြို့မ တေးသီချင်းသီဆိုပြိုင်ပွဲတွင် နိုင်ငံကျော်အဆိုတော်ကြီးများ၏ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များကိုလည်း ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲကြီးကို ကြည့်ရှုအားပေးလိုသူများသည် ဝင်ခွင့်လက်မှတ်များကို ငွေကျပ် ၅၀၀၀၊ ၃၀၀၀ နှင့်ငွေကျပ် ၂၀၀၀ တို့ဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ ကြိုတင်ဝယ်ယူနိုင်ပြီး အမျိုးသားဇာတ်ရုံ၌လည်း ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပုလဲမြို့နယ်သည် မြန်မာနိုင်ငံ၌ ပထမဦးဆုံး မြို့နယ်လုံးကျွတ် ကျေးရွာစာကြည့်တိုက်များ တည်ထောင်ပြီးစီးသည့်မြို့နယ်အဖြစ် မှတ်တမ်းတင်နိုင်

**ပုလဲ စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်လုံးကျွတ်စာကြည့်တိုက်များ တည်ထောင်ပြီးစီးမှု အောင်ပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက်နှင့် စက်တင်ဘာ ၁ ရက်တို့တွင် ပုလဲမြို့ ဗုဒ္ဓဝိဟာရသာသနာ့ဗိမာန်၌ ကျင်းပရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ ဆရာဆရာမများနှင့် အထက်တန်းကျောင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်လုံးကျွတ်စာကြည့်တိုက်များ တည်ထောင်ပြီးစီးမှု အောင်ပွဲမှတ်တိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ ပုလဲမြို့နယ်စာကြည့်တိုက်များဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ပထမဦးဆုံးအကြိမ် ပုလဲမြေမဂ္ဂဇင်း အောင်မြင်စွာ ထုတ်ဝေနိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ ပုလဲမြို့နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းအတွက် အလှူရှင်များက အလှူငွေများနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခြင်း၊ ပုလဲမြို့နယ်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများမှ ဆုရရှိကြသော ကျောင်းသားကျောင်းသူများကို ဆုချီးမြှင့်ခြင်းတို့ ဆောင်ရွက်သည်။

ပုလဲမြို့နယ်လုံးကျွတ် စာကြည့်တိုက်များတည်ထောင်ပြီးစီးမှုအောင်ပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် စာရေးဆရာ၊ ဆရာမကြီးများက ပြည်သူများ၊ ကျောင်းသားကျောင်းသူများ ဗဟုသုတရရှိရန်အတွက် စာပေဟောပြော ပွဲများကို နေရာငါးခုတွင် ကျင်းပပြုလုပ်ခဲ့ကြသည်။

ထို့အပြင် မြို့နယ်အတွင်း အခြေခံပညာကျောင်းများကို စုရပ်ခုနစ်ခုခွဲ၍ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပခဲ့ရာ အခြေခံပညာကျောင်း ၄၉ ကျောင်းမှ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပုလဲမြို့နယ်၌ ကျေးရွာပေါင်း ၁၈၈ ရွာရှိရာ ကျေးရွာအားလုံး၌ ကျေးရွာစာကြည့်တိုက်များ တည်ထောင်ခဲ့ပြီးဖြစ်၍ မြန်မာနိုင်ငံ၌ ပထမဦးဆုံး မြို့နယ်လုံးကျွတ် စာကြည့်တိုက်များတည်ထောင်ပြီးစီးသည့် မြို့နယ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ စာကြည့်တိုက်များတည်ထောင်ခဲ့ပြီးဖြစ်သော်လည်း ပြည်သူများ အမှန်တကယ် စာပေဖတ်ရှုကြပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သော အစဉ်ထာဝရ ရှင်သန်ဖွံ့ဖြိုးနေသည့် စာကြည့်တိုက်များဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် တစ်ဦးချင်းမှသည် ကျေးရွာ၊ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာတတ်မြောက် ဖွံ့ဖြိုးစေရန် တည်ဆောက်ပြီးဖြစ်သော စာကြည့်တိုက်များတွင် အမှန်တကယ် လေ့လာဖတ်ရှုအသုံးပြုရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းငွေးအောင်(ကနီ)**

# မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲဘယ်လိုပေးမလဲ

**လာမည့်နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး တစ်ရက်ထက်တစ်ရက် နီးကပ်လာသည်နှင့်အမျှ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ရွေးကောက်ပွဲနှင့် ဆန္ဒမဲပေးခြင်းဆိုင်ရာ အထွေထွေသိကောင်းစရာများကို လေ့လာသိရှိနိုင်စေရန် ဖော်ပြအပ်ပါသည်။**

ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့လာရောက်၍ မဲမပေးနိုင်သူများအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (ရွေးကောက်ပွဲကော်မရှင်)က ကြိုတင်မဲပေးနိုင်ရန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီစဉ်ဆောင်ရွက်ထားရှိပါသည်။

မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များသည် အစိုးရ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေပါက ၎င်းတို့ရောက်ရှိနေသည့် နေရာဌာနၛပင် ဆန္ဒမဲ ပေးလိုက မိမိတို့နှင့်သက်ဆိုင်သည့် သံရုံး၊ အမြဲတမ်း ကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများ၏ အကြီး အမှူးထံမှ လည်းကောင်း၊

တပ်မတော်သားများ၊ ရဲ များနှင့် ၎င်းတို့၏အတူနေ အိမ်ထောင်စုဝင်များသည် တပ်မှူးနှင့် ရဲမှူးထံမှ လည်းကောင်း၊

တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား ကျောင်းသူများသည် ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီးထံမှ လည်းကောင်း၊

သင်တန်းကျောင်းများမှ သင်တန်းသားများသည် သင် တန်းစီမံအုပ်ချုပ်သူများထံမှလည်းကောင်း၊

ဆေးရုံတွင် တက်ရောက်ကုသနေသော အတွင်း လူနာများသည် ဆေးရုံအုပ်ထံမှ လည်းကောင်း။

ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများသည် အချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်း ကြီးကြပ်သူထံမှလည်းကောင်း ပုံစံ (၁၅)ကို တောင်းယူနိုင်သည်။ ရွေးကောက်ပွဲကော်မရှင် website (www. uecmyanmar. org)မှလည်း ရယူနိုင်သည်။

ပုံစံ(၁၅) ကို ပြည့်စုံစွာ ဖြည့်စွက်ပြီး သတ်မှတ် ပေးသည့် နောက်ဆုံးနေ့ရက်အတွင်း မိမိ၏အကြီးအမှူး များထံ ပြန်လည်ပေးအပ်ရမည်။

မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲ ပေးမည့် လုပ်ငန်းစဉ်အားလုံးကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ (မြို့နယ်ကော်ခွဲ)များနှင့် ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ (ရပ်/ကျေးကော်ခွဲ) များက ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြမည်ဖြစ် ပါသည်။ တာဝန်ရှိသူများက ကြိုတင်မဲလက်မှတ်ထည့် ထားသော စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ကော်မရှင် အဖွဲ့ခွဲရုံးများသို့ စာတိုက်မှပေးပို့မည်ဖြစ် သည်။

**သံရုံးများမှ ပေးပို့သော ကြိုတင်မဲလက်မှတ် စာအိတ်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ရွေးကောက်ပွဲကော်မရှင်သို့ ရောက်ရှိလာမည်ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ (တိုင်းဒေသကြီး/ပြည်နယ်ကော်ခွဲ)များသို့ ယင်း စာအိတ်များကို အလျင်အမြန် ဆက်လက်ပေးပို့ မည်ဖြစ်သည်။ တိုင်းဒေသကြီး/ ပြည်နယ်ကော်ခွဲ အသီးသီးက ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ မှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်ကော်ခွဲများသို့ ဆက်လက် ပေးပို့ပြီး မြို့နယ်ကော်ခွဲသည် ရောက်ရှိလာသော ကြိုတင်မဲလက်မှတ် စာအိတ်များကို လုံခြုံရေးကြိုးဖြင့် သေချာစွာပိတ်ထားသည့် မဲပုံးတွင်ထည့်၍ သိမ်းဆည်း ထားမည်ဖြစ်သည်။**

ကြိုတင်ဆန္ဒမဲပေးရန် ပုံစံ(၁၅)ဖြင့် တောင်းခံ ထားသူများ၏ အမည်များ ရေးမှတ်ထားသည့် ပုံစံ(၁-၁)၊ ပုံစံ(၁-၂)နှင့် ပုံစံ(၁-၃)တစ်စောင်စီ ကို မြို့နယ်ကော်ခွဲရုံးနှင့် ရပ်/ကျေးကော်ခွဲရုံးတွင် ကပ်ထားကြေညာပေးမည် ဖြစ်သည်။

**မဲဆန္ဒရှင်များ အထူးသတိထားရမည့် အချက် မှာ မိမိတို့၏အမည်များသည် မိမိတို့ဒေသမှ မဲဆန္ဒ ရှင်စာရင်းများတွင် ပါဝင်မှသာ ကြိုတင်မဲပေးရန် ပုံစံ(၁၅)ဖြင့် တောင်းဆိုသည့်အခါ မိမိ၏ မြို့နယ် ကော်ခွဲက မဲလက်မှတ်များကို ပြန်လည်ပို့ပေးနိုင် မည်ဖြစ်ပါသည်။** ထို့ပြင် ပုံစံ(၁၅)တွင် မိမိတို့၏ လိပ်စာကို ဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းအမည်၊ ရပ်ကွက်အမည်/ ကျေးရွာအမည်၊ မြို့နယ်အမည် နှင့် တိုင်းဒေသကြီး/ပြည်နယ်အမည်တို့ကို ပြည့်စုံ စွာဖော်ပြရန် အရေးကြီးပါသည်။ သို့မှသာ ပုံစံ(၁၅) ကို မြို့နယ်ကော်ခွဲက သက်ဆိုင်ရာ ရပ်/ကျေးကော်ခွဲ သို့ ရောက်ရှိအောင် ပေးပို့နိုင်မည်ဖြစ်ပြီး ရပ်/ကျေး ကော်ခွဲကလည်း မိမိ၏အမည် မဲစာရင်းတွင် ပါ/မပါ စစ်ဆေးနိုင်မည် ဖြစ်ပါသည်။

**(မြန်မာ့အလင်း)**

**(ဆက်လက်ဖော်ပြပါမည်)**



# မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ရထားလမ်းချော်မှုပြုပြင်ပြီးစီး

**မိုးကောင်း စက်တင်ဘာ ၃**

မန္တလေး-မြစ်ကြီးနားလမ်းပိုင်း မိုးကောင်းမြို့နယ်တွင် ဩဂုတ် ၃၁ ရက်နံနက် ၁၀ နာရီက ဆားမော်နှင့် တောင်နီ ဘူတာကြားရှိ မိုင်တိုင်အမှတ်(၆၇၂/၁၂နှင့် ၁၆ ကြား)၊ တံတားအမှတ် ၆၅၂ သည်မန္တလေး-မြစ်ကြီးနားအမှတ် ၄၃ အဆန် ကုန်ရထားဖြတ်သန်းစဉ် တိမ်းမှောက်မှုကြောင့် တံတားပျက်စီးကာ စက်ခေါင်းနောက်ကပ်ကုန်တွဲ နှစ်တွဲ လမ်းချော်ကျပြီး ရထားသွားလာမှုခေတ္တရပ်နားထားရသည်။

အဆိုပါလမ်းပိုင်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ကြီးကြပ်ရေးမှူး ပို့ဆောင်ရေး(မြစ်ကြီး နား)နှင့်တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြစ်ကြီးနားကုန်တင်ကုန်ချအဖွဲ့နှင့် ရထားလမ်းပြင်အဖွဲ့များက စက်တင်ဘာ ၁ ရက်မှစ၍ ကန့်လန့်ဖြတ်ခံနေသော ကုန်ရထားတွဲကို ကရိန်းဖြင့်ဖယ်ရှားပြီး တံတားနှင့် ရထားလမ်းပြုပြင်ခြင်းကို ညတွင်းချင်းဆောင်ရွက်ခဲ့ပြီးဖြစ်၍ စက်တင်ဘာ ၂ ရက်နံနက် ၁၀ နာရီခွဲမှစတင်ပြီး ရထားများပုံမှန်မောင်းနှင်နေ ပြီဖြစ်ကြောင်း မြစ်ကြီးနားမြို့ ပို့ဆောင်ရေးကြီးကြပ်ရေးမှူး ဦးမြင့်အောင်ထံမှ သိရသည်။

**သန်းလွင်ဦး( ပြန်/ဆက်)**

# ဂန့်ဂေါ-ကလေး မီးရထားလမ်းပိုင်းတွင် ဂန့်ဂေါ-မှန်တောခရီးစဉ် စတင်ပြေးဆွဲ

**ဂန့်ဂေါ စက်တင်ဘာ ၃**

ဂန့်ဂေါ-ကလေး မီးရထားလမ်း ပိုင်းတွင် ရေကြီးရေလျှံမှုကြောင့် လမ်း၊ တံတားများ ပျက်စီးမှုဖြစ်ပေါ် ခဲ့၍ ဂန့်ဂေါ-ကလေး လူစီးမီးရထား ခရီးစဉ်များကို ဇူလိုင် ၂၉ ရက်မှ စတင်၍ ယာယီရပ်ဆိုင်းထားခဲ့ရာ ယခုအခါ လမ်း၊ တံတားအချို့ ပြန် လည်ပြုပြင် တည်ဆောက်ခြင်း လုပ်ငန်း ပြီးစီးပြီဖြစ်သဖြင့် ခရီးစဉ် အစမှအဆုံးအထိ ပြေးဆွဲနိုင်ခြင်း မရှိသေးသော်လည်း ဂန့်ဂေါဘူတာ နှင့် မှန်တောဘူတာကြား ခေါက်ပြန် ပြေးဆွဲခြင်းကို စက်တင်ဘာ ၂ ရက်တွင် စတင်ဆောင်ရွက်နေပြီဖြစ် ကြောင်း ဂန့်ဂေါဘူတာမှ စုံစမ်းသိရ သည်။ "ယခု ဂန့်ဂေါ-ကလေး လူစီး မီးရထားက ဂန့်ဂေါမြို့နယ်အတွင်း ဂန့်ဂေါ၊ မြင်းဇာ၊ လက်ပန်၊ ကန်၊ မွှေ့လယ်၊ နှမ်းခါး၊ တောင်ခင်ရန်း၊ မြောက်ခင်ရန်းနဲ့ ဟံသာဝတီဘူတာ တွေကို ဖြတ်သန်းပြီး ကလေးမြို့နယ် ထဲက မှန်တောဘူတာအထိ ၁၃၉ အဆန်နဲ့ ၁၄၀ အစုန်ရထားများ အဖြစ် ခေါက်ပြန်ပြေးဆွဲနေပြီဖြစ် ပါတယ်။ ၁၄၀ အစုန်ရထားက မှန်တောဘူတာမှ နံနက် ၇ နာရီ ၄၉ မိနစ်မှ စတင်ထွက်ခွာပြီး ဂန့်ဂေါ ဘူတာကို မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ မှာ ဆိုက်ရောက်မှာ ဖြစ်ပါ တယ်။ ၁၃၉ အဆန်ရထားကတော့ ဂန့်ဂေါဘူတာမှ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ မှာ စတင်ထွက်ခွာပြီး မှန်တောဘူတာသို့ ညနေ ၆ နာရီ ၁၀ မိနစ်မှာ ဆိုက်ရောက်မှာဖြစ် ပါတယ်။ ဂန့်ဂေါ-ကလေးခရီးစဉ် အစမှအဆုံးအထိ ပြေးဆွဲနိုင်ဖို့ အတွက်တော့ အချိန်အနည်းငယ်ပေး ရ ပါမယ်"ဟု ဂန့်ဂေါဘူတာမှ တာဝန် ရှိသူတစ်ဦးက ပြောကြားသည်။

ဂန့်ဂေါ-ကလေးမီးရထားလမ်း ပိုင်းတွင် လူစီးမီးရထားကို နေ့စဉ် ၁၃၉ အဆန်နှင့် ၁၄၀ အစုန်ရထား အဖြစ် ခေါက်ပြန်ပြေးဆွဲနေရာမှ ဇူလိုင် ၂၉ ရက်က ၁၄၀ အစုန်ရထား သည် ကလေးမှ ဂန့်ဂေါအထိ ခရီးစဉ် အစအဆုံးပြေးဆွဲခဲ့ပြီး ၁၃၉ အဆန်ရထားအဖြစ် ဂန့်ဂေါဘူတာ မှ ကလေးဘူတာသို့ အပြန်တွင် လမ်း ခရီးအခြေအနေကြောင့် ဂန့်ဂေါ မြို့နယ်အတွင်းရှိ ကန်ဘူတာတွင် တစ်လခန့်ကြာသည်အထိ ရပ်ဆိုင်း ထားခဲ့ရာမှ ယခုအခါ ခရီးစဉ်အစ မှ အဆုံးအထိ ပြန်လည်ပြေးဆွဲနိုင် ခြင်း မရှိသေးသော်လည်း ဂန့်ဂေါ- မှန်တော ခရီးစဉ်ကို ပြန်လည်ပြေးဆွဲ ခြင်းဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**





**ဖခင်အမည်မှန်**

ချောင်းဆုံမြို့နယ်၊ အထက(ကညော့်) တက္ကသိုလ်ဝင်တန်းမှ နန့်အေး အေးခိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုဇယားအရ ဦးထွန်းမြင့် ဖြစ်ပါကြောင်း။

**ဦးထွန်းမြင့် ၃/ဘအန(နိုင်)၀၈၈၆၃၆**



## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိစက်ရုံများမှ အထည်ထုတ်ကုန်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

(၂) **ရောင်းချမည့်ပစ္စည်းများ** - ချည်မျှင်များ၊ ပိတ်ကြမ်းများ၊ အဖြူချွတ်ဆေးဆိုး၊ ပန်းရိုက်ပိတ်များ၊ ကျား-မဝတ်ချုပ်ထည်များ၊ သင်္ကန်း ဒွိစုံအမျိုးမျိုး၊ အသင့်ချုပ်ပြီး နိုင်ငံတော်အလံအရွယ် အစား အမျိုးမျိုးနှင့် အခြားချုပ်ထည်များ

(၃) **ဈေးပြိုင်ရောင်းချမည့်ရက်** - ၁၅-၉-၂၀၁၅ရက် (အင်္ဂါနေ့)

(၄) **ဈေးပြိုင်ရောင်းချမည့်အချိန်** - နံနက် ၁၀နာရီ

(၅) **ဈေးပြိုင်ရောင်းချမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

(၆) အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၆၇-၄၀၈၃၆၂၊ ၀၁-၅၅၈၃၃၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း**








**ဖခင်အမည်မှန်**

ဗန်းမော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဟိန်းဝင်းသူ၏ ဖခင်အမည်မှန်မှာ ဦးလောအိုက် ၁၃/ကတန(နိုင်)၀၄၂၁၃၆ ဖြစ်ပါကြောင်း။

**ဦးလောအိုက်**



## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်း ဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အဆောက်အအုံပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် အတွက် အိတ်ဖွင့်တင်ဒါများကို တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

(က) ကျောင်းကုန်းမြို့နယ် (၃၀×၂၀×၁၄)ပေ ဦးစီးအရာရှိနေအိမ် အုတ်ညှပ်အဆောက်အအုံ တည်ဆောက်ခြင်း

(ခ) ငွေဆောင်မြို့ (၅၀×၃၀×၁၅)ပေ သိုလှောင်ရုံအား ဝန်ထမ်းနေအိမ်ပြုပြင်ခြင်း၊

(ဂ) ငရုတ်ကောင်းမြို့ (၅၀×၃၀×၁၅)ပေ မြို့နယ်တာဝန်ခံနေအိမ်ပြုပြင်ခြင်း၊

(ဃ) မြောင်းမြမြို့နယ် (၅၀×၃၀×၁၅)ပေ ကျူဝါးပညာပေးစခန်းပြုပြင်ခြင်း၊

(င) ဝါးခယ်မမြို့နယ် (၄၀×၃၀×၁၂)ပေ ရှေ့တန်းပညာပေးစခန်းပြုပြင်ခြင်း၊

၂။ **တင်ဒါပုံစံရရှိနိုင်သောနေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး

**တင်ဒါပုံစံများတင်သွင်းရမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၀-၉-၂၀၁၅ ရက် ရုံးချိန်

**ဖွင့်လှစ်မည့်နေရာ၊ ရက်စွဲ၊ အချိန်** - ဧရာဝတီတိုင်းဒေသကြီး တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန ၃၀-၉-၂၀၁၅ ရက်၊ နံနက် ၁၀:၀၀နာရီ

၃။ တင်ဒါပုံစံနှင့် ပတ်သက်သော လိုအပ်သည့် စည်းကမ်းချက်များ အသေးစိတ်အချက် အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ၁၀-၉-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**
**ပုသိမ်မြို့**

# စွန့်လွှတ်သည့်စိုက်ပျိုးမြေယာများကို တောင်သူများထံသို့ လွှဲပြောင်းပေးအပ်

**ဖရူဆို စက်တင်ဘာ ၃**

ကယားပြည်နယ် ဖရူဆိုမြို့ မြို့နယ်ခန်းမ၌ စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီက ဒေသခံတပ်ရင်းမှ ပြန်လည်စွန့်လွှတ်သည့် စိုက်ပျိုးမြေများအား တောင်သူများထံသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ယခင်က အကြောင်းအမျိုးမျိုးကြောင့် မြေသိမ်းဆည်းမှုများ ရှိခဲ့ကြောင်း၊ ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီအနေဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေး ကော်မရှင်၏ အစီရင်ခံစာပါ မြေသိမ်းဆည်းမှုများနှင့် ပတ်သက်ပြီး သိမ်းယူခဲ့သော ဝန်ကြီးဌာနများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပြီး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်း ပြန်လည်စွန့်လွှတ်မြေများအား မူလပိုင်ရှင်များထံ လွှဲပြောင်းပေးအပ်မှုအနေဖြင့် စုံစမ်းရေး ကော်မရှင်၏အစီရင်ခံစာပါ ပြန်လည်စွန့်လွှတ်ပေးသည့် မြေဧရိယာ ၁၆၄၇ ဒသမ ၂၇ ဧကနှင့် စုံစမ်းရေး ကော်မရှင်၏ အစီရင်ခံစာတွင် မပါသော်လည်း ကာကွယ်ရေးဝန်ကြီးဌာနမှ သီးခြားပြန်လည်စွန့်လွှတ်ပေးသည့် မြေဧရိယာ ၁၂၇၄ ဒသမ ဝ၄ ဧက စုစုပေါင်း ၂၉၂၁ ဒသမ ၃၁ ဧကကို မူလပိုင်ရှင်များနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ ဖရူဆိုမြို့ နယ်မြေခံတပ်ရင်းက စွန့်လွှတ်မြေ ၄၉၅ ဧက အနက် ယာမြေ ၃၅၁ ဒသမ ၂၆ ဧက ကို တောင်သူ ၁၀၆ ဦးထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃)များ ပေးအပ်သွားမည်ဖြစ်ပြီး ကျန်ရှိမြေ ၁၄၃ ဒသမ ၇၄ ဧကမှာ စိုက်ပျိုးလုပ်ကိုင်မရသော အခြားမြေများဖြစ်သည့်အတွက် တောင်သူများထံသို့ လွှဲပြောင်းမပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူး ဦးသိန်းဝင်းက မြေယာဥပဒေများ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ပြန်လည်စွန့်လွှတ်မြေများမှ ယာမြေ ၃၅၁ ဒသမ ၂၆ ဧကကို မူလပိုင်ရှင်များထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃)ပေးအပ်ရာ ဆိုလျားကူးကျေးရွာမှ ကိုယ်စားလှယ် မြို့မအုပ်စုဥက္ကဋ္ဌ ဦးထျူရက လက်ခံယူသည်။

ထို့နောက် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) ရရှိသူများကိုယ်စား တက်ရောက်လာသူ ဦးဖဲဘူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**



# တပ်ကုန်းမြို့နယ်တွင် စက်ယန္တရားများဖြင့် လမ်းချဲ့ပြုပြင်နေ

**တပ်ကုန်း စက်တင်ဘာ ၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း နဂါးရုံဘုရားအနီး မိုင်တိုင်အမှတ် ၂၇၀/၁ နှင့် ၂၇၀/၂ ကြားတွင် စက်ယန္တရားများဖြင့် တောင်ဖြိုလမ်းချဲ့နေသဖြင့် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ အနီးဝန်းကျင်မှ ယာဉ်များ၊ ဆိုင်ကယ်များ ဖြတ်သန်းသွားလာရာတွင် အချိန်လျှော့မောင်းနှင်ရန်နှင့် ညအချိန်အထူးသတိပြု မောင်းနှင်ကြရန် လိုအပ်ကြောင်း သိရသည်။

**တင်စိုးလွင်(တပ်ကုန်း)**

# ခြေလျင်နှင့်တောင်တက်အကြောင်း သိကောင်းစရာဟောပြော

**မန္တလေး စက်တင်ဘာ ၃**

ရတနာပုံတက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်းက ကြီးမှူး၍ ခြေလျင်နှင့် တောင်တက်အကြောင်း သိကောင်းစရာ ဟောပြောပွဲကို ဩဂုတ်လ နောက်ဆုံးပတ်က ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက အမှာစကား ပြောကြား၍ မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာပိုင်စိုးက ခြေလျင်နှင့် တောင်တက်အကြောင်း သိကောင်းစရာများကို ဟောပြောပို့ချသည်။

ခြေလျင်နှင့် တောင်တက်အသင်း၏ နှစ်အလိုက် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် တောင်တက်ရာတွင် အသုံးပြုသော တောင်တက်ပစ္စည်းကိရိယာများကို ရတနာပုံတက္ကသိုလ်၊ ပင်မဆောင်မြေညီထပ်တွင် ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၈-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိခဲ့သော တက္ကသိုလ် ဆရာတစ်ဦး၏ "ကြိုတင်မဲဘယ်လိုပေးကြမလဲ" ဆောင်းပါးတွင် မဲဆန္ဒနယ်အတွင်းရှိ မဲဆန္ဒရှင်များ ကြိုတင်မဲပေးရာ၌ ဆန္ဒပြုရာတွင် ဘောပင်ဖြင့် အမှန်ခြစ် ခြစ်၍ **အစား** တံဆိပ်တုံးဖြင့်သာ ဆန္ဒပြုရမည်ဖြစ်ကြောင်း ပြင်ဆင်ဖတ်ရှုပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။

(မှတ်ချက်- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၅ ဖြင့် ၂၀၁၅ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ" အရဖြစ်ပါသည်။) **(စာရေးသူ)**

# ဇီဝိတဒါနသံဃာ့ဆေးရုံတွင် လူပုဂ္ဂိုလ်များအား တီဘီရောဂါအခမဲ့စမ်းသပ်ကုသပေးမည်

**ရန်ကုန် စက်တင်ဘာ ၃**

ဇီဝိတဒါနသံဃာ့ဆေးရုံ(ရန်ကုန်)သည် မြန်မာနိုင်ငံဆရာဝန်များအသင်း၏ PPM-TB Project နှင့်ပူးပေါင်း၍ တီဘီရောဂါခံစားနေသူများကို စက်တင်ဘာ ၂ ရက် နေ့မှစ၍ အခမဲ့စမ်းသပ်ကုသပေးလျက်ရှိသည်။

အဆိုပါအစီအစဉ်သည် ပြင်ပလူနာလူပုဂ္ဂိုလ်များအတွက်ဖြစ်ပြီး လူမျိုးမရွေး၊ အဆင့်အတန်းမရွေး အပတ်စဉ်ဗုဒ္ဓဟူးနေ့နှင့်သောကြာနေ့နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လူနာများကို လက်ခံစမ်းသပ်ကုသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပြိုင်ပွဲ အခမဲ့ကြည့်ရှုနိုင်

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်) မှ စီစဉ်သည့် မျိုးဆက်သစ် Myanmar Fight မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမျိုးဆက်သစ်လက်ဝှေ့ပြိုင်ပွဲငါးကြိမ်မြောက်တွင် ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းမှ လူငယ်လက်ဝှေ့သမားများ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ သုံးချီစိန်ခေါ်ပွဲတွင် ဒေါင်ကောင်း(ငှက်အော်စမ်း)နှင့် ဖိုက်တာ(အဖြူရောင်သွေးသစ်)၊ ဒိုးလုံး(အဖြူရောင်သွေးသစ်)နှင့် စိုးကြည်သိန်း(ငှက်အော်စမ်း)၊ ကေတုမတီမောင် (အဖြူရောင်သွေးသစ်)နှင့် သက်ဦးထွန်း(ငှက်အော်စမ်း)၊ ထွန်းကို (တောင်ကလေး)နှင့် နိုင်ကိုလင်း(ငှက်အော်စမ်း)၊ ရန်တိုင်းအောင်(အလင်းရောင်)နှင့် ဒိုးလေး (အဖြူရောင်သွေးသစ်)တို့ဖြစ်ကာ လေးချီပွဲ၌ မင်းနိုင်ထွန်း (တောင်ကလေး)နှင့် ရှမ်းကြီး(အဖြူရောင်သွေးသစ်)၊ ကျားဗဟိန်း(အလင်းရောင်)နှင့် ကျော်ကြား(တောင်ကလေး) တို့ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး လက်ဝှေ့ဝါသနာရှင်များ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**


**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/6883, Toyota Vitz Scp 90,Hatch Back(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သောင်း ၁၃/တကန(နိုင်) ဝ၁၂၈၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် BB/7340, Nissan Wing Road Y12,S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ နှစ်သုံးလုံးရောင်းဝယ်ရေးကုမ္ပဏီမှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

(၁) မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကလေးမြို့နယ်၊ ကလေး-ဂန့်ဂေါလမ်းမကြီးမှ ရေလဲဦး-ပေါက်ခုန်လမ်း မြေသားတာပေါင်တင်ပြီး သဲကျောက်ခင်းခြင်းလုပ်ငန်း (၃/၀ ဒသမ ၆၂ မိုင်)၊ ဆည်တောဦး-သဖန်းအိုင်-ဖောင်းကူးလမ်း မြေသားတာပေါင်တင်ပြီး သဲကျောက်ခင်းခြင်းလုပ်ငန်း (၄/၀မိုင်) ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၃-၉-၂၀၁၅ရက်မှ စတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ရယူ၍ ၃-၉-၂၀၁၅ရက်မှ ၁၄-၁၀-၂၀၁၅ ရက်အထိ တင်ဒါတင်သွင်းနိုင်ကြောင်း ၂-၉-၂၀၁၅ရက် သတင်းစာတွင် ကြော်ငြာခြင်းအစား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ကြောင်း ထပ်မံကြေညာအပ်ပါသည်။


(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၃-၉-၂၀၁၅ရက်မှ ၁၄-၉-၂၀၁၅ရက်အထိ


(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

(၂) သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(၃) အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၅၃၄၊ ၂၄၃၁၅ နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၁-၂၆၅၂၀၊ ၂၆၁၉၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**



# နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

***ယမန်နေ့မှအဆက်***

(ဃ) နျူကလီးယားနည်းပညာ အသုံးချမှုနှင့်စပ်လျဉ်း၍ နိုင်ငံတကာက လိုက်နာကျင့်သုံးလျက်ရှိသော ကတိကဝတ်များနှင့်အညီ ဆောင်ရွက်စေရန်။

**အခန်း(၃)**

**နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးကော်မတီ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) နျူကလီးယားဘေးအန္တရာယ် ကင်းရှင်းရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ — ဥက္ကဋ္ဌ

(၂) ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန၊ — အဖွဲ့ဝင်

(၃) ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန၊ — အဖွဲ့ဝင်

(၄) ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန၊ — အဖွဲ့ဝင်

(၅) ဒုတိယဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ — အဖွဲ့ဝင်

(၆) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမည်စာရင်း တင်သွင်းသော သိပ္ပံပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များ၊ — အဖွဲ့ဝင်များ

(၇) ညွှန်ကြားရေးမှူးချုပ် နျူကလီးယားဘေးအန္တရာယ် ကင်းရှင်းရေးဦးစီးဌာန။ — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသောကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံမှု၊ နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်မှုများကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ နျူကလီးယားစွမ်းအင်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေဆိုင်ရာမူဝါဒများ ချမှတ်ပေးခြင်း၊

(ဂ) ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေရေးဆွဲနိုင်ရေးအတွက် လမ်းညွှန်ပေးခြင်း၊ မူဝါဒများ ချမှတ်ပေးခြင်း၊

(ဃ) နျူကလီးယားစွမ်းအင်နှင့်ပတ်သက်သော သိပ္ပံနှင့်နည်းပညာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေဘဲ တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်နိုင်စေရေးတို့အတွက် လမ်းညွှန်ပေးခြင်း၊ မူဝါဒများ ချမှတ်ပေးခြင်း၊

(င) ဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အခြားဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ဥပဒေအရ သတ်မှတ်ထားသော လုပ်ပိုင်ခွင့်ဘောင်အတွင်း နျူကလီးယားစွမ်းအင်ကို လုံခြုံဘေးကင်းစွာ အသုံးပြုခြင်းနှင့် ဆက်စပ်နေသည့် ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ပေးခြင်း၊ မူဝါဒများ ချမှတ်ပေးခြင်း၊

(စ) နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့တွင် ပါဝင်ဆောင်ရွက်မည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ လိုအပ်သောအရည်အသွေးများကို သတ်မှတ်ပေးခြင်း။

**အခန်း(၄)**

**နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဦးစီးဌာန**

၆။ ပြည်ထောင်စုအစိုးရသည် နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများကို ထိန်းချုပ်နိုင်ရန် နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဦးစီးဌာနကို ဖွဲ့စည်းရမည်။

၇။ ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ချမှတ်ထားသော အမျိုးသားအဆင့်မူဝါဒများနှင့် အရေးယူဆောင်ရွက်မှုများကို ကော်မတီ၏ကိုယ်စား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ရေးဆွဲခြင်း၊

(ဂ) လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင်အား အိုင်းယွန်းဖြစ် ရောင်ခြည်သင့်ခြင်းအန္တရာယ်မှ ကာကွယ်ပေးနိုင်သော ဓာတ်ရောင်ခြည်ကာကွယ်ရေးဆိုင်ရာ စံချိန်စံညွှန်းများကို သတ်မှတ်ရေးဆွဲခြင်း၊

(ဃ) နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများအတွက် လိုက်နာဆောင်ရွက်ရမည့် အခြေခံလိုအပ်ချက်များကို သတ်မှတ်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ပြန်ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(င) ဥပဒေနှင့်နည်းဥပဒေများထိန်းချုပ်မှုမှ ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် သတ်မှတ်ပေးခြင်း၊

(စ) နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများကို လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အခြေခံလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ အတည်ပြုနိုင်ရေးအတွက် စုံစမ်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ဝင်ရောက်တိုင်းတာစစ်ဆေးခြင်းတို့ ဆောင်ရွက်ပြီး ကိုက်ညီမှုမရှိပါက ဥပဒေအရ လိုအပ်သလို ဆောင်ရွက်ခြင်း၊

(ဆ) နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ဆောင်ရွက်ရန် လိုင်စင်ရရှိထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအတွက် ငွေကြေးအပါအဝင် လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်း၊

(ဇ) လိုင်စင်ထုတ်ပေးထားသော နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများကို ဆောင်ရွက်နေသည့် မည်သည့်နေရာတွင်မဆို နျူကလီးယားဘေးအန္တရာယ်သင့်မှုနှင့် ထိုသို့ဖြစ်နိုင်ခြေရှိသောအခြေအနေများကို ဖော်ထုတ်သိရှိရပါက တိကျမှန်ကန်စွာ အရေးယူဆောင်ရွက်ခြင်း၊

(ဈ) နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများကို လုံခြုံစိတ်ချစွာ လည်ပတ်မောင်းနှင်မည့်ပုဂ္ဂိုလ်သည် သတ်မှတ်ထားသော အရည်အချင်းပြည့်ဝသူဖြစ်ကြောင်း အတည်ပြုပေးခြင်း၊

(ည) နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုင်စင်များအတွက် ကျသင့်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ပေးခြင်း၊

(ဋ) နည်းဥပဒေအရ ထိန်းချုပ်မှုတွင် ထည့်သွင်းစဉ်းစားရန် မလိုအပ်သော အိုင်းယွန်းဖြစ်ရောင်ခြည်များ၏ လူပုဂ္ဂိုလ်များအပေါ် သင့်ရောက်မှုပမာဏများအား သတ်မှတ်ပေးခြင်း၊

(ဌ) ဓာတ်ရောင်ခြည်ပင်ရင်းများမှတ်ပုံတင်ခြင်း အမျိုးသားအဆင့်စနစ်ကို ထူထောင်ထိန်းသိမ်းခြင်း၊

(ဍ) ဤဥပဒေအရ နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများကို ဆောင်ရွက်ရန် လိုင်စင်ရရှိထားသူများမှတ်ပုံတင်ခြင်း အမျိုးသားအဆင့် စနစ်တစ်ခုကိုလည်း ထူထောင်ထိန်းသိမ်းခြင်း၊

(ဎ) ဦးစီးဌာနသည် ပုံမှန်စစ်ဆေးမှုများကို ဆောင်ရွက်နိုင်သည့်အပြင် ပြဋ္ဌာန်းထားသော လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာဥပဒေအား လိုက်နာမှုရှိမရှိ၊ နည်းဥပဒေများနှင့် ကိုက်ညီမှု ရှိမရှိ၊ စည်းမျဉ်း၊ စည်းကမ်း၊ အခြေခံသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိမရှိ စိစစ်ရန်လိုအပ်ပါက အခြားသော စုံစမ်းစစ်ဆေးမေးမြန်းမှုများကို ဆောင်ရွက်နိုင်ခွင့်ရှိခြင်း၊

(ဏ) မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီတို့အကြား သဘောတူညီထားသည့် သဘောတူညီချက်များ၊ စာချုပ်စာတမ်းများ၊ ပဋိညာဉ်နှင့်ယင်းတို့၏ နောက်ဆက်တွဲစာချုပ်များကို နိုင်ငံတော်ကိုယ်စား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(တ) မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီတို့အကြား နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာ သဘောတူညီချက်နှင့် နောက်ဆက်တွဲစာချုပ်များအရ အမျိုးသားအဆင့် နျူကလီးယားဒြပ်ပစ္စည်းများကို ထိန်းချုပ်ရေးနှင့် စာရင်းဇယားထားရှိသည့်စနစ်၊ လိုင်စင်များအား မှတ်ပုံတင်သည့်စနစ်နှင့် လိုအပ်သော အစီရင်ခံစာတင်သွင်းခြင်းနှင့် မှတ်တမ်းများ ထိန်းသိမ်းထားရှိသည့် စနစ်တို့ကို ထူထောင်ထိန်းသိမ်းခြင်း၊

(ထ) နျူကလီးယားနှင့် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ၊ ရေဒီယိုသတ္တိကြွပင်ရင်းများ၊ ပစ္စည်းကိရိယာများ၊ သတင်းအချက်အလက်နှင့် နည်းပညာများအားတင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့ကိုထိန်းချုပ်သော စနစ်တစ်ရပ်အား အခြားသက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထူထောင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဒ) နျူကလီးယားနှင့်ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ၊ ယင်းတို့နှင့်ဆက်စပ်အဆောက်အအုံများ၏ လုံခြုံရေးအတွက် ခွင့်ပြုချက်မဲ့ လုပ်ဆောင်မှု သို့မဟုတ် မသင့်လျော်ဖွယ်ရာ လုပ်ဆောင်မှုများကို တိုင်းတာစစ်ဆေးခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းများအပါအဝင် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုများကို ထူထောင်ခြင်း၊

(ဓ) နျူကလီးယားနှင့် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သော နျူကလီးယား သို့မဟုတ် ဓာတ်ရောင်ခြည်ဆိုင်ရာ အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ စီမံချက်တစ်ရပ်ကို ထူထောင်ဆောင်ရွက်ရာတွင် အခြားသက်ဆိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(န) ဦးစီးဌာန၏လုပ်ငန်းတာဝန်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည်ဟုယူဆပါက အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း၊

(ပ) အန္တရာယ်ရှိကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့်လုံခြုံရေး၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး၊ ကျန်းမာရေးနှင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ် ကင်းရှင်းရေးကဲ့သို့သော နယ်ပယ်များတွင် အခြားသက်ဆိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဖ) ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် သုတေသနလုပ်ငန်းများ စီမံဆောင်ရွက်ခြင်း၊

(ဗ) ထူးခြားဖြစ်ရပ်များ၊ မတော်တဆဖြစ်ရပ်များနှင့် ပုံမှန်မဟုတ်သောဖြစ်ရပ်များ အပါအဝင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နည်းဥပဒေဆိုင်ရာလုပ်ငန်းစဉ်များ၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူလူထုနှင့် နျူကလီးယားနှင့်ဆက်စပ်နေသော အဖွဲ့အစည်းများအား အသိပေးခြင်းနှင့် အကြံပြုနိုင်ရန်အတွက် သင့်လျော်သော လုပ်ငန်းအဖွဲ့နှင့် လုပ်ငန်းစဉ်များကို ထူထောင်ခြင်း၊

(ဘ) လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လိုအပ်ပါက ပုဂ္ဂလိက သို့မဟုတ် လူထုအဖွဲ့အစည်းများ၊ ပြည်သူလူထုထံမှ သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများ၊ ထင်မြင်ယူဆချက်များကို တောင်းခံခြင်း၊

(မ) နိုင်ငံအတွင်းရှိ ပြည်သူများနှင့်ပတ်ဝန်းကျင်ကို ဓာတ်ရောင်ခြည်ဘေးအန္တရာယ်မှ ကာကွယ်ရန်လိုအပ်သည့် ဆောင်ရွက်ချက်ကို လုပ်ဆောင်ခြင်း။

**အခန်း(၅)**

**ကြိုတင်ခွင့်ပြုချက်တောင်းခံခြင်း၊ မှတ်ပုံတင်ခြင်း၊ လိုင်စင်လျှောက်ထားခြင်း**

၈။ နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုတစ်မျိုးမျိုးကို ဆောင်ရွက်လိုသူသည် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ ကြိုတင်အသိပေးအကြောင်းစာပေးပို့ခြင်း၊ ကြိုတင်ခွင့်ပြုချက်တောင်းခံခြင်း၊ မှတ်ပုံတင်ခြင်း၊ လိုင်စင်လျှောက်ထားခြင်းများ ဆောင်ရွက်ရမည်။

၉။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၈ အရ မှတ်ပုံတင်လျှောက်ထားခြင်းကို သတ်မှတ်ချက်နှင့်အညီစိစစ်ပြီး မှတ်ပုံတင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ငြင်းပယ်ခြင်းပြုလျှင် ငြင်းပယ်ရသည့် ကျိုးကြောင်းဖော်ပြချက်ကို မှတ်ပုံတင်လျှောက်ထားသူအား အကြောင်းပြန်ကြားရမည်။

(ဂ) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်စည်းမျဉ်း၊ စည်းကမ်းများကို သတ်မှတ်ရမည်။

၁၀။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) လိုအပ်ပါကသတ်မှတ်ချက်များနှင့်အညီ လိုင်စင်လျှောက်ထားသည်။

၁၁။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၈ အရ လိုင်စင်လျှောက်ထားခြင်းများကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ငြင်းပယ်ခြင်းပြုလျှင် ငြင်းပယ်ရသည့် ကျိုးကြောင်းဖော်ပြချက်ကို မှတ်ပုံတင်လျှောက်ထားသူအား အကြောင်းပြန်ကြားရမည်။

(ဂ) လိုင်စင်ကြေး၊ လိုင်စင်လက်ဝယ်ထားပိုင်ခွင့်နှင့် လိုင်စင်စည်းကမ်းသတ်မှတ်ချက်များသည် ဤဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။

၁၂။ လိုင်စင်ရရှိသူသည် ဤဥပဒေပါလုပ်ငန်းနှင့် လုပ်ဆောင်မှုများကို စတင်ဆောင်ရွက်ခြင်းမပြုမီ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ရောင်ခြည်ထုတ်ကိရိယာ သို့မဟုတ် ပင်ရင်းများ၏ လုံခြုံစိတ်ချရမှု၊ လူနှင့်ပတ်ဝန်းကျင်အား ဘေးအန္တရာယ် ကင်းရှင်းစေမှုနှင့် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးအတည်ပြုထားသည့် နျူကလီးယားနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများကို လိုက်နာမှု ရှိ မရှိတို့အတွက် ဦးစီးဌာန၏စစ်ဆေးခြင်းကို ခံယူရမည်။

၁၃။ လိုင်စင်ရရှိသူသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

***စာမျက်နှာ ၁၆ သို့***

*စာမျက်နှာ (၁၅)မှ*

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကိုလိုက်နာရမည်။
(ဂ) ချူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ယင်းတို့နှင့် ဆက်စပ်ပစ္စည်းများကို နိုင်ငံတွင်းတွင် သယ်ယူပို့ဆောင်ရာတွင် လည်းကောင်း၊ နိုင်ငံပိုင်နယ်နိမိတ်ကို အသုံးပြု၍ သယ်ဆောင်ရာတွင်လည်းကောင်း၊ နည်းဥပဒေပါ စည်းကမ်းချက်များနှင့်အညီ သယ်ဆောင်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံက လက်မှတ်ရေးထိုး အတည်ပြုထားသည့် နျူကလီးယားနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများကိုလည်း လိုက်နာရမည်။
(ဃ) နျူကလီးယားဒြပ်ပစ္စည်းများ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ရောင်ခြည်ထုတ်ကိရိယာ၊ ယင်းတို့နှင့် ဆက်စပ်ပစ္စည်းများကို မှတ်ပုံတင်ထားရာ နေရာဒေသတစ်ခုခုမှ အခြားနေရာဒေသတစ်ခုခုသို့ ပြောင်းလဲပြီး သယ်ယူပို့ဆောင်မည်ဆိုပါက လည်းကောင်း၊ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို လိုင်စင်ပါ မူလနေရာဒေသမှ အခြားနေရာဒေသသို့ ပြောင်းရွှေ့ချထားလုပ်ကိုင်မည်ဆိုပါက လည်းကောင်း ဦးစီးဌာနသို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုချက်ရယူရမည်။
(င) ဤဥပဒေပါ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို လုပ်ကိုင်ရာတွင် လူနှင့်ပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း မရှိစေရန် သက်ဆိုင်ရာဥပဒေများကို လိုက်နာရမည်။

၁၄။ ဤ ဥပဒေပါ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို လုပ်ကိုင်ရာတွင် လူနှင့်တိရစ္ဆာန်တို့ကိုလည်းကောင်း၊ သဘာဝနှင့်ပတ်ဝန်းကျင်ကိုသော်လည်းကောင်း ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်ပါက လျော်ကြေးပေးဆောင်နိုင်ရန် အာမခံထားရှိရမည့်အပြင် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးအတည်ပြုထားသည့် အပြည်ပြည်ဆိုင်ရာ နျူကလီးယားကြောင့် ထိခိုက်ပျက်စီးမှုဆိုင်ရာ လျော်ကြေးပေးမှု စာချုပ်စာတမ်းများကို လိုက်နာရမည်။

၁၅။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးရန် အဆိုပါလိုင်စင်သက်တမ်း မကုန်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၆။ ဦးစီးဌာနသည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး လိုင်စင်သက်တမ်းတိုးပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ငြင်းပယ်ခြင်းပြုလျှင် ငြင်းပယ်ရသည့် ကျိုးကြောင်းဖော်ပြချက်ကို မှတ်ပုံတင်လျှောက်ထားသူအား အကြောင်းပြန်ကြားရမည်။

၁၇။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင်သည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်-
(က) လိုင်စင်ကိုပြန်လည်အပ်နှံခြင်း၊
(ခ) လိုင်စင်သက်တမ်းကုန်ဆုံးချိန်အထိ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားမှု မရှိခြင်း၊
(ဂ) ဤဥပဒေအရ လိုင်စင်ကိုပယ်ဖျက်ခံရခြင်း။

၁၈။ လိုင်စင်ရရှိသူသည်-
(က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ကို ပြန်လည်လျှောက်ထားနိုင်သည်။
(ခ) ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဂ)အရ လိုင်စင်ပျက်ပြယ်သည့် ကိစ္စတွင် လိုင်စင်ပြန်လည်လျှောက်ထားခွင့်မရှိစေရ။

၁၉။ ဦးစီးဌာနသည် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံပြီး လိုအပ်သော သင်တန်းများ ပြီးဆုံးအောင်မြင်ထားသူကိုသာ နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးမှူးအဖြစ် ခန့်အပ်ရမည်။ စစ်ဆေးရမည့် အစီအစဉ်များနှင့် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကိုလည်း သတ်မှတ်ပေးရမည်။

၂၀။ စစ်ဆေးရေးမှူးများသည် နျူကလီးယားဆိုင်ရာ လုပ်ငန်းနှင့် လုပ်ဆောင်မှုများ ဆောင်ရွက်နေသည့် အဆောက်အအုံ သို့မဟုတ် လုပ်ငန်းနေရာသို့ မည်သည့်အချိန်တွင်မဆို သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်စစ်ဆေးခွင့်ရှိသည်။

၂၁။ ဦးစီးဌာနသည် လိုင်စင်ရရှိထားသူ သို့မဟုတ် အဖွဲ့အစည်းက လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ ဥပဒေကို လိုက်နာမှုမရှိခြင်း၊ နည်းဥပဒေများနှင့် ကိုက်ညီမှုမရှိခြင်း၊ စည်းမျဉ်း၊ စည်းကမ်း၊ အခြေခံသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိခြင်းတို့ကို တွေ့ရှိရပါက ချိုးဖောက်မှုပမာဏအလိုက် လိုအပ်သလိုအရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်။

၂၂။ ဘေးန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး အရေးပါမှုအဆင့် အသင့်အတင့်သာရှိသော ဥပဒေ ချိုးဖောက်မှုကိစ္စရပ်များအတွက် ဦးစီးဌာနသည် စာဖြင့်ရေးသားထားသည့် သတိပေးချက်ထုတ်ပြန်၍ ပြန်လည်တည့်မတ်ခြင်းလုပ်ငန်းကို ပြီးစီးအောင်ဆောင်ရွက်နိုင်ရန် အချိန်ကာလ သတ်မှတ်ပေးရမည်။

၂၃။ အန္တရာယ်ရှိသောကိစ္စရပ်များတွင် လူနှင့်ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် ဦးစီးဌာနသည် လိုင်စင်ရရှိထားသော လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအား ယင်းတို့၏လုပ်ဆောင်မှုများကို ပုံမှန်အခြေအနေရောက်ရှိရန် ပြုပြင်ပြီးသည့်အချိန်အထိ ဥပဒေကြောင်းအရ အရေးယူခြင်းကို ဆိုင်းငံ့ထားနိုင်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဦးစီးဌာနအနေဖြင့် လိုင်စင်ဆိုင်ရာအခြေခံသတ်မှတ်ချက်များကို ဆိုင်းငံ့ခြင်း၊ ဖျက်သိမ်းခြင်း၊ သက်တမ်းပြောင်းလဲ သတ်မှတ်ခြင်းများ ပြုလုပ်နိုင်သည်။

၂၄။ လိုင်စင်ဆိုင်ရာ အခြေခံသတ်မှတ်ချက်များကို ဆက်တိုက် သို့မဟုတ် အလွန်အကျွံ ချိုးဖောက်ခြင်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်သို့ ရေဒီယို သတ္တိကြွစွန့်ပစ်ပစ္စည်းများ ပမာဏကြီးမားစွာ စွန့်ထုတ်ခြင်းပြုသည့် လိုင်စင်ရရှိသူကို ဦးစီးဌာနက လိုင်စင်ကိုရုပ်သိမ်းရမည်။ ထို့ပြင် ဦးစီးဌာနသည် လုံခြုံမှုမရှိသောအခြေအနေမှ ပြန်လည်တည့်မတ်နိုင်ရေးအတွက် ဆောင်ရွက်ရန် လိုင်စင်ရရှိသူကို ညွှန်ကြားရမည်။

## အခန်း(၆)
## ဓာတ်ရောင်ခြည်ကာကွယ်ရေး

၂၅။ ဦးစီးဌာနသည် အိုင်းယွန်းဖြစ်ရောင်ခြည် ထုတ်လွှတ်မှုကြောင့် လူပုဂ္ဂိုလ်များကို ထိခိုက်မှုမှ ကာကွယ်နိုင်သည့် အခြေခံလိုအပ်ချက်များကို လက်ခံကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

၂၆။ ဦးစီးဌာနသည် ဤဥပဒေအရ နျူကလီးယားဆိုင်ရာ လုပ်ငန်းနှင့် လုပ်ဆောင်မှုများ လုပ်ကိုင်နေသော လူပုဂ္ဂိုလ်များကို အများဆုံးသင့်ရောက်ခွင့်ပြုသည့် ဓာတ်ရောင်ခြည်ပမာဏ သတ်မှတ်ပေးရမည်။

၂၇။ ဦးစီးဌာနသည် စိစစ်ထားသော ပင်ရင်း သို့မဟုတ် လုပ်ငန်းများကို ဥပဒေကြောင်းအရ ထိန်းချုပ်မှုအောက်မှ ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် စံသတ်မှတ်ချက်များ သတ်မှတ်ပေးရမည်။

၂၈။ ဦးစီးဌာနသည် လိုင်စင်ရရှိထားသော လုပ်ငန်းနှင့် လုပ်ဆောင်မှုများတွင် အသုံးပြုလျက်ရှိသော ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် အရာဝတ္ထုများကို ဥပဒေထိန်းချုပ်မှုအောက်မှ လွတ်ငြိမ်းခွင့်ပြုနိုင်ရေးအတွက် အန္တရာယ်ကင်းအဆင့်များကို သတ်မှတ်ပေးရမည်။

၂၉။ ဦးစီးဌာနသည် လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို လိုင်စင်ထုတ်မပေးမီ ဓာတ်ရောင်ခြည်ကာကွယ်ရေးအတွက် လိုင်စင်ရရှိသူများ လိုက်နာကျင့်သုံးဆောင်ရွက်ရမည့် အခြေခံလိုအပ်ချက်များကို အသိပေးရမည်။

၃၀။ လိုင်စင်ရရှိသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ယင်း၏ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို ဓာတ်ရောင်ခြည်အန္တရာယ်မှ ဘေးကင်းစွာနှင့် လုံခြုံစိတ်ချစွာ ဆောင်ရွက်ရန်သော်လည်းကောင်း၊ ယင်းသို့ဆောင်ရွက်ထားမှုသည် စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်း သေချာစေရန် စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုရန်သော်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လိုင်စင်ချပေးရန်လိုအပ်သော နည်းဥပဒေဆိုင်ရာ လိုအပ်ချက်များ၊ အခြေအနေများနှင့် ကိုက်ညီမှုရှိစေရေးအတွက် လိုက်နာဆောင်ရွက်ရန် မူလနှင့်အဓိကတာဝန်ရှိသည်။

## အခန်း (၇)
## ရေဒီယိုသတ္တိကြွပင်ရင်းများ

၃၁။ ဦးစီးဌာနသည် ရေဒီယိုသတ္တိကြွပင်ရင်းများနှင့် ရေဒီယိုသတ္တိကြွပင်ရင်းသုံးကိရိယာများကို ၎င်းပင်ရင်းများ၏ ရေဒီယိုသတ္တိကြွသက်တမ်းအတွင်းနှင့် သက်တမ်းကုန်ဆုံးသည့်အခါ ဘေးအန္တရာယ်ကင်းစွာ စီမံထားရှိမှုနှင့် လုံခြုံစွာကာကွယ်ထားရှိမှုတို့ကို ထိန်းချုပ်နိုင်မည့် စနစ်တစ်ရပ်ကို ထူထောင်ရမည်။

၃၂။ ဦးစီးဌာနသည် ရေဒီယိုသတ္တိကြွပင်ရင်းများကို ဘေးအန္တရာယ်ကင်းစွာထားရှိမှုနှင့် လုံခြုံစွာကာကွယ်ထားရှိမှုများဆောင်ရွက်ရန်သော် လည်းကောင်း၊ ရေဒီယိုသတ္တိကြွပင်ရင်းများ မှတ်ပုံတင်ခြင်း အမျိုးသားအဆင့်ဆောင်ရွက်ရန်သော် လည်းကောင်း အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုထုတ်ပြန်ထားသော လမ်းညွှန်ချက်များအရ ပင်ရင်းများကို အမျိုးအစားခွဲခြားသတ်မှတ်ခြင်းကို လက်ခံကျင့်သုံးရမည်။

၃၃။ ရေဒီယိုသတ္တိကြွပင်ရင်းများကို ဘေးအန္တရာယ်ကင်းစွာနှင့် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေးသည် ထိုပင်ရင်းများကို ပိုင်ဆိုင်အသုံးပြုခွင့် ရရှိထားသူ၏ မူလနှင့် အဓိကတာဝန်ဖြစ်သည်။

၃၄။ ဦးစီးဌာနသည် အမျိုးသားအဆင့် ရေဒီယိုသတ္တိကြွပင်ရင်းများ မှတ်ပုံတင်ခြင်းကို ထူထောင်ထိန်းသိမ်းရမည်။ ယင်းစနစ်တွင်ပါဝင်သော သတင်းအချက်အလက်များကို ကာကွယ်ရန် အစီအမံများချမှတ်ဆောင်ရွက်ရမည်။

၃၅။ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု လမ်းညွှန်ချက်များကို အခြေခံ၍ ဦးစီးဌာနသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်နယ်နိမိတ်မှ သို့မဟုတ် နယ်နိမိတ်သို့ သို့မဟုတ် နယ်နိမိတ်ကို ဖြတ်သန်း၍ ရေဒီယိုသတ္တိကြွပင်ရင်းများအား တင်ပို့ခြင်း၊ တင်သွင်းခြင်းနှင့် တစ်ဆင့်ကူးပြောင်းခြင်းများအတွက် လိုင်စင်ထုတ်ပေးရန်အလို့ငှာ နည်းဥပဒေဆိုင်ရာ လိုအပ်ချက်များနှင့် လုပ်ငန်းစဉ်များကို ချမှတ်ရမည်။

၃၆။ ရေဒီယိုသတ္တိကြွပင်ရင်းများ ထိန်းချုပ်မှုအောက်မှ ပျောက်ဆုံးခြင်း သို့မဟုတ် လူပုဂ္ဂိုလ်များသို့ ထိခိုက်ဒဏ်ရာရစေနိုင်ခြင်း၊ ပစ္စည်းဥစ္စာ သို့မဟုတ် ပတ်ဝန်းကျင်တွင် ပျက်စီးဆုံးရှုံးခြင်း သို့မဟုတ် အခြားမည်သည့် အခြေအနေမျိုးကိုမဆို ရောင်ခြည်ထုတ်ပင်ရင်းများနှင့် ဆက်နွှယ်သည့် ထိခိုက်မှုများကို ဦးစီးဌာနသို့ ချက်ချင်းအစီရင်ခံမည့် လိုင်စင်ပေးအပ်ခြင်းခံရသူများရှိရမည်။

၃၇။ ဦးစီးဌာနသည် ပိုင်ရှင်မဲ့ပင်ရင်းများအပေါ် ချက်ချင်းပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် အမျိုးသားအဆင့်နည်းဗျူဟာရေးဆွဲရန် ဆက်စပ်သက်ဆိုင်သော အစိုးရအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ အဆိုပါအမျိုးသားအဆင့် နည်းဗျူဟာကို ကော်မတီ၏ အတည်ပြုချက်ရယူရမည်။

## အခန်း(၈)
## နျူကလီးယားအဆောက်အအုံများ ဘေးကင်းလုံခြုံရေး

၃၈။ ဦးစီးဌာနသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင် နယ်နိမိတ်အတွင်းရှိ နျူကလီးယား အဆောက်အအုံများနှင့် ယင်းနှင့်ဆက်စပ်သော လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို စနစ်တကျ ထိန်းချုပ်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်များကို သတ်မှတ်ရမည်။

၃၉။ နျူကလီးယားအဆောက်အအုံ တည်ဆောက်မှု သို့မဟုတ် လည်ပတ်မောင်းနှင်မှု သို့မဟုတ် ၎င်းနှင့်ဆက်စပ်သော လုပ်ငန်းနှင့်လုပ်ဆောင်မှုများ ဆောင်ရွက်လိုသူသည် ဦးစီးဌာနက သတ်မှတ်ချက်နှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၄၀။ လိုင်စင်ရရှိသူသည် နျူကလီးယားအဆောက်အအုံနှင့် ယင်းနှင့်ဆက်စပ်သောလုပ်ငန်းနှင့် လုပ်ဆောင်မှုများအားလုံး ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးတို့ကို သေချာစေရန်အတွက် မူလနှင့် အဓိကတာဝန်ရှိသည်။

၄၁။ နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရန် လိုင်စင်မပေးအပ်မီ၊ လုပ်ငန်းမစတင်မီနှင့် တည်ဆောက်နေစဉ်ကာလအတွင်း အဆင့်တိုင်းတွင် ဦးစီးဌာနသည် လုပ်ငန်းအစီအစဉ်များကို ပြီးပြည့်စုံအောင် လေ့လာသုံးသပ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အတည်ပြုချက်ပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ရမည်။

၄၂။ နိုင်ငံတော်တွင် နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရန်အလို့ငှာ ပဏာမရွေးချယ်ထားသောနေရာ စိစစ်ရွေးချယ်နိုင်မည့် လုပ်ထုံးလုပ်နည်းတစ်ခုကို ဦးစီးဌာနကဦးဆောင်၍ အခြားလုပ်ငန်းကျွမ်းကျင်သူများ၊ ပညာရှင်များပါဝင်သောအဖွဲ့ဖြင့် ရေးဆွဲရမည်။

၄၃။ လိုင်စင်လျှောက်ထားသူသည် ဦးစီးဌာနက အပြန်အလှန် သုံးသပ်အကဲဖြတ်နိုင်ရေးအတွက် နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရန် သတ်မှတ်ထားသော လုပ်ငန်းတည်နေရာစိစစ်ခြင်း အစီရင်ခံစာတွင် သတ်မှတ်ချက်များနှင့်အညီ ထည့်သွင်းရေးဆွဲ ပြုစုရမည်။

၄၄။ ဦးစီးဌာနအနေဖြင့် အဆိုပြုထားသည့် နျူကလီးယားအဆောက်အအုံ စီမံကိန်းအား သုံးသပ်မှု၊ အကဲဖြတ်မှုနှင့် ထိုလုပ်ငန်းများကို လိုင်စင်ချပေးရန် ဆောင်ရွက်နေစဉ်အတွင်း အဆင့်တိုင်းတွင် သတင်းနှင့်အကြံပေးချက်များအား တည်ဆောက်ရန် ရည်မှန်းထားသောဒေသအနီးတစ်ဝိုက်ရှိ နေထိုင်သူ များအပါအဝင် ပြည်သူလူထုသို့ ထုတ်ပြန်အသိပေးနိုင်ရေးအတွက် အစီအစဉ်တစ်ခု ရေးဆွဲရမည်။

၄၅။ နျူကလီးယားဓာတ်ပေါင်းဖိုများကို ပိတ်သိမ်းချိန် တိုးမြှင့်ရာတွင် ဦးစီးဌာနက ချမှတ်ထားသော စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့် တိကျသော နည်းပညာအစီအမံများဖြင့် ပြင်ဆင်ထားရမည်။

၄၆။ ဦးစီးဌာနသည် နျူကလီးယားအဆောက်အအုံများအား ဖျက်သိမ်းခြင်းနှင့်ဆိုင်သော အခြေခံလိုအပ်ချက်များကို ချမှတ်ပေးရမည်။

၄၇။ ဦးစီးဌာနသည် နျူကလီးယားအဆောက်အအုံ တည်ဆောက်လည်ပတ်ရန် လျှောက်ထားသူကို ဆောက်လုပ်ခြင်းမစတင်မီ ဓာတ်ရောင်ခြည်ဆိုင်ရာအခြေအနေများအပါအဝင် တည်ဆောက်မည့်နေရာအတွက် အခြေခံလေ့လာစုံစမ်းမှုများကို ဆောင်ရွက်ခြင်း၊ တည်ဆောက်လည်ပတ်ပြီးနောက် ဖျက်သိမ်းပြီးစီးသည့် နောက်ဆုံးအဆင့်နှင့်နှိုင်းယှဉ်နိုင်ရန် သတင်းအချက်အလက် စုဆောင်းခြင်းများကို ပြုလုပ်ဆောင်ရွက်စေရမည်။

၄၈။ ဦးစီးဌာနသည် လိုင်စင်ရရှိသူကို နျူကလီးယားအဆောက်အအုံ မဖျက်သိမ်းမီ၊ ဖျက်သိမ်းနေစဉ်နှင့် ဖျက်သိမ်းပြီး ကာလများအတွက် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းထားစေရမည်။

၄၉။ ဦးစီးဌာနသည် နျူကလီးယားအဆောက်အအုံတစ်ခုလုံးကို ဖြစ်စေ၊ ယင်း၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အပြီးတိုင်ပိတ်သိမ်းရမည့် အချိန်သတ်မှတ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ ချမှတ်ရမည်။

၅၀။ ဦးစီးဌာနသည် လုပ်ငန်းဖျက်သိမ်းခြင်းကို အပြီးသတ်ဆောင်ရွက်ပြီးနောက် နျူကလီးယားအဆောက်အအုံ၏ နောက်ဆုံးအခြေအနေသည် သက်ဆိုင်သည့် သတ်မှတ်ထားသည့် အခြေခံလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ သေချာစေရန် အကဲဖြတ်စိစစ်ရမည်။

၅၁။ ဦးစီးဌာနအနေဖြင့် လိုင်စင်ရရှိထားသူက နျူကလီးယားအဆောက်အအုံ ဖျက်သိမ်းခြင်း စီမံချက်၏ နောက်ဆုံးအဆင့်သို့ ရောက်ရှိကြောင်း သက်သေပြနိုင်မှုမရှိသေးခြင်းနှင့် သတ်မှတ်ထားသည့် အခြေခံလိုအပ်ချက်များ ပြည့်မီကြောင်းပြသနိုင်သည့် အခြေအနေသို့ မရောက်မီအထိ ထိုအဆောက်အအုံအား ဥပဒေနှင့်အညီ ဆက်လက်ထိန်းချုပ်ထားရမည်။

၅၂။ ဦးစီးဌာနသည် နျူကလီးယားအဆောက်အအုံဖျက်သိမ်းခြင်း အစီအစဉ်နှင့်သက်ဆိုင်သည့် အခြေခံလိုအပ်ချက်များ၊ လုပ်ငန်းဖျက်သိမ်းခြင်းနှင့် ပတ်သက်သည့် လိုင်စင်ရရှိသူ၏ တာဝန်ဝတ္တရားများနှင့် ဖျက်သိမ်းခြင်းဆိုင်ရာ ဘဏ္ဍာရေးအစီအမံများ၊ လိုင်စင်ထုတ်ပေးသည့်စနစ်နှင့် နျူကလီးယားအဆောက်အအုံ လည်ပတ်မောင်းနှင်သူများ၏ အရည်အသွေးတို့ကို သတ်မှတ်ရမည်။

## အခန်း(၉)
## အရေးပေါ်ပြင်ဆင်မှုနှင့်တုံ့ပြန်မှု

၅၃။ အရေးပေါ်ဆိုင်ရာ အခြေအနေအတွက် သင့်လျော်သော ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုစီမံချက်ကို လိုင်စင်လျှောက်ထားသူက ရေးဆွဲမှုမပြီးသေးမီနှင့် ယင်းကို ဦးစီးဌာနက အတည်ပြုချက်မရသေးမီ လုပ်ငန်းနှင့်လုပ်ဆောင်မှုများဆောင်ရွက်ခြင်း၊ ပင်ရင်းများကို ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်းနှင့် နျူကလီးယားအဆောက်အအုံတစ်ခု လည်ပတ်မောင်းနှင်ခြင်းတို့ကို ဆောင်ရွက်ရန် လိုင်စင်ထုတ်ပေးခြင်းမပြုရ။

၅၄။ ဦးစီးဌာနသည် မည်သည့်လုပ်ငန်းနှင့် လုပ်ဆောင်မှုများ၊ ဓာတ်ရောင်ခြည်ပင်ရင်းများ သို့မဟုတ် နျူကလီးယားအဆောက်အအုံများအတွက် အရေးပေါ်အခြေအနေဆောင်ရွက်ရန် လိုအပ်လာနိုင်သည့် လုပ်ငန်းများ၏ လုပ်ငန်းနေရာအတွင်းနှင့် ပြင်ပတို့နှင့်စပ်လျဉ်း၍ အရေးပေါ် အခြေအနေဆိုင်ရာစီမံချက်များ ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်းတို့ကို လိုအပ်ချက်တစ်ရပ်အနေဖြင့် နည်းဥပဒေတွင် လည်းကောင်း၊ လိုင်စင်ထုတ်ပေးရန်လိုအပ်ချက်များတွင်လည်းကောင်း ထည့်သွင်းနိုင်ရန်ဆောင်ရွက်ပေးရမည်။

၅၅။ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်သည့် အမျိုးသားအဆင့် စီမံချက်များကို အခြားသောအရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် အတူတကွပူးပေါင်းရေးဆွဲရမည်။ ၎င်းအရေးပေါ်ဆိုင်ရာ စီမံချက်များကို အချိန်မှန်ပြန်လည်သုံးသပ်ခြင်း၊ ဖြည့်စွက်တင်ပြခြင်း၊ အတည်ပြုခြင်းနှင့် ကြိုတင်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ရမည်။ အရေးပေါ်ဖြစ်ပွားလာသည့်အခါ လိုင်စင်ရရှိသူသည် အရေးပေါ်စီမံချက်များကို ဦးစီးဌာန၏ အတည်ပြုချက်အတိုင်း ကိုက်ညီအောင် ဆောင်ရွက်ရမည်။

၅၆။ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အရေးပေါ်အခြေအနေ တစ်ရပ်တွင် ရေဒီယိုသတ္တိကြွညစ်ညမ်းမှုသည် နိုင်ငံတော်၏ နယ်နိမိတ်ကို ဖြတ်ကျော်၍ ပျံ့နှံ့နိုင်သည့် အန္တရာယ်ရှိပါက နိုင်ငံတော်အစိုးရသည် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီသို့လည်းကောင်း၊ ဓာတ်ရောင်ခြည်ထုတ်လွှတ်မှုကြောင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု ဖြစ်ပေါ်နိုင်သည့် နိုင်ငံ၏ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း ချက်ချင်းအကြောင်းကြားရမည်။

၅၇။ ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာပဋိညာဉ်များပါ သတ်မှတ်ချက်များအရ နျူကလီးယား သို့မဟုတ် ဓာတ်ရောင်ခြည်ဆိုင်ရာ အရေးပေါ်အခြေအနေများတွင် သတင်းအချက်အလက်နှင့် လိုအပ်သည့်အကူအညီများကို ထောက်ပံ့ရေးအတွက် ဆက်သွယ်ရမည့်အဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# စက်တင်ဘာ ၆ရက်၌ ပွင့်ဖူးလာမည့် ဂီတနက်သန်၏ ဒုတိယအားမာန်

**မလွမ်(ငွေသဇင်မင်း)**

ခါချဉ်ကောင်မာန်တင်းလို့ တောင်ကြီးဖြိုမယ့်ဟန် ခါးကမသန်ဆိုသည့် မြန်မာစကားပုံကို အမှတ်ရမိပါသည်။ ခါးမသန်သည့် နက်သန်ရှင်မျုး တစ်ဦးသို့မဟုတ် ဂီတနက်သန် ဦးအုန်းလွင်က သူ၏ချည့်နဲ့နေသော အားမာန်နှင့် ကြိုးစား၍ ပရိသတ်ကြီးကို ထပ်မံတွေ့ခွင့်ရရန် သူအစွမ်းကုန် ကြိုးစားနေသည်။ ဆရာကြီးသည် ယခုဆိုလျှင် အသက် ၉၀ ပြည့်လုပါပြီ။ ပရိသတ်ကြီးနှင့် ဝေးကွာသွားမည်ကို စိုးရိမ်ပုံရသည်။ လွန်ခဲ့သည့် နှစ် ၆၀ကျော်က ဂီတနက်သန်အဖွဲ့လေးတစ်ဖွဲ့ကို ခက်ခက်ခဲခဲ တည်ထောင်ခဲ့သည်။ ဦးဆောင်သူမှာ ဦးစောညိန်းဖြစ်ပြီး ရေးစပ်သီကုံးသော သီချင်းများနှင့် တေးသွားများမှာ အများနှင့်မတူ တစ်မူထူးခြားသော မြန်မာသံများ ဖြစ်ကြသည်။ အသုံးပြုသော တူရိယာများမှာ တယော၊ မယ်ဒလင်၊ မြန်မာဂီတာ၊ ဗုံနှင့် စည်းဝါးမျှသာဖြစ်ပြီး စည်းဝါးပေါ်အခြေခံသီဆိုရသဖြင့် သီဆိုသူက စည်းဝါးနိုင်နင်းမှ တစ်နည်းအားဖြင့် ဂီတနက်သန်သီချင်း အကြောင်း ကောင်းစွာနားလည်မှ သီဆိုနိုင်မည်ဖြစ်သည်။ တီးခတ်ပုံ၊ သီဆိုဟန်နှင့် စာသားသံစဉ်များသည် လှပသည့် ဂီတနက်သန်သီချင်းများကို အားဖြည့်ပြီး ကြိုက်နှစ်သက်သူများစွာရှိခဲ့သည်။ အသက် ၂၇ နှစ်တွင် ဦးစောညိန်းကွယ်လွန်သွားပြီးနောက် ဆရာကြီး ဦးအုန်းလွင်က ဆက်လက်အသက်သွင်းခဲ့သည်။ ယခုအခါမှာတော့ စိတ်သာရှိတော့၍ အားလျှော့ထားရပုံရသည်။ သို့ရာတွင် ကျန်ရှိသောအားလေးကို မာန်တင်းကာ ပရိသတ်ကို တင်ဆက်ချင်သေးပုံရပါသည်။

ဂီတနက်သန် လက်ကျန်ကြယ်တစ်ပွင့်၏ ဒုတိယအားမာန်တို့ကြောင့် ဇူလိုင်လကုန်တွင် ဂီတနက်သန်၏ ဒုတိယအကြိမ်တင်ဆက်ခြင်းအတွက် သီချင်းရွေးချယ်မှုကို ဂီတနက်သန်၏ တစ်ဦးတည်းသော လက်ကျန် ဦးအုန်းလွင်ကို တယောပညာရှင် ဦးတင်ရီ၊ မယ်ဒလင် မောင်ဌေးအောင်လေး၊ အဆိုရှင် မောင်ဇော်မင်းထွန်းနှင့် ငွေသဇင်မင်း မြေပဲဆီသန့်တို့က အားဖြည့်ပေးကြမည်ဖြစ်ပါသည်။

မိုးရာသီ မိုးဥတုနှင့် သက်ဆိုင်သည့် သီချင်းများကို ဦးစားပေးရွေးချယ်ကာ ဆရာကြီး ဦးအုန်းလွင်နှင့် ဦးစောညိန်းတို့ စတင်ခင်မင်ခဲ့ရသည်။ အမှတ်တရသီချင်း ဝသန်ခါဦးကို ငွေသဇင်မင်း ကိုအောင်ရွှေက လည်းကောင်း၊ ဂီတနက်သန်ဖျော်ဖြေပွဲတိုင်း ဆရာဦးစောညိန်းသီချင်းများကို ဦးစားပေးရွေးချယ်တင်ဆက်ခဲ့သော ဆရာကြီး ဦးအုန်းလွင်ကို ကျန်ရှိသူများက ဝိုင်းဝန်းအကြံပေးချက်အရ ဆရာ့သီချင်းများကိုလည်း သုံးရန် ပြင်ဆင်ထားကြသည်။

ဆရာဦးအုန်းလွင်က ဒေါ်တင်တင်မြအတွက် ရည်ရွယ်ရေးစပ်ခဲ့သော မြပုဏ္ဏမာသီချင်းကို မနှင်းရည်သန့်က လည်းကောင်း၊ မူရင်းအဆိုရှင် ဦးလှထွန်း၏ ချစ်ပြုံးနှင်းဆီကို မောင်ဇော်မင်းထွန်းကလည်းကောင်း၊ ချစ်နှင်းမှုံမှုံ သီချင်းနှင့် လွမ်းမောဖွယ် သီချင်းတို့ကိုလည်း ရွေးချယ်ထားပြီး လူငယ်အဆိုရှင် ဝိုင်းလမင်းအောင်ကလည်း ဂီတနက်သန်ဦးအုန်းလွင် ရေးစပ်သည့် ကြွေလွင့်ရှာပေ့ါ ရွှေပွင့်လွှာသီချင်းကို သီဆိုမည်ဖြစ်သည်။

ပရိသတ်များအကြား ဂီတနက်သန်ကို အမြဲစီးဆင်းစေချင်သည်မှာ ဆရာကြီး၏ ဆန္ဒပင်ဖြစ်သည်။ သို့သော် ဆရာကြီးသည် ယခင်နှစ်များလောက်ပင် မတီးခတ်နိုင်တော့ပေ။ ယခင်နှစ်က တယောဦးတင်ရီ၏ အကူအညီဖြင့် ဖျော်ဖြေခဲ့သည်မှာ တစ်နှစ်ပင်ပြည့်မြောက်ခဲ့ပြီ။ ဒုတိယအကြိမ်တွင်လည်း ကျွန်မတို့ ငွေသဇင်မင်းက ကူညီရန်ပြင်ဆင်ထားပြီးဖြစ်သည်။

တယောဦးတင်ရီနှင့်တိုင်ပင်၍ သီချင်းများကို ရွေးချယ်ရပါသည်။ အမှန်က ဂီတနက်သန်သီချင်းများကို သီဆိုပေးရန် သီဆိုသူရှာဖွေရသည်မှာ အလွန်



ခက်ခဲလှသည်။ သီချင်းများနှင့် ယဉ်ပါးရန်လိုပြီး ဂီတနှင့်တီးကာ သီဆိုရသဖြင့် ကီးများများ ရွေးချယ်ရန် မလွယ်ကူကြောင်း ဆရာကြီးကပြောသည်။ စန္ဒရားကဲ့သို့ ခလုတ်များစွာမရှိခြင်းသည် သီဆိုသူကို အခက်တွေ့စေပြီး သီဆိုသူအသံနှင့် ကီးတစ်ထပ်တည်းကျမှသာ သီချင်းကောင်းတစ်ပုဒ် ဖြစ်လာမည်။ ကြိုးခြောက်ချောင်းသာရှိသော ဂီတာအတွက် မိမိပြောင်းလိုသော ကီးကိုရွှေ့ရန် ခက်ခဲလှသည်။ သီဆိုသူနှင့် တီးခတ်သူ ရှားပါးသည့် ပြဿနာရှိသဖြင့် ဆရာကြီး ဦးအုန်းလွင်နှင့် စတင်သိကျွမ်းစဉ်က သီဆိုပွဲတိုင်း တက်ရောက်ရင်း ဂီတာကို ကိုယ်တိုင်တီးခတ်ပေးမြဲ၊ ယခုအခါမှာတော့ ဆရာကြီး၏အခြေအနေသည် နှစ်ပုဒ်မျှသာ တီးခတ်ပြနိုင်တော့သည်။ ၂၀၁၄ ခုနှစ်က ဆို/ပျော် စင်မြင့်ပေါ်သို့ တွဲ၍တင်ပေးလျှင် သီချင်းငါးပုဒ်လုံးကို တီးပြပေးနိုင်သော်လည်း ၂၀၁၅ ဩဂုတ်တွင်တော့ နှစ်ပုဒ်မျှသာ တီးနိုင်တော့ကြောင်းကို ဆရာကြီးက ပြောသည်။

ဆရာကြီး၏ ဦးနှောက်မှတ်ဉာဏ်များ မမေ့လျော့သေးဘဲသီချင်းစာသား၊ တီးကွက်နှင့် စည်းဝါးများမှတ်မိနေသေးသည်ကို အံ့ဩစွာတွေ့ရသည်။ ဂီတာတီးခတ်မှုကတော့ သူ့ကိုယ်သူပင်အားမရ။ ယခုတင်ဆက်မည့် သီချင်းများကို ဆရာကြီးကိုယ်တိုင်ရွေးချယ်ကာ ကိုယ်တိုင်တီးခြင်းနှင့် ဂီတာမင်းမင်းဦးနှင့် တွဲဖက်၍လည်းကောင်း သီချင်းတိုက်ကြသည်။ ထိုနေ့က နေမကောင်းဖြစ်နေသည့် ဆရာကြီးမှာ ဂီတနက်သန်သီချင်းများ ဆိုနေတီးနေသံကြားပါက ပြန်နေကောင်းပြီး အားဆေးမလိုကြောင်း ကွမ်းတမြုံ့မြုံ့ဖြင့် ပြောသည်။

ထိုနေ့ညလူစုခွဲကြရာ ဆရာကြီးဦးအုန်းလွင်က ဂီတနက်သန်မူလအစ မောင်မောင်ညွှန့်ခေတ်၊ ဆက် လက်ကြိုးစားပေးသည့် မန္တလေးသိန်းဇော်၊ ယနေ့ ကျွန်မတို့ ဝိုင်းကူညီပေးသည်အထိ ပြောပြနေရာ ဝမ်းသာဝမ်းနည်းမှုကို ခံစားမိသည်။ ဆရာကြီး၏ အပြုံးမျက်နှာကြောင့် ဝမ်းသာရပြီး ဝမ်းနည်းသည်မှာ အသက် ၉၀ ရှိပြီဖြစ်သည့် ဆရာ၏ဇရာကို မြင်ရသည့်အခါ ဂီတနက်သန်၏ အနာဂတ်ကို တွေးမိခြင်းကြောင့်ဖြစ်သည်။ ဆရာကြီး ဦးစောညိန်းနှင့် ထိတွေ့ဖူးသူမှာ ရှားမှရှားပေတော့မည်။ လက်တွေ့ပြောပြနိုင်သူ မရှိသလောက်ဖြစ်နေပြီး တစ်ဆင့်စကားနှင့်သာပြောနိုင်သူများ ကျန်နိုင်ပါတော့မည်။ ဆရာဦးစောညိန်း စိတ်ဓာတ်နှင့် သီချင်းဖန်တီးမှု၊ ဂီတာပုံဖော်ကွက်များကို နှလုံးသွင်းနိုင်မည့်သူမှာ ဆရာဦးအုန်းလွင်မှလွဲ၍ မရှိနိုင်တော့ပြီ။

ဆရာကြီးအနေဖြင့်လည်း တိုင်ပင်စရာ အနုပညာရွယ်တူ မိတ်ဆွေများများမရှိတော့ပြီ။ သူ့ဂီတာကိုလည်း သူမနိုင်တော့။ ဂီတနက်သန်သီချင်းကို သူကိုယ်တိုင်သင်ပြရန်၊ ဆိုပြနိုင်ရန် အားမရှိတော့။ လမ်းလျှောက်သည့် ခြေလှမ်းသူမနိုင်တော့သည့် ချည့်နဲ့မှုများသည် ဆရာကြီးအားလျှော့ရန် ဖြစ်လာသည်။ သို့သော် တစ်ခါတစ်ရံ သူ့အသက် ၉၀ ကို မေ့ကာ ဖျော်ဖြေရန် ဆန္ဒပြင်းပြလာပြန်သည်။ ထို့ကြောင့် ဂီတနက်သန် ဒုတိယအကြိမ် ဖျော်ဖြေပွဲ ဖြစ်လာခဲ့ခြင်းဖြစ်သည်။

စိန်ရတုအကြိုကို ဗိုလ်ကြီး မြင့်အောင် (ဦးမြင့်အောင်)က ဂီတနက်သန် သီချင်းကိုသီဆိုပေးပြီး လွှင့်ပေးနိုင်ရန်လည်း ကူညီပေးခဲ့ခြင်းသည် ဆရာကြီးအတွက် အားဆေးတစ်ခွက်ပင်ဖြစ်သည်။ သူတီးခတ်ပြသည်ကို စိတ်ဝင်တစား နားထောင်ကြည့်ရှုအားပေးလျှင် ဆရာကြီး ပီတိဖြစ်သည်။ စက်တင်ဘာ ၆ရက်၌ ဆို/ပျော်ကို ဆရာကြီး ပြုံးနိုင်အောင်ကြည့်ရှုအားပေးစေလိုပါသည်။ ဆို/ပျော် ပရိသတ်များ ကျေနပ်စေရန် တယောဦးတင်ရီနှင့် အဖွဲ့သား ၁၃ ဦး၊ မယ်ဒလင် ဦးဌေးအောင်၊ ဗုံ ဦးစိုးသိမ်းနှင့် စည်းဝါးဇော်မင်းထွန်းတို့နှင့်အတူ ငွေသဇင်မင်း မြေပဲဆီသန့် အဖွဲ့သားများ အားကြိုးမာန်တက် တင်ဆက်ထားပါသည်။

ဆရာကြီး၏ အနုပညာ၊ ဆရာကြီး၏ ခံစားမှုများနှင့် ဂီတနက်သန်၏ ကြိုးပမ်းချက်များကို လာမည့် စက်တင်ဘာ ၆ ရက် မြန်မာ့ရုပ်မြင်သံကြား ဆို/ပျော် အစီအစဉ်တွင် စောင့်မျှော်ကြည့်ရှုပေးရင်း ဂီတနက်သန်ရှင်သန်စေဖို့ အားပေးကြဖို့ မျှော်လင့်နေကြောင်း ဆရာကြီးက ပြောကြားခဲ့သည်။



## ဥတ္တရသီရိမြို့နယ်၌ မိုးစပါးထွန်တုံးပိတ်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာအုပ်စု ဝက်စုကျေးရွာရှိ တောင်သူဦးထွန်းဝေ၏ အထူးအထွက်တိုးစပ်မျိုးစပါးပုလဲသွယ် တစ်ဆက်တစ်စပ်တည်း စိုက်ဧက ၁၇ ဧက၌ မိုးစပါးထွန်တုံးပိတ်ပွဲကို စက်တင်ဘာ ၁ ရက်က ကျင်းပသည်။ ထွန်တုံးပိတ်ပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်က မင်္ဂလာအိုးစည်ဗုံမောင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ပေးပြီး ကောက်စိုက်လုံမေများက ထွန်တုံးပိတ်ပွဲစိုက်ပျိုးပြသခဲ့ကြသည်။ ဥတ္တရခရိုင်၌ ယခုနှစ် မိုးစပါးလျာထားချက်မှာ ဧကပေါင်း ၈၀၈၇ ဧက ဖြစ်သော်လည်း ၁၁၁၇၈ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

## နတ်မောက်မြို့နယ်၌ မိုးရာသီချေးငွေများထုတ်ချေးပြီးစီး

**နတ်မောက် စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၇၅ အုပ်စုမှ အစုအဖွဲ့ ၃၇၇၉ ဖွဲ့၊ ဘဏ်အဖွဲ့ဝင်တောင်သူ ၁၁၀၀၃ ဦးသို့ ၂၀၁၅ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေကျပ် ၁၄၉၄၀ ဒသမ ၀၀ သိန်းကို မေလမှ စတင်ထုတ်ချေးနိုင်ခဲ့ပြီး ဩဂုတ် ၃၁ ရက်တွင် မိုးရာသီချေးငွေအားလုံးထုတ်ချေးပြီးစီးကြောင်း မြို့နယ်ဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးမျိုးနိုင်ထံမှ သိရသည်။

**ဥမ္မာခင်**

## ရေတာရှည်မြို့နယ်၌ သက်ယဉ်မိုးစပါးများ ရိတ်သိမ်းတော့မည်

**ရေတာရှည် စက်တင်ဘာ ၃**

မိုးစပါးစိုက်ပျိုးဧက ရှစ်သောင်းကျော်စိုက်ပျိုးထားသည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် သက်ယဉ်မိုးစပါးများ မကြာမီ ရိတ်သိမ်းတော့မည် ဖြစ်သည်။ လက်ရှိဈေးကွက်တွင် ကောက်ဟောင်းစပါးများနည်းပါးလာချိန်၌ မိုးစပါးကောက်သစ်များ ဝင်ရောက်လာပါက ဈေးနှုန်းပါ ကျဆင်းနိုင်ကြောင်း တွက်ဆမှုများလည်းရှိသည်။

"ကျွန်တော့်လယ်တွေ တစ်ပတ်လောက်ဆို ရိတ်လို့ရပြီ၊ လောလောဆယ် လေးဧကလောက်ပါ၊ တောင်သူတော်တော်များများ ရိတ်တော့မှာပါ" ဟု ကွင်းကြီးကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။ ယခုရက်ပိုင်းအတွင်း မိုးလျော့နည်းသွားသည့်အတွက် သက်လတ်နှင့် သက်ကြီးစပါး စိုက်ခင်းများ အောင်ရေလိုအပ်လျက်ရှိပြီး တောင်သူအချို့မှာ ရေတင်စက်ဖြင့် ရေသွင်းနေရကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မိုးစပါးစံပြစိုက်ခင်း၌ မြေဩဇာစုပေါင်းကြဲပက်

**တောင်တွင်းကြီး စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကာအုပ်စု မိုးကောင်းသောက် လယ်မြေများတွင် မနောသုခမျိုးကောင်းမျိုးသန့် အဆင့် ၁ မျိုးသန့်ပွားစံပြ ၂၅ ဧက ကွင်းအမှတ်(၁၉၉-က) တောင်သူဦးစိုးရီ၏ မိုးစပါးစံပြစိုက်ခင်း၌ စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲနှင့် စုပေါင်းမြေဩဇာကြဲပက်ပွဲကို စက်တင်ဘာ ၂ ရက်က ကျင်းပသည်။

ပညာပေးဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က မိုးစပါးလျာထားဧကပြည့်မီရေး တစ်ဧကအထွက်နှုန်းတိုးတက်ရေးတို့အတွက် အချိန်မီစိုက်ပျိုးရန်လိုကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထွန်းမြင့်က လယ်မြေများတွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးကျပေါင်းစပ်၍ သုံးစွဲနည်းကို လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**(၀၂၁)**





# ဖန်းမောက်မြို့နယ်၌ တောင်ပတ်လမ်းမြေထိန်းနံရံတည်ဆောက်

**ဖန်းမောက် စက်တင်ဘာ ၃**

ဇူလိုင်လကုန်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ်အတွင်း အင်းတော်-ဖန်းမောက်-မံစီကားလမ်းမကြီးပေါ်ရှိ ကန်ရွာတောင်ပတ်လမ်းပိုင်းကို ကသာခရိုင် လမ်းတံတားဆောက်လုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် Green Mark ကုမ္ပဏီက တာဝန်ယူ၍ ပြုပြင်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုဖြစ်စဉ်များကြောင့် နိုင်ငံနှင့်အဝန်းတွင် ရေကြီးရေလျှံခြင်း၊ လမ်းတံတားများပျက်စီးခြင်းနှင့် လယ်ယာမြေများရေဖုံးလွှမ်းခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် ယခုအခါ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ အင်းတော်-ဖန်းမောက်-မံစီကားလမ်းမကြီးပေါ်ရှိ ကံရွာတောင်ပတ်လမ်းပိုင်းနှင့် မြေထိန်းနံရံများလျော့ကျခဲ့သဖြင့် Green Mark ကုမ္ပဏီတာဝန်ခံ ဦးကျော်အေးနှင့် ကျွမ်းကျင်လုပ်သားအဖွဲ့က ပြန်လည်ပြုပြင်နေခြင်းဖြစ်သည်။

မိုးရွာသွန်းမှုကြောင့် အရှည်ပေ ၄၀၀၊ အကျယ် ၁၀ ပေ ရှိသော ကံရွာတောင်ပတ်လမ်းမြေထိန်းနံရံကို ခိုင်ခန့်မှုရှိစေနိုင်ရန်အတွက် ကတ္တရာပုံးခွံများကာရံကာ မြေသားများ၊ ကျောက်သားများကို စနစ်တကျထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း၊ တောင်ပတ်လမ်း မြေသားနံရံများ လျော့ကျခြင်းနှင့် တောင်ပေါ်လမ်းပိုင်းများ ပျက်စီးနေခြင်းကို ပြန်လည်ပြုပြင်ပြီး မြေထိန်းနံရံများ အသစ်ပြန်လည်တည်ဆောက်ခြင်းတို့ကြောင့် ဆက်သွယ်သွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တောင်ပတ်လမ်းပြုပြင်သည့် နေရာအနီးရှိ သာယာကုန်းကျေးရွာမှ တောင်သူဦးတင်မြင့်(ခ) ဦးအောင်သန်းမြင့်က "အရင်လတွေက မိုးသည်းထန်ရွာသွန်းခဲ့လို့ တောင်ပြိုပြီး လမ်းတွေပျက်စီးခဲ့ရတာပါ။ ဒေသခံခရီးသွားတွေ၊ ကုန်တင်ယာဉ်တွေအတွက် အခက်အခဲဖြစ်ခဲ့တာမို့ ပြန်လည်ပြုပြင်နေတာပါ။ အရင်က ဒီလမ်းပိုင်းကို ကုမ္ပဏီက လမ်းချဲ့ထွင်ပြီး ဘက်ဟိုးယန္တရားတွေနဲ့ မြေဖို့ခဲ့တဲ့အတွက် ဇူလိုင်လအတွင်းက မိုးရွာသွန်းတော့ ကံရွာတောင်ခြေမှာရှိတဲ့ ကျွန်တော့်လယ် တစ်ဧကက ဒီကုမ္ပဏီကဖို့တဲ့ မြေစာကြောင့် ပျက်စီးခဲ့ပါတယ်။ သက်ဆိုင်ရာကိုလည်း အကြောင်းကြားခဲ့ပေမယ့် ကုမ္ပဏီက ကျွန်တော့်လယ်ထဲ ဖုံးနေတဲ့ မြေစာတွေကို ပြန်မလုပ်ပေးသေးပါဘူး။ ဒါတွေကို ပြန်ဆယ်ပေးစေလိုပါတယ်"ဟု လမ်းပြုပြင်ရာမှ ဖို့မြေများကြောင့် လယ်ဧကပျက်စီးရသည့် အခက်အခဲကို ပြောပြသည်။

**(၁၄၉)**

# သောက်သုံးရေရရှိရေးအတွက် အဝီစိစက်ရေတွင်းတူးဖော်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လွှင်ပင်ကုန်းကျေးရွာ၌ ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် စက်ရေတွင်းသစ်တူးဖော်မှုကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းတူးဖော်မှုကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မွမ်းမံ) ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လေးလက်မ PVC (တွင်းနက်)အမျိုးအစား တူးဖော်ခဲ့ကာ အနက်ပေ ၄၂၀ တွင် ရေချိုစတင်ထွက်ရှိကြောင်း သိရသည်။ ရေတွင်းတူးဖော်ခြင်းအပြင် နောက်ဆက်တွဲလုပ်ငန်းအဖြစ် ရေစက်ရုံအဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် ရေလှောင်ကန်တည်ဆောက်ခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းအောင်မြင်ပြီးစီးမှု အခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြင့်ဝင်းနှင့် အဖွဲ့ဝင်များက စက်တင်ဘာ ၁ ရက်တွင် သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။

ရေတွင်းတူးဖော်ခြင်းနှင့် ရေကန်တည်ဆောက်ခြင်း လုပ်ငန်းများအားလုံး ပြီးစီးပါက လွှင်ပင်ကုန်းကျေးရွာရှိ အိမ်ခြေ ၂၀၀ ကျော်မှ ဒေသခံပြည်သူ ၁၀၀၀ ကျော်အတွက် နွေရာသီကာလများတွင် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိနိုင်တော့မည်ဖြစ်သည်။ **နေအောင်(ပြန်/ဆက်)**

# တစ်ပိုင်တစ်နိုင် အခြေခံငါးမွေးမြူနည်း သင်တန်းဖွင့်လှစ်

**ချောင်းဦး စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကျီကုန်းကျေးရွာ၌ တစ်ပိုင်တစ်နိုင် အခြေခံငါးမွေးမြူနည်းသင်တန်းကို ချောင်းဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၂၉ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးသိန်းဖြိုး၊ လက်ထောက်ဦးစီးမှူး ဒေါ်လေးလေးမြင့်နှင့် ဒေါ်နှောင်းနှောင်းထွေးတို့က ငါးမွေးမြူရန်အတွက် မြေနေရာ၊ မြေအမျိုးအစားရွေးချယ်ခြင်း၊ မြေဩဇာပြုပြင်ခြင်း၊ ကန်အတွင်းအပူချိန် သတိထားမှု၊ ငါးသားပေါက်လွှတ်မှု၊ ငါးစာကျွေးမှုစနစ်၊ တစ်ပိုင်တစ်နိုင် ရွှေဝါငါးကြင်း သားဖောက်နည်းနှင့် ငါးရှဉ့်မွေးမြူနည်းများကို သင်ကြားပေးခဲ့ပြီး သင်တန်းသို့ ကျီကုန်းကျေးရွာမှ သင်တန်းသား ၃၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

"ဒီသင်တန်းကို တက်ရောက်ခဲ့ရတဲ့အတွက် တစ်ပိုင်တစ်နိုင် ရွှေဝါငါးကြင်း သားဖောက်နည်း၊ ငါးရှဉ့်မွေးမြူနည်းများ၊ ငါးကန်အတွင်း ငါးသားပေါက်လွှတ်မှုနဲ့ ငါးစာကျွေးမှုစနစ်တို့ကို သိရှိရတဲ့အတွက် လက်တွေ့ငါးမွေးမြူတဲ့နေရာမှာ များစွာ အထောက်အကူ ဖြစ်စေပါတယ်။ အခုဆိုရင် တစ်ပိုင်တစ်နိုင် ငါးမွေးမြူနိုင်ပြီ ဖြစ်တာကြောင့် ငါးထုတ်လုပ်မှုတွေ မြင့်မားလာမှာဖြစ်သလို ကျွန်တော်တို့ရဲ့ တစ်ဦးချင်းဝင်ငွေလည်း တိုးတက်လာမှာ ဖြစ်ပါတယ်" ဟု သင်တန်းတက်ရောက်ခဲ့သူ ကျီကုန်းကျေးရွာမှ ဦးတင်လင်းက ပြောသည်။

**ယုယုဝင်း(ပြန်/ဆက်)**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်

**ယင်းမာပင် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သစ်သီးဝလံအခြေခံ စားသောက်ကုန် ထုတ်လုပ်နည်း ပထမအကြိမ်သင်တန်းဖွင့်ပွဲကို ယင်းမာပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်မိုးမြင့်စံက သင်တန်းတွင်ပို့ချမည့် ခရမ်းချဉ်သီး၊ သင်္ဘောသီး၊ ရှောက်တစ်လုံးသီး၊ ဆီးသီး စသည့်သစ်သီးအမျိုးမျိုးဖြင့် ယိုနှင့် ဖျော်ရည် လုပ်နည်း ဘာသာရပ်များ၊ ဂျယ်လီလုပ်နည်းဘာသာရပ်များနှင့် အခြားစားသောက်ကုန်ထုတ်လုပ်နည်း ဘာသာရပ်များနှင့်ပတ်သက်၍ စာတွေ့လက်တွေ့ အတတ်သင်ကြားသွားမည်ဖြစ်ကြောင်း ပြောသည်။ ထို့နောက် ယင်းမာပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးက သင်တန်းသူ ၃၀ အတွက် သင်တန်းဝတ်စုံများကို ပေးအပ်ခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**



# ကုန်စည်ပို့ဆောင်ရေးအာမခံ မိတ်ဆက်ရှင်းလင်း

**မုံရွာ စက်တင်ဘာ ၃**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းက ဝန်ဆောင်မှုပေးမည့် ကုန် စည်ပို့ဆောင်ရေးအာမခံအကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတောင်ရပ်ကွက် ကုန်စည်ဒိုင်လမ်း ကားလေးဝင်းအနီးရှိ မုံရွာကုန်စည်ဒိုင်၌ ဩဂုတ် ၃၁ ရက်က ကျင်းပသည်။

"တန်ဖိုးသတ်မှတ်လို့ရတဲ့ ဆုံးရှုံးနိုင်ချေရှိတဲ့ အရာအားလုံးကို အာမခံထားလို့ရပါတယ်။ မြန်မာနိုင်ငံမှာ အာမခံလုပ်ငန်းကို ဟိုတုန်းက မြန်မာ့အာမခံလုပ်ငန်းကပဲ လုပ်ကိုင်ကြတာပါ၊ ပုဂ္ဂလိက ကုမ္ပဏီတွေကိုတော့ ၂၀၁၃ ခုနှစ်မှာစတင်ပြီး ကုမ္ပဏီ ၁၂ ခုကို လုပ်ကိုင်ခွင့်ပေးခဲ့တာ၊ အခုကုမ္ပဏီ ၁၁ ခုက လုပ်ငန်းတွေ လုပ်ကိုင်နေပါပြီ။ ကုန်စည်ပို့ဆောင်ရေးအာမခံလုပ်ငန်းကိုတော့ ဩဂုတ် ၁ ရက်က စတင်လုပ်ကိုင်ခွင့်ရတဲ့အတွက် အခုလိုမိတ်ဆက်ရှင်းလင်းပွဲလုပ်တာပါ။ ကုန်စည်ပို့ဆောင်ရေး အာမခံလုပ်ငန်းဆိုတာ ရေလမ်းနဲ့ ကုန်းလမ်းတွေမှာ အကျုံးဝင်ပါတယ်၊ မိမိတို့ပို့ဆောင်တဲ့ကုန်ပစ္စည်းတွေ အာမခံထားမယ်ဆိုရင် လမ်းခရီးမှာ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရင်လည်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးအလိုက် ပြန်လည်ရရှိမှာဖြစ်တယ်'ဟု ဈေးကွက်မန်နေဂျာ ဦးမျိုးသန့်ဇော်က ပြောသည်။

ကုန်စည်ပို့ဆောင်ရေးအာမခံလုပ်ငန်း မိတ်ဆက်ပွဲများကို အထက်မြန်မာပြည်ရှိ မြစ်ကြီးနား၊ ဗန်းမော်၊ ပခုက္ကူ၊ မကွေး၊ ချောက်၊ ကျောက်ပန်းတောင်းနှင့် မန္တလေးမြို့များတွင် ကျင်းပခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## လမ်းတံတားလုပ်ငန်းများ ဆောက်လုပ်ရန်အတွက် အကြိုရှင်းလင်း

**တောင်ကြီး စက်တင်ဘာ ၃**

ရှမ်းပြည်နယ် တောင်ကြီးခရိုင်အတွင်း ဂျာမနီနိုင်ငံ၏ ထောက်ပံ့ငွေဖြင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး လမ်းတံတားလုပ်ငန်းများ ဆောက်လုပ်ရန်အတွက် အကြိုတင်ဒါရှင်းလင်းခြင်းအခမ်းအနားကို ဩဂုတ် ၃၁ ရက်က တောင်ကြီးမြို့ Cherry Queen ဟိုတယ်၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အကြိုဆန်းစစ်ခြင်းလုပ်ငန်းအောင်မြင်သော ကုမ္ပဏီကိုးခုမှ တာဝန်ရှိသူများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**နန်းပြုံးရီ (တောင်ကြီး)**

# စပိန်တို့ အောင်ပွဲခံဦးမယ့် ယူရို ၂၀၁၆ ခြေစစ်ပွဲ

ကမ္ဘာ့ဖလားခြေစစ်ပွဲ၊ ယူရို ၂၀၁၆ ခြေစစ်ပွဲတွေနဲ့ပြည့်နေတဲ့ ဒီတစ်ပတ်ကတော့ ရင်ခုန်စရာရက်တွေနဲ့အတူ ဖြတ်သန်းနေပြီ ဖြစ်ပါတယ်။ စက်တင်ဘာ ၅ရက်နဲ့ ၆ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမယ့် ယူရို၂၀၁၆ ခြေစစ်ပွဲတွေကလည်း အရေးကြီးတဲ့ပွဲစဉ်တွေ ဖြစ်နေတာမို့ အသင်းတိုင်းအားလျော့လို့မရတဲ့ အနေအထားပါပဲ။ အထူးသဖြင့် အစဉ်အလာကြီးမားတဲ့ အသင်းကြီးတွေအတွက် ဒီပွဲစဉ်မှာအတိမ်းအစောင်းမခံတာမို့ ပွဲတိုင်းပရိသတ်တွေကို ရသစုံပေးစွမ်းဦးမှာ ဖြစ်ပါတယ်။

**စပိန်နှင့် ဆလိုဗက်ကီးယား**

အုပ်စု(င)မှာ အပြိုင်ဖြစ်နေတဲ့ ထိပ်သီးနှစ်သင်းဆုံတွေ့မှုကတော့ ပြင်းထန်ဦးမှာ ဖြစ်ပါတယ်။ ဟော်လန်အသင်းကို နှစ်ဂိုးပြတ်နဲ့ရှုံးပြီး ကော်စတာရီကာနဲ့ ဘီလာရုစ်အသင်းတွေကို အနိုင်ကစားထားတဲ့ စပိန်တို့ရဲ့ တိုက်စစ်ကအားရစရာတော့မရှိသေးပါဘူး၊ ပထမအကျော့ ဆလိုဗက်ကီးယားကွင်းမှာ နှစ်ဂိုးပြတ်နဲ့ရှုံးနိမ့်ခဲ့တဲ့ စပိန်တို့ဟာ ဒီပွဲမှာ ရှုံးကြွေးပြန်ဆပ်ဖို့ သေသေချာချာ ပြင်ဆင်ကစားပါလိမ့်မယ်။ ဆလိုဗက်ကီးယားတို့က ခြေစွမ်းကောင်းမွန်နေပြီး လူဇင်ဘတ်၊ ချက်၊ အာမေးနီးယားတို့ကို အနိုင်ကစားထားပါတယ်။ အသင်းလိုက်ကစားအားကောင်းလာတဲ့ စပိန်တို့ဟာ ဒီပွဲမှာ သုံးမှတ်အပြည့်ရဖို့ ခြေကုန်ထုတ်ပါလိမ့်မယ်။

**ဆွစ်ဇာလန်နှင့် ဆလိုဗေးနီးယား**

ပထမအကျော့ ဆလိုဗေးနီးယားကွင်းမှာ ဆွစ်ဇာလန်တို့ တစ်ဂိုးဂိုးမရှိနဲ့ ရှုံးပွဲကြုံတွေ့ထားပါတယ်။ ခံစစ်ပိုင်းတောင့်တင်းခိုင်မာတဲ့ ဆလိုဗေးနီးယားကို အိမ်ကွင်းမှာ ဆွစ်ဇာလန်တိုက်စစ်မှူးတွေ ဘယ်လိုကျော်ဖြတ်နိုင်မလဲစောင့်ကြည့်ရမှာဖြစ်ပါတယ်။ ယူရိုပွဲတွေဆိုရင် အိမ်ကွင်းမှာ အကောင်းဆုံးခြေစွမ်းပြတတ်တဲ့ ဆွစ်ဇာလန်တို့ဟာ အခုပွဲမှာ နိုင်ပွဲရအောင်ပုံဖော်ပါလိမ့်မယ်။ ဆွစ်ဇာလန် တို့ရဲ့နောက်ဆုံးကစားတဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိခဲ့တာမို့ အခုပွဲမှာ အိမ်ရှင်တို့ အနိမ့်ဆုံး တစ်မှတ်ရယူပါလိမ့်မယ်။

**ဆားဘီးယားနှင့် အာမေးနီးယား**

အဇာဘိုင်ဂျန်ကို လေးဂိုးတစ်ဂိုးနဲ့နိုင်ပြီး ဒိန်းမတ်နဲ့ပေါ်တူဂီအသင်းတွေ ကိုရှုံးပွဲကြုံထားတဲ့ ဆားဘီးယားတို့ အခုပွဲမှာတော့ သုံးမှတ်အပြည့်ယူနိုင်ရေး ကြိုးစားပါလိမ့်မယ်။ အာမေးနီးယားတို့ကတော့ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရပြီး ပေးဂိုးတွေလည်းများနေတာမို့ ဆားဘီးယားတို့အတွက် အခွင့်အရေးကောင်းရနိုင်တဲ့ အနေအထားပါပဲ။ ပထမအကျော့အာမေးနီးယားကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲမှာ အိမ်ရှင်ဆားဘီးယားတို့ နိုင်ပွဲကို အကောင်အထည်ဖော်ပါလိမ့်မယ်။

**ယူကရိန်းနှင့် ဘီလာရုစ်**

ပထမအကျော့ ဘီလာရုစ်ကွင်းမှာ နှစ်ဂိုးပြတ်အနိုင်ယူထားတဲ့ ယူကရိန်းတို့က အခုတစ်လော နိုင်ပွဲတွေချည်း ဆက်တိုက်ရယူနေတာမို့ ဒီပွဲဟာ အိမ်ရှင်အတွက် အောင်ပွဲခံဦးမယ့် အနေအထားပါပဲ။ ဘီလာရုစ်တို့ရဲ့



အခုတစ်လောနောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့မှတ်တမ်းကိုကြည့်ရင် နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး၊ ဒါ့အပြင် ဒီပွဲမှာယူကရိန်းတို့ ပရိတ်သတ်အဖြစ်အားပေးလိုက်တာ အကောင်းဆုံးပါပဲ။

**ရုရှားနှင့်ဆွီဒင်**

ဒီနှစ်သင်းရဲ့ ပထမအကျော့ဆုံတွေ့မှုက တစ်ဂိုးစီသရေပွဲဖြစ်ထားပါတယ်။ ရုရှားတို့ရဲ့နောက်ဆုံးသုံးပွဲကစားခဲ့တာကိုကြည့်ရင် ကာဇက်စတန်ကို ဂိုးမရှိသရေ၊ ဘီလာရုစ်ကို လေးဂိုးနှစ်ဂိုးနဲ့နိုင်ပြီး ဩစတြီးယားကိုတော့ ရှုံးပွဲကြုံထားပါတယ်။ ဆွီဒင်တို့ကတော့ နိုင်ပွဲဆက်တိုက်ရယူနေတာမို့ အခုပွဲမှာ ရုရှားတို့အိမ်ကွင်းဖြစ်ပေးမယ့် ခက်ခဲမယ့်ပွဲပါပဲ။ ဆွီဒင်တို့က ခြေစွမ်းကောင်းမွန်နေပြီး ရုရှားကွင်းမှာ အမှတ်ပြည့်ရအောင်စွမ်းဆောင်ပါလိမ့်မယ်။ ရုရှားခံစစ် မှူးတွေက ဆွီဒင်တိုက်စစ်ကို ဟန့်တားထိန်းချုပ်ရင်း ဂိုးတွေ ခွင့်ပြုရဖို့ရှိပေမယ့် ရလာဒ်ပြတ်သားဖို့တော့မလွယ်ပါဘူး။ ဆွီဒင်တို့ကပ်ပြီး အနိုင်ရသွားနိုင်ပေမယ့် ရုရှားရဲ့အိမ်ကွင်းခုခံမှုက ပြင်းထန်မှာ ဖြစ်တာမို့အခုပွဲဟာ ဆွီဒင်တို့အတွက် ခက်ခဲပေမယ့်အပြည့်အရေးအခွင့်ရေးကောင်း ရသွားနိုင်ပါတယ်။

**မိုးမြင့်လင်းလက်**

# လင်နွန်ကို အဲဗာတန်အပြီးခေါ်ယူ

စပါးအသင်းက အငှားချထားတဲ့လင်နွန်ကို အဲဗာတန်က အပြီးခေါ်ယူလိုက်ပြီဖြစ်နေပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ လင်နွန်ကို အဲဗာတန်က ကစားသမားခေါ်ယူရေးကာလနောက်ဆုံးနေ့မှာ သုံးနှစ်စာချုပ်နဲ့ အပြီးခေါ်ယူခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီ နှစ်တစ်ဝက်လောက်က စပါးအသင်းမှ အဲဗာတန်အသင်းသို့ အငှားချထားခဲ့ပါတယ်။ လင်နွန်ဟာ ပြီးခဲ့တဲ့ရာသီက အဲဗာတန်အသင်းအတွက် ၁၄ပွဲ ပါဝင်ကစားခဲ့ရာမှ နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ လင်နွန်ကို အပြီးသတ် စာချုပ်နိုင်တဲ့အတွက် ကြိုဆိုပါတယ်လို့ အဲဗာတန်နည်းပြ မာတီနယ်ဇ်က ဆိုပါတယ်။ လင်နွန်ဟာ ပြီးခဲ့တဲ့ ရာသီက အဲဗာတန်အသင်းရဲ့ အဓိကကစားသမားဖြစ်လာခဲ့ပါတယ်။ အသင်းနဲ့အတူ ခြေစွမ်းပြနိုင်ခဲ့ပါတယ်။ အသင်းနဲ့အတူ ခြေစွမ်းများလာတဲ့အတွက် ထပ်မံစာချုပ်နိုင်ခဲ့တယ်လို့ အဲဗာတန်နည်းပြ မာတီနယ်ဇ်က ဆိုပါတယ်။







# တိုက်စစ်မှူး မခေါ်နိုင်တဲ့ အာဆင်နယ်အခက်ကြုံဖွယ်ရှိ

ကစားသမားခေါ်ယူရေးကာလနောက်ဆုံးရက်မှာ ပရီမီယာလိဂ်ထိပ်တန်းအသင်းကြီးတွေဖြစ်တဲ့ မန်ယူ၊ မန်စီးတီးနဲ့ ချယ်လ်ဆီးတို့က အသင်းရဲ့လိုအပ်တဲ့နေရာတွေအတွက် ကစားသမားသစ်တွေခေါ်ယူခဲ့ပေမယ့် အာဆင်နယ် အသင်းကတော့ လိုအပ်နေတဲ့တိုက်စစ်မှူးသစ်ကို ခေါ်ယူနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ အာဆင်နယ်အသင်းအနေနဲ့ ယခုနှစ်နွေရာသီမှာ အဓိကခေါ်ယူခဲ့တဲ့ကစားသမားအဖြစ် ချယ်လ်ဆီးမှပီတာချက်ကိုသာတွေ့ရမှာဖြစ်ပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ဘင်ဇီမာနဲ့အက်ဒီဆင်ကာဗာနီတို့ကို ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့ပေမယ့် ခေါ်ယူနိုင်ခဲ့ခြင်းမရှိပါဘူး။ အဓိကတော့ အာဆင်နယ်အသင်းမှာ တိုက်စစ်မှူးကောင်းတစ်ဦးလိုအပ်နေတာပါ။ လက်ရှိအချိန်မှာ အင်္ဂလန်နာမည်ကြီးတိုက်စစ်မှူး ဒန်နီဝဲလ်ဘက်ကလည်း ကာလရှည်ဒဏ်ရာရရှိထားပါသည်။ ဝဲလ်ဘက်ဟာ ဧပြီလကတည်းက ကစားနိုင်ခဲ့ခြင်းမရှိပါဘူး။ သို့ပေမယ့် မကြာမီလေ့ကျင့်မှုတွေ လုပ်နိုင်လိမ့်မယ်လို အာဆင်နယ်က မျှော်လင့်ထားပါတယ်။ အာဆင်နယ်မှာ ဆန်ချက်ဇ် ရောက်နဲ့ဝေါကော့တို့လည်း ခြေစွမ်းပျောက်ဆုံးနေကြပါတယ်။ ပြီးခဲ့တဲ့ ပရီမီယာလိဂ်လေးပွဲမှာတော့ အာဆင်နယ်ရဲ့ခြေစွမ်းက အားရစရာအနေ အထားမတွေ့ရသေးပါဘူး။

**ကောင်းမြတ်သူ - စုစည်းသည်**



# မထင်မှတ်ဘဲ ခေါ်ယူလိုက်တဲ့ ချယ်လ်ဆီးခံစစ်မှူး

ချယ်လ်ဆီးအသင်းအနေနဲ့ နောက်တန်းကစားသမား လိုအပ်ချက်ကို ဖြည့်တင်းဖို့ကြိုးစားနေရာက နောက်ဆုံးကစားသမားဈေးကွက် ပိတ်ချိန်မှာတော့ ဂျမေကာနောက်တန်းခံစစ်မှူး မိုက်ကယ်ဟက်တာကို ပေါင်လေးသန်းခွဲနဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ မိုက်ကယ်ဟက်တာကို ရက်ဒင်းအသင်းမှ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ အသက် ၂၃ နှစ် အရွယ်ရှိတဲ့ ဟက်တာဟာ ၂၀၀၉ ခုနှစ်က ရက်ဒင်းအသင်းကို ရောက်ရှိလာခဲ့ပြီးနောက် ၁၁ ကြိမ် အငှားချထားခြင်းခံခဲ့ရပါတယ်။ မိုက်ကယ်ဟက်တာကို ခရစ္စတယ်ပဲလေ့စ်က ခေါ်ယူဖို့ကြိုးစားခဲ့ပါသေးတယ်။ သို့ပေမယ့် ညှိနှိုင်းမှု မအောင်မြင်တဲ့အတွက် ချယ်လ်ဆီးက ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းမှာ လက်ရှိခံစစ်မှူး ဂွန်တယ်ရီကလည်း အသက်ကြီးလာပြီဖြစ်တဲ့အတွက် ခံစစ်ပိုင်းမှာ အားပျော့လာပါတယ်။ ဒီအားနည်းချက်ကို ဖြည့်တင်းနိုင်ဖို့ နည်းပြမော်ရင်ဟိုအနေနဲ့ အဲဗာတန်နောက်တန်းကစားသမား ဂွန်စတုန်းကို ခေါ်ယူဖို့ကြိုးစားခဲ့ပါတယ်။ သို့ပေမယ့် ဂွန်စတုန်းကို ကမ်းလှမ်းတာကို အဲဗာတန်က အကြိမ်ကြိမ်ငြင်းဆိုခဲ့ပါတယ်။ ဒါကြောင့် ချယ်လ်ဆီးဟာ ဂွန်စတုန်းကိုခေါ်ယူဖို့ကြိုးစားမှုကို လက်လျှော့ပြီး ဂျမေကာနောက်ခံလူ မိုက်ကယ်ဟက်တာကို အရခေါ်ယူခဲ့တာဖြစ်ပါတယ်။

# အသည်းရောင်အသားဝါ အေရောဂါ ကာကွယ်ပါ အပိုင်း(၁)

ပါမောက္ခ ခင်မောင်ဝင်း (အသည်း)


**အသည်းရောင်အသားဝါ အေရောဂါတွေ**

အသည်းရောင်အသားဝါရောဂါတွေကို အေ၊ ဘီ၊ စီ၊ ဒီ၊ အီး၊ ဂျီ ဆိုပြီး အမျိုးအစားခြောက်ခု ခွဲထားပါတယ်။ အက်(ဖ်)အမျိုးအစား မရှိပါဘူး။ အဲဒီအသည်းရောင်အသားဝါရောဂါတွေထဲမှာ အသည်းရောင်အသားဝါ အေရောဂါဟာ ကမ္ဘာပေါ်မှာ အဖြစ်အများဆုံးရောဂါတစ်ခု ဖြစ်ပါတယ်။

အသည်းရောင်အသားဝါရောဂါတွေထဲမှာ ဘီ၊ စီ၊ ဒီနဲ့ ဂျီတွေဟာ သွေးကတစ်ဆင့် ကူးတာပါ။ အသည်းရောင်အသားဝါရောဂါ အေနဲ့အီးကတော့ အစားအသောက်နဲ့ ရေကကူးတဲ့ ရောဂါတွေပါ။




အသည်းရောင်အသားဝါ ရောဂါပိုးများ ကူးစက်ပုံ




အသည်းရောင်အသားဝါ အေရောဂါရဲ့ ကူးစက်ပုံ

အသည်းရောင်အသားဝါ အေပိုးဟာ faecal–oral route ဖီကယ်အော်ရယ်ရုပ်တ်(ဖီကယ်ဆိုတာ မစင်၊ အော်ရယ်ဆိုတာ ပါးစပ်၊ ရုပ်တ်ဆိုတာ လမ်းကြောင်း) လို့ခေါ်တဲ့ မစင်ကနေတစ်ဆင့် စားသုံးလိုက်တဲ့ အစားအသောက်နဲ့ ရေထဲမှာ အေပိုးပါသွားပြီး ကူးစက်တဲ့နည်းနဲ့ ကူးတာပါ။ အထူးသဖြင့် မစင်ထဲကနေ ပိုးတွေပါလာပြီး shellfish ဆိုတဲ့ ခုံးကောင်တွေထဲဝင်သွားရင် အဲဒီအကောင်တွေထဲမှာ အေပိုးတွေကို အကြာကြီး လှောင်ထားနိုင်ပါတယ်။ အဲဒီလိုပိုးရှိတဲ့ ခုံးကောင်တွေကို အစိမ်းစားလိုက်ရင် အသည်းရောင်အသားဝါ အေရောဂါ ဖြစ်နိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ခုံးကောင်အစိမ်းကို မစားကြပေမယ်လို့ နိုင်ငံခြားမှာတော့ ခုံးကောင်အစိမ်းကို တော်တော်လေး စားကြပါတယ်။ အသည်းရောင်အသားဝါ အေရောဂါရဲ့ ကူးစက်ပုံတွေခြုံပြီး ပြောရမယ်ဆိုရင်-

အစားအသောက်၊ ရေနဲ့မစင်တွေကနေ တစ်ဆင့် ကူးစက်ပါတယ်။

ကူးစက်မှုနှုန်းဟာ သိပ်ကို မြန်ပါတယ်။

ရောဂါရှိတဲ့လူ ထိထား၊ ကိုင်ထားတဲ့ပစ္စည်းတွေက တစ်ဆင့်လည်း ကူးစက်နိုင်ပါတယ်။

**ရောဂါဖြစ်နှုန်း**

ကမ္ဘာတစ်ဝန်းမှာ အဖြစ်အများဆုံး အသည်းရောင်အသားဝါရောဂါ ဖြစ်ပါတယ်။

အသည်းရောင်အသားဝါအေရောဂါဟာ တစ်ကမ္ဘာလုံးမှာ တစ်နှစ်မှာ လူဦးရေ ၁ ဒသမ ၅ သန်း လောက် ဖြစ်လေ့ရှိပါတယ်။

ဒါပေမယ့် တကယ့်ဖြစ်နှုန်းဟာ ဆေးပညာရှင်တွေ သတင်းပို့တာထက်ပိုများပြီး တစ်နှစ်ကို အသည်းရောင်အသားဝါအေရောဂါဟာ သန်းပေါင်းများစွာဖြစ်မယ်လို့ ယူဆကြပါတယ်။

ကမ္ဘာ့အသည်းရောင်အသားဝါအေရောဂါ ဖြစ်နှုန်းကို အဖြစ်များ၊ အလယ်အလတ်၊ အဖြစ်နည်းဆိုပြီး ရောဂါဖြစ်နှုန်းနယ်ပယ်သုံးခု သတ်မှတ်ထားပါတယ်။

**အဖြစ်များ** - လူမှုအဆင့်အတန်းနိမ့်ပြီး သန့်ရှင်းမှုနည်းပါး၊ ဖွံ့ဖြိုးမှုနည်းတဲ့နိုင်ငံတွေမှာ အသက်ငါးနှစ်လောက်မှာ အသည်းရောင်အသားဝါအေရောဂါ အားလုံးဖြစ်ပြီးနေပါပြီ။ ဒါကြောင့် ဒီလိုနိုင်ငံတွေမှာ အသက် ငါးနှစ်အထက်ဆိုရင် အေရောဂါမဖြစ်တော့ပါ။

**အလယ်အလတ်** - ဖွံ့ဖြိုးမှုနည်းတာကနေ တိုးတက်ပြောင်းလဲတဲ့အဆင့်ကို ပြောင်းနေတဲ့နိုင်ငံတွေမှာ ဖြစ်တဲ့အဆင့်ကိုပြောပြပါမယ်။ ဒီလိုနိုင်ငံတွေမှာတော့အသက် ၃၀လောက်ဆိုရင် အားလုံး အေပိုးကူးစက်ပြီးသား ဖြစ်နေပါပြီ။ ဥပမာပြောရမယ်ဆိုရင် မြန်မာနိုင်ငံပေါ့။ မြန်မာနိုင်ငံမှာ အသက် ၃၀ကျော်သွားရင် အသည်းရောင်အသားဝါအေရောဂါဖြစ်ပြီးသား များပါတယ်။

**အဖြစ်နည်း** - အနောက်နိုင်ငံတွေလို အသည်းရောင်အသားဝါအေရောဂါ ဖြစ်နှုန်းသိပ်နည်းတဲ့ နိုင်ငံတွေမှာ အသည်းရောင်အသားဝါအေရောဂါဟာ အသက် ၅၀ လောက်အထိ ဖြစ်နိုင်ပါသေးတယ်။

ပြောရမယ်ဆိုရင် အသည်းရောင်အသားဝါအေရောဂါ ဖြစ်နိုင်တဲ့အသက်ကြီးလာရင် အဲဒီနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်ခု ဖြစ်ပါတယ်။

**မြန်မာနိုင်ငံရဲ့ အသည်းရောင်အသားဝါအေရောဂါ ဖြစ်ပွားပုံ**

မြန်မာနိုင်ငံမှာ အသည်းရောင်အသားဝါအေရောဂါ ဖြစ်တဲ့အချိန်ဟာ အဓိကအားဖြင့် နှစ်ချိန်ဖြစ်ပါတယ်။

ပထမအကြိမ် အဖြစ်အများဆုံးကာလကတော့ နွေရာသီ မတ်လ၊ ဧပြီလနဲ့ ဇွန်လတွေမှာပါ။

အဲဒီကာလကတော့ အဖြစ်အများဆုံးပါ။

နွေကပူပူ သရက်သီး၊ ပိန္နဲသီးတွေအပေါ် ယင်တလောင်းလောင်းနဲ့ အေပိုးရောဂါ ကူးလို့ကောင်းတဲ့ အချိန်ပေါ့။

အထူးသဖြင့် ကျောင်းတွေပိတ်ပြီး ရေကူးသင်တန်းစတဲ့ သင်တန်းတွေစတဲ့အချိန်မှာ ယင်နားစာတွေကပေါကပေါနဲ့ အသည်းရောင်အသားဝါအေရောဂါတွေ ဖြစ်ပြီး တစ်ယောက်ကနေတစ်ယောက် သင်တန်းကာလမှာ နီးနီးကပ်ကပ်နေပြီး ကူးကုန်ပါတယ်။

အဲဒီနောက်တော့ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလတွေမှာ မိုးရွာပြီး ယင်ကောင်တွေ မိုးရေထဲကို စီးပါသွားပြီး အသည်းရောင်အသားဝါအေရောဂါဖြစ်နှုန်းကျသွားပါတယ်။

ဒုတိယမြောက် အဖြစ်အများဆုံး ကာလကတော့ မိုးရွာတာရပ်သွားပြီး ယင်ကောင်တွေပြန်ပေါက်လာတဲ့ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလတွေပါ။

**အသည်းရောင်အသားဝါအေရောဂါဖြစ်ပွားပုံ**

အသည်းရောင်အသားဝါအေ ဗိုင်းရပ်စ်ပိုးဟာ ပတ်ဝန်းကျင်ထဲမှာ တော်တော်နဲ့မသေနိုင်ပါဘူး။ အပူချိန် ၆၀ ဒီဂရီစင်တီဂရိတ်အထိ မသေပါဘူး။ ဒါကြောင့် အသည်းရောင်အသားဝါအေရောဂါပိုးဟာ ပတ်ဝန်းကျင်ထဲရောက်ပြီး မစင်ထဲမှာ၊ ရေထဲမှာ အကြာကြီးရှင်သန်နိုင်ပါတယ်။

ရှေ့မှာပြောခဲ့တဲ့အတိုင်း ပိုးရှိတဲ့အစားအသောက်နဲ့ ရေကို စားသောက်မိလိုက်ပြီးနောက် သုံးပတ်ကနေ ငါးပတ်အတွင်းမှာ အသည်းရောင်အသားဝါအေရောဂါပိုးတွေဟာ သွေးထဲကနေ လူတစ်ကိုယ်လုံးကို ပျံ့နှံ့ပြီး အသည်းထဲကို ရောက်သွားပါတယ်။

အသည်းရဲ့ ဆဲလ်တွေထဲကိုဝင်ပြီး အသည်းဆဲလ်တွေပျက်စီးအောင်လုပ်တော့တာပေါ့။ အဲဒီမှာတင် အသားဝါလက္ခဏာတွေ ပေါ်လာတာပေါ့။

**အသည်းရောင်အသားဝါအေရောဂါ ဟုတ်မဟုတ် စစ်ဆေးပုံ**

အသည်းရောင်အသားဝါအေရောဂါ ဟုတ်မဟုတ် သေချာပေါက်သိချင်ရင် သွေးဖောက်ပြီး Anti HAV IgM ဆိုတာကို စစ်ကြည့်ပါ။

Anti HAV IgM positive ဆိုရင် အခုဖြစ်နေတဲ့ အသည်းရောင်အသားဝါရောဂါဟာ အေရောဂါဖြစ်တယ်ဆိုတာ သေချာပြီပေါ့။

**ရောဂါလက္ခဏာတွေ**

အသည်းရောင်အသားဝါအေရောဂါပိုး ကူးစက်တဲ့အခါမှာ ရောဂါလက္ခဏာ ဖြစ်ပုံဖြစ်နည်းဟာ ငါးမျိုးရှိပါတယ်။

၁။ ဘာရောဂါလက္ခဏာမှ မပြပါ။

အသက် ၅ နှစ်အောက်ကလေးတွေမှာ ဒီလို ဘာရောဂါလက္ခဏာမှမရှိဘဲ အသည်းရောင်အသားဝါအေရောဂါ ဖြစ်တတ်ပါတယ်။

၂။ အသည်းရောင်အသားဝါအေရောဂါပိုးဝင်ပြီး ရောဂါလက္ခဏာတွေပြမယ်။

ဖျားမယ်၊ အစားအသောက်ပျက်မယ်၊ နုံးမယ်၊ ဆီးတွေ အရောင်အရင့်ကြီးတွေ သွားမယ်၊ အသားဝါချင်ဝါမယ်။ မဝါချင်မဝါဘူး။

၃။ တချို့လူနာတွေမှာ အသည်းရောင်အသားဝါအေရောဂါပိုးဝင်ပြီးတဲ့နောက် သည်းခြေလမ်းကြောင်းပိတ်ပြီး တော်တော်နဲ့အသားဝါမကျဘဲ ဖြစ်တတ်ပါတယ်။ တစ်ခါတလေ သုံးလေးလအထိ ကြာနိုင်ပါတယ်။ အဲလိုလူနာမျိုးတွေမှာ အသား တော်တော်လေးကိုဝါမယ်၊ တစ်ကိုယ်လုံး ယားမယ်၊ ဖြူဖျော့ဖျော့အရောင်ရှိတဲ့ ဝမ်းတွေသွားမယ်။

၄။ တချို့လူနာတွေမှာ အသည်းရောင်အသားဝါအေရောဂါပိုးဝင်ပြီး အသည်းရောင်အသားဝါဖြစ်မယ်၊ အဲဒီနောက်ပျောက်သွားမယ်။ ပြီးတော့တစ်ပတ်ကနေ တစ်လ အကြာမှာ အသည်းရောင်တာ ပြန်ပြီးဖြစ်တတ်ပါတယ်။

၅။ ကံဆိုးတဲ့ လူနာအနည်းစုမှာ အသည်းအကြီးအကျယ်ရောင်ပြီးတော့ သတိလစ်သွားတဲ့အထိ ဖြစ်နိုင်နိုင်ပါတယ်။

အသည်းရောင်အသားဝါအေရောဂါနဲ့ပတ်သက်လို့ မြန်မာပြည်ရဲ့အတွေ့အကြုံကို ပြောရမယ်ဆိုရင်တော့ ပထမဆုံးအနေနဲ့ ကလေးဟာ ဖျားမယ်၊ ပျို့မယ်၊ အန်မယ်၊ အဲဒီအချိန်မှာ သွေးလွန်တုပ်ကွေးထင်လိုက်၊ ငှက်ဖျားထင်လိုက်၊ တိုက်ဖွိုက်ထင်လိုက်နဲ့ ဆေးမျိုးစုံသုံးပြီး ကုကြတော့တာပါပဲ။

မျက်လုံးတွေဝါလာပြီဆိုတာနဲ့ အဖျားကျသွားပါတော့တယ်။ အဲဒီတော့မှ အသားဝါမှန်းသိကြပါတယ်။ ရှေ့မှာပြောခဲ့တဲ့ အသည်းရောင်အသားဝါအေရောဂါ အဖြစ်များတဲ့အချိန်တွေမှာဆိုရင် ကလေးတွေဟာ အဲလိုဖျားပြီးဝါလာရင် ဘာမှမစစ်ဆေးဘဲနဲ့ အသည်းရောင်အသားဝါအေဖြစ်တယ်လို့ အကြမ်းဖျဉ်းယူဆနိုင်ပါတယ်။

**ရောဂါရဲ့အကျိုးဆက်**

အသည်းရောင်အသားဝါအေရောဂါဟာ နာတာရှည် အကျိုးဆက်တွေ မရှိပါ။

အသည်းရောင်အသားဝါအေရောဂါဟာ ရောဂါဖြစ်တုန်းပဲ အသည်းရောင်ပြီး အချိန်တန်ရင် ပျောက်သွားပါတယ်။ ဘီပိုး၊ စီပိုးလို နာတာရှည်အကျိုးဆက်တွေ လုံးဝမရှိပါဘူး။

**ဘယ်လိုကာကွယ်မှာလဲ**

အစားအသောက်နဲ့ရေ

အစားအသောက်နဲ့ ရေကတစ်ဆင့် ရောဂါကူးတာဆိုတော့ သန့်ရှင်းတဲ့ရေကို သောက်ပါ။

ယင်နားတဲ့အစားအစာကို မစားပါနဲ့။

**ကာကွယ်ဆေး**

ကမ္ဘာပေါ်မှာ အသည်းရောင်အသားဝါအေရောဂါ ကာကွယ်ဆေးပေါ်နေတာ ၁၅နှစ်ကျော်ပါပြီ။

အသည်းရောင်အသားဝါအေရောဂါ ကာကွယ်ဆေးတွေဟာ အသည်းရောင်အသားဝါအေရောဂါကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်ပါတယ်။

ပထမတစ်လုံးစထိုးပြီး နောက်ခြောက်လကြာတဲ့အခါမှာ ဒုတိယအလုံးထိုးပါ။

အဲလို အသည်းရောင်အသားဝါအေရောဂါ ကာကွယ်ဆေးနှစ်လုံး ထိုးထားမယ်ဆိုရင် အသည်းရောင်အသားဝါအေရောဂါကို တစ်သက်လုံးကာကွယ်ပြီးသား ဖြစ်ပါလိမ့်မယ်။

**ဘယ်လိုလူတွေကို ကာကွယ်ဆေးထိုးရမှာလဲ**

အကြမ်းဖျဉ်းပြောရမယ်ဆိုရင်တော့ မြန်မာနိုင်ငံမှာ အသက် ၃၀ အောက်ရှိတဲ့သူတိုင်း အသည်းရောင်အသားဝါအေရောဂါကာကွယ်ဆေး ထိုးထားသင့်ပါတယ်။

**ကာကွယ်ဆေးအမျိုးအစားတွေ**

မြန်မာပြည်မှာ အဓိအားဖြင့် အသည်းရောင်အသားဝါအေရောဂါ တစ်မျိုးတည်းကာကွယ်တဲ့ဆေးနဲ့ အေနဲ့ဘီရောထားတဲ့ ကာကွယ်ဆေးဆိုပြီး နှစ်မျိုးနှစ်စားရှိပါတယ်။

ဘီကာကွယ်ဆေး မထိုးရသေးရင်တော့ အေနဲ့ဘီရောထားတဲ့ ကာကွယ်ဆေး တွင်းရစ်(pf) Twinrix ကိုထိုးပါ။ ဘီပိုးကာကွယ်ဆေး ထိုးပြီးသားဆိုရင်တော့ အေကာကွယ်ဆေး တစ်မျိုးတည်းကိုသာ ထိုးပါ။




အသည်းရောင်အသားဝါအေရောဂါ ကာကွယ်ဆေး




အေ နှင့် ဘီကာကွယ်ဆေးရောလျက်

**အသည်းရောင်အသားဝါအေရောဂါကာကွယ်ဆေး ထိုးကြပါ။**

ပြည်သူလူထုနဲ့ ဆေးလောက အသိုင်းအဝိုင်းမှာ အသည်းရောင်အသားဝါအေရောဂါကို ကာကွယ်ရမယ်ဆိုတဲ့အသိ နည်းပါးနေပါသေးတယ်။ ဒါကြောင့်မို့လို့ နှစ်စဉ် အသည်းရောင်အသားဝါ အေရောဂါဖြစ်တဲ့ ကလေးတွေ၊ တက္ကသိုလ်ကျောင်းသားတွေ၊ ဆေးကျောင်းသားတွေကို တွေ့နေရပါသေးတယ်။ အလွန်ကိုလွယ်ကူတဲ့ အေကာကွယ်ဆေးထိုးတာကို လုပ်မထားတဲ့အတွက် အသည်းရောင်အသားဝါအေ ဖြစ်နိုင်ပါတယ်။

အဲလို အသည်းရောင်အသားဝါအေရောဂါ ဖြစ်ပြီဆိုတာနဲ့ အဖေ၊ အမေ၊ အမျိုးအဆွေတွေ အလုပ်ပျက်အကိုင်ပျက်နဲ့ ဆေးခန်းလိုက်ပြရ၊ စိတ်ပူရဖြစ်ပြီး ဆေးရုံတင်ပြီဆိုရင်တော့ တစ်မျိုးလုံးတစ်ဆွေလုံး အလုပ်ပျက်၊ စိတ်ပူကြ၊ စိုးရိမ်ကြနဲ့ တော်တော်ကို ဇာတ်လမ်းရှုပ်သွားပါပြီ။

ဒါကြောင့်မို့လို့ အသက် ၃၀ အောက် လူငယ်၊ လူရွယ်တွေအနေနဲ့ အသည်းရောင်အသားဝါအေရောဂါ ကာကွယ်ဆေးကို ထိုးဖြစ်အောင်ထိုးကြပါလို့ တိုက်တွန်းလိုက်ပါရစေ။

# မြန်မာ့လူမှုရေးနှင့် စာပေယဉ်ကျေးမှု စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်

**မုံရွာ စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ကြီးမှူးပြီး ပညာအလင်းခေတ်မီစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီနှင့် ရွှေဟောင်း မြန်မာစာပေရေးရာဌာန ကြီးကြပ်ရေးကော်မတီတို့ပူးပေါင်း၍ မြန်မာ့လူမှုရေးနှင့် စာပေယဉ်ကျေးမှု စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၁)ကို ဩဂုတ် ၃၁ ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဇေယျာပဒေသာဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌများ၊ မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တို့မှ ပါမောက္ခချုပ်များ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ ကထိကများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲနှင့်အတူ ပညာအလင်း ခေတ်မီစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီနှင့် ရွှေဟောင်းမြန်မာစာပေရေးရာဌာန ကြီးကြပ်ရေးကော်မတီများမှ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားစေရန်အတွက် သုံးလကြာ ဖွင့်လှစ်သင်ကြားခဲ့သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုစွမ်းရည်မြှင့် သင်တန်း အမှတ်စဉ်(၃)ဆင်းပွဲနှင့် အမှတ်စဉ်(၄)သင်တန်းဖွင့်ပွဲများကိုလည်း ကျင်းပခဲ့သည်။ အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများထံ ပေးအပ်သည်။

**ဖိုးချမ်း(မုံရွာ)**


Forever Gems
by ရွှေနန်းတော်
MYANMAR PLAZA
@Myanmar Plaza (HAGL Group)
6-9-2015
(တနင်္ဂနွေနေ့)စတင်ဖွင့်လှစ်ပါပြီ
Grand Opening
သိန်းပေါင်း (1500) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program
၂၀၁၅စက်တင်ဘာ (6) ရက်နေ့ မှ အောက်တိုဘာ (4) ရက်နေ့အထိ
Grand Lucky Draw Program
(၁) Toyota Corolla brand new ကား (၁) စီး
(၂) ၁၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၃) ၁၀ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၄) ၇ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၅) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၆) 52" LED TV (၂) လုံး
(၇) i phone 6+ (၅) လုံး ချီးမြှင့်ပေးမည်၊
အောက်တိုဘာ(၄)ရက်နေ့တွင် ကံထူးရှင် ရွေးချယ်ပေးပါမည်၊
ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
5% to 25% off
(၁) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၂) ၃ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၅) ၅ မူးသားနှင့် ၄ ပဲသား ရွှေဆွဲကြိုး (၅၀) ကုံး
(၆) ၃ ပဲ၊ ၂ ပဲ နှင့် ၁ ပဲသား ရွှေလက်စွပ် (၃၀၀) ကွင်းနှင့်
4-9-2015 မှ 4-10-2015 နေ့စဉ်ကံထူးရှင်များကို ရွေးချယ်ချီးမြှင့်ပေးပါမည်
စုစုပေါင်း ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့် တခြားအမှိုးတန် မဲဒည်းများ
6-9-2015 : နံနက် (၉ : ၃၀) အခမ်းအနား ဖွင့်လှစ်ခြင်း၊
ရန်အောင်၊ နိုင်းနိုင်း၊ ပြေတီဦး၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ အောင်ရဲလင်း၊ ဇေရဲထက်၊
ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ၊ နိုင်သင်းကြည်၊ သက်မွန်မြင့်၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေး၊ ဒိုင်းစုနိုင်သိန်း
6-9-2015 & 7-9-2015 : နိုင်ငံကျော်အနုပညာရှင်များမှ အမှတ်တရဓါတ်ပုံရိုက်ကူးခြင်းနှင့်လက်မှတ်ရေးထိုးခြင်း
Creation by Forever Gems
*Rဇာနည်၊ တန်နိုင်ပြိုး၊ ခေလ၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း၊ဒိုင်းစုနိုင်သိန်း၊နီနီခင်ဇော် တို့မှ ဖျော်ဖြေခြင်း*
(G-05A) မြေညီထပ်၊ Myanmar Plaza (HAGL)
Sedona Hotel အနီး၊ (ယခင်စက်မှု (၁) ဝန်ကြီးဌာန) ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့၊


Special Grand Opening Sales 15%off
3D CAD/CAM Designs

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန**
**လူမှုဖူလုံရေးအဖွဲ့**

## လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ် ၁/၂၀၁၅**
**၁၃၇၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်**
**(၂၀၁၅ ခုနှစ် စက်တင်ဘာ ၄ရက်)**

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီးများနှင့် ဆေးခန်းများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများတင်သွင်းနိုင်ပါသည်-

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (က) | လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီးများနှင့် ဆေးခန်းများ | လက်ထောက် ဆရာဝန် | ၅၀နေရာ | M.B.B.S |
| | | သွားဘက်ဆိုင်ရာ ဆရာဝန် | ၁နေရာ | B.D.S |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၂၅-၉-၂၀၁၅ ရက်တွင်အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဃ) M.B.B.S ဘွဲ့အတွက်၂၀၁၄ ခုနှစ် ဒီဇင်လာလအထိနှင့် B.D.S ဘွဲ့အတွက် ၂၀၁၅ ခုနှစ် ဇန်နဝါရီလအထိ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာများကို (၁) အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ ဆေးဌာန၊ရုံးအမှတ် (၅၁)နေပြည်တော်၊ (၂) ရန်ကုန် အလုပ်သမားဆေးရုံကြီး၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ (၃) မန္တလေး အလုပ်သမားဆေးရုံကြီး၊ အမှတ် ၂၆၇၊ ကွင်းအမှတ် ၄၁၈၊ ၁၂လမ်းနှင့်၁၄လမ်းကြား၊ ၆၆လမ်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ (၄) ထန်းတပင် အလုပ်သမားဆေးရုံကြီး၊ တူးချောင်းရွာအနီး၊ထန်းတပင်မြို့နယ်များတွင် ဝယ်ယူနိုင်ပြီး ၂၅-၉-၂၀၁၅ ရက်အရောက် လူကိုယ်တိုင်(သို့) စာတိုက်မှတစ်ဆင့် အထက်ဖော်ပြပါ နေရာများသို့ပေးပို့လျှောက်ထားရမည်။

၄။ စာမေးပွဲဝင်ကြေးငွေ ၅၀၀ိ/-ကို လူမှုဖူလုံရေးအဖွဲ့၊ဆေးဌာနငွေစာရင်းအမှတ် MD-012360 သို့ပေးသွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀ကျပ် ပေးသွင်းရမည့်နည်းလမ်း၊ လူတွေ့နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၃-၃-၂၀၁၄ ရက်စွဲပါ စာအမှတ် ၂၂၁/ရွေးချယ်ရေး(အဓိက) ၂၀၁၄ ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက် စာစောင်ပါသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို ၈-၁၀-၂၀၁၅ ရက်မှစ၍ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ ဆေးဌာန၊ ရုံးအမှတ် (၅၁)နေပြည်တော်တွင် ထုတ်ပေးမည်။

၇။ ကြော်ငြာပါ ရာထူးများအတွက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်း မပြုလုပ်ဘဲ လျှောက်ထားသူများကိုအကြောင်းကြားခေါ်ယူကာ စိတ်အခြေအနေစစ်ဆေးခြင်းနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ စိတ်အခြေအနေစစ်ဆေးခြင်းကို ၁၂-၁၀-၂၀၁၅ ရက်တွင်လည်းကောင်းနှင့် လူတွေ့စစ်ဆေးခြင်းကို ၁၃-၁၀-၂၀၁၅ ရက်တွင် စတင်မည်ဖြစ်ပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇) နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်ရက်များကို တစ်ဦးချင်းစီသို့ စာဖြင့်အကြောင်းကြားပေးပို့မည်ဖြစ်ပါသည်။

၉။ အခြားစုံစမ်းမေးမြန်းလိုအပ်ချက်ရှိပါက အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ ဆေးဌာန၊ နေပြည်တော် (ဖုန်း- ၀၆၇-၄၃၀၁၀၄၊ ၀၆၇-၄၃၀၂၈၁ တို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင် ဖော်ပြထားပါသည်။

---

**အရွယ်မရောက်သေးသောသူငယ်ကို**
**အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန်**

## လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့ အက်ဥပဒေပုဒ်မ ၁၁)**
**မန္တလေးခရိုင်တရားမရုံးတော်၌**
**၂၀၁၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၄၀**

**ဒေါ်နန်းလှဌေး** — **လျှောက်ထားသူ**

အရွယ်မရောက်သေးသူ (သား)မောင်ထွန်းထွန်းလင်း အောင်နန်းအရှေ့၊ ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့နေ အရွယ်မရောက်သေးသောသူငယ်အကြောင်း၊

နန့်ခမ်းမြို့၊ ပေါက်တိုက်ရပ်ကွက်(မ-၂၁)ရပ်နေ ဒေါ်နန်းလှဌေးက အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မောင်ထွန်းထွန်းလင်းသည် လျှောက်ထားသူ၏သားဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်ကိုအုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၅ ခုနှစ် စက်တင်ဘာ ၈ ရက်(၁၃၇၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ ရက်)တွင် ဆိုင်ဆိုရန်ချိန်းဆိုလိုက်သည်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်ယဉ်ဟန်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

---

## အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့၊ အေးသာယာ ပြည်သူ့ဝန်ထမ်းအိမ်ရာ စီမံကိန်းတွင် အဆင့်မြင့် RCC တန်ဖိုးသင့်/မျှ လူနေအထပ်မြင့် လေးခန်းတွဲ ငါးထပ်တိုက်ခန်းများ စီမံဆောက်လုပ်လျက်ရှိပြီး ၁၄-၅-၂၀၁၅ရက်မှစတင်၍ အစိုးရဝန်ထမ်းများကို ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ပြည်သူများကို ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် တိုက်ခန်းဝယ်ယူလိုသူများ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

**လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန**
**ဖုန်း-၀၈၁-၂၀၁၉၀၄**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**တောင်ကြီးမြို့**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)တွင်အသုံးပြုရန်အတွက် လိုအပ်သော Aluminium Chlorohydrate(ACH) ဆေးရည်(၁၂၀၀)တန်ကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၀-၉-၂၀၁၅ ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်)ဘဏ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၃၄**

ဒေါ်ခင်မျိုးကြည် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ- ဦးသောင်းဝေ) **နှင့်** ၁။ ဒေါ်မျိုးမြင့်နွယ် ၂။ ဦးစည်သူဝင်း ၃။ ဦးသက်ဦးလွင် ၄။ ဦးရဲဇာနည်ထွန်း

**တရားလို** — **တရားပြိုင်များ**

အထက်ပုံစံပါအမှုမှ တရားပြိုင် ၁။ ဒေါ်မျိုးမြင့်နွယ်(ဘ) (အမည်မသိ)၊ ၂။ ဦးစည်သူဝင်း (ဘ)ဦးနေဝင်း၊ ၃။ ဦးသက်ဦးလွင် (ဘ) ဦးညိုဦး၊ ၄။ ဦးရဲဇာနည်ထွန်း(ဘ)ဦးဘိုနီ၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (ဇဇ-၈)၊ ဦးပိုင် (၂၉၊ ၃၀)၊ ၅၂×၅၃ လမ်းကြား၊ လမ်းသွယ်(၁၀)တွင် နေထိုင်သူများ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ခင်မျိုးကြည်က ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံများ ဖျက်သိမ်းယူဆောင်၍ ထွက်ခွာသွားစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ရက် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်နေ့) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ထို့ပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ပါက သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ခင်ဌေးဝင်း)**
**ဒု-ခရိုင်တရားသူကြီး (၅)**
**မန္တလေးခရိုင်တရားရုံး**

---

## Passionate Traveller ခရီးသွားကုမ္ပဏီလီမိတက်မှ အများသိစေရန်ကြေညာခြင်း

ရပ်ကွက်(၆)၊ သုခလမ်း၊ လားရှိုးမြို့တွင်ဖွင့်လှစ်ထားရှိသော Passionate Traveller Co.,Ltd. ၏ လားရှိုးမြို့ရုံးခွဲအားစီမံခန့်ခွဲမှုပိုင်းဆိုင်ရာ အားနည်းချက်များကြောင့် ယနေ့ ၂၆ရက်၊ ဩဂုတ်လ၊ ၂၀၁၅ ခုနှစ်မှစတင်၍ ခေတ္တပိတ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ ယနေ့ ၂၆ရက်၊ ဩဂုတ်လ၊ ၂၀၁၅ ခုနှစ်မှစတင်၍ လားရှိုးမြို့အတွင်းတွင် Passionate Traveller Co.,Ltd.၏ အမည်ကို ခွင့်ပြုချက်မရှိဘဲ သုံးစွဲနေမှုများကို တွေ့ရှိခဲ့ပါက တည်ဆဲတရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

---

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP (ပေါင်းလောင်း)ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-
Tender No. 15/ HPGE/15-16 (Transformer Oil (670)Drums ဝယ်ယူခြင်း)
၂။ Tender No. 15 ၏ တင်ဒါပိတ်ရက်မှာ ၂၁-၉-၂၀၁၅ ရက် ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၉၆၊ ၄၁၀၅၃၈**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်ကုသရေးဦးစီးဌာနအောက်ရှိ ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများအတွက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ပြည်နယ်ကုသရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အောက်ရှိ ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးနိုင်ရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၃-၉-၂၀၁၅ ရက် (ကြာသပတေးနေ့) ၉း၀၀ နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၉-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ၃-၉-၂၀၁၅ ရက်မှစ၍ နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးများဝယ်ယူရေးကြီးကြပ်မှုကော်မတီ**
**ပြည်နယ်ကုသရေးဦးစီးဌာန၊ ရှမ်းပြည်နယ်**
**စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၈၁-၂၁၂၁၀၄**

---

## ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်)

(၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မြို့နယ်သူ/သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၇-၉-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ
**ကျင်းပမည့်နေရာ** - ယောဇနာရာမပရိယတ္တိစာသင်တိုက်၊ မင်းလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်

အသက် (၇၅)နှစ်နှင့် အထက်ရှိ အသင်းသူ/အသင်းသားများ မှတ်ပုံတင်မိတ္တူနှင့်အတူ(၂၀၁၅) တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား/သူ အိမ်ထောင်စုစာရင်းမိတ္တူ အောင်မြင်ကြောင်း ထောက်ခံချက် မိတ္တူတို့နှင့်အတူ ၂၀-၉-၂၀၁၅ ရက် နောက်ဆုံးထား၍ အောက်ပါအမှုဆောင်များထံ သတင်းပေးပို့ပါရန်။

| | | |
|---|---|---|
| ၁။ | ဦးမောင်မောင်ကြည် | - ဖုန်း-၀၉- ၂၅၄၃၇၈၃၁၇ |
| ၂။ | ဦးအောင်ဌေးဝင်း | - ဖုန်း-၀၉- ၄၂၁၀၆၉၃၉၄ |
| ၃။ | ဒေါ်မြမြသွယ် | - ဖုန်း-၀၉- ၃၁၀၅၈၈၃၅ |
| ၄။ | ဦးခင်မောင်သိန်း | - ဖုန်း-၀၉- ၇၃၁၄၉၇၇၇ |
| ၅။ | ဒေါ်လွင်လွင်မာ | - ဖုန်း-၀၉- ၅၁၄၄၆၀ |

**အမှုဆောင်အဖွဲ့၊ ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် K/4969. Hino BM 600. Bus(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှဝင်း ၁၂/ဥကတ(နိုင်)၀၉၂၂၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

---

## ကြော်ငြာစာ

**အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇ (၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမအသေးအဖွဲမှုအမှတ် -၁၄၀**
**(ကွယ်လွန်သူ ဒေါ်တင်ကြည် ကျန်ရှိသောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)**

**ဦးလှဌေး** — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက် ရှမ်းကုန်းလမ်း၊ အမှတ် (၅၀)ပထမထပ်နေ လျှောက်ထားသူ ဦးလှဌေးမှ ကွယ်လွန်သူ ဒေါ်တင်ကြည် ကျန်ရှိရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး မြေနစ်ကွက်ဖြစ်သော အမှတ် (၁၁၇)၊ ၉၂လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂) အိုင်၊ မြေကွက်အမှတ် ၈၇၊ ဂရန်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၆လမ်း၊ အမှတ် (၆)၊ မြေတိုင်းရပ်ကွက် အမှတ် (၁၁)ပီ၊ သုံးခန်းတွဲ၊ နှစ်ထပ်တိုက်၏အကျိုးခံစားခွင့်အရပ်ရပ်အား အမွေထိန်းလက်မှတ်စာ ထုတ်ပေးခဲ့ပြီးဖြစ်၍ ယင်းအမွေထိန်းလက်မှတ်စာပါပစ္စည်းအား အလုံးစုံ စီမံပိုင်ခွင့်ပြုသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုကွယ်လွန်သူ ဒေါ်တင်ကြည်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့သည် ၂၀၁၅ခုနှစ် စက်တင်ဘာ ၂၅ရက် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၁၂ရက်) နံနက် ၁၀း၀၀နာရီတွင် လာရောက်ဆိုင်ဆိုရန် ချိန်းဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးလှဌေးလျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီး၊ ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မေမီဝင်းရွှေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများရှိ စက်ယန္တရားများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါစက်အရန်ပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | Country of Origin | မှတ်ချက် |
|---|---|---|---|---|
| ၁။ | Spare Parts for CIFA Batching Plant | 1 Lot | Italy | CIF(Yangon) |
| ၂။ | Spare Parts for Excavator | 1 Lot | Japan | CIF(Yangon) |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၉-၂၀၁၅ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၆-၁၀-၂၀၁၅ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**စက်မှုဌာနခွဲ၊ လမ်းဦးစီးဌာန၊ ရုံးအမှတ် (၁၁)ဝင်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၀၇၆၊ ၀၉-၈၆၁၁၆၂၉၊ ၀၉-၄၃၁၈၆၂၅၁၊ ၀၉-၈၆၃၆၁၈၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှဆောင်ရွက်မည့် ခန္တီးခရိုင်၊ ခန္တီးမြို့၊ မြသိန်းတန်စေတီတော်အနီး ချင်းတွင်းမြစ်ကမ်းပါးထိန်း သံကူကွန်ကရစ်မြေထိန်းတမံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၁။ ဘိလပ်မြေ
၂။ ကျောက်စရစ်
၃။ ပန်းရံသဲ
၄။ သစ်ခွဲသား
၅။ ၁" ထုပျဉ်
၆။ ရိုက်သံ
၇။ ၃/၄ Ø MS
၈။ ၃/၄ Ø MS
၉။ ၄/၆ Ø မျော
၁၀။ ကျောက်ရောမြေ

**တင်ဒါပုံစံရယူမည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)
**တင်ဒါပုံစံရယူမည့်ရက်** - ၇-၉-၂၀၁၅ ရက်မှ ၁၄-၉-၂၀၁၅ ထိ (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၅-၉-၂၀၁၅ ရက် (အင်္ဂါနေ့) (၁၂း၀၀) နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၅-၉-၂၀၁၅ ရက် (အင်္ဂါနေ့) (၁၄း၀၀) နာရီ
**တင်ဒါဖွင့်လှစ်မည့်နေရာ** - သစ်တောလမ်း၊ ဒေသ (၆)တိုင်းဒေသကြီး ရေမြစ်ဖြိုးဦးစီးဌာနရုံး

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၆) စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၇၁-၂၁၁၆၂၊ ၂၃၂၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်**
**အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၂၁၄၃၄၄၊ ၂၁၄၃၄၅၊ ၂၁၄၃၄၆၊ ၂၁၄၃၄၇၊ ၂၁၄၃၄၉၊ ဖက်စ်-၂၁၄၄၈၄**

## ဝန်ထမ်းအလိုရှိသည်

**အမှုဆောင်အရာရှိ (IT တာဝန်ခံ) (ရန်ကုန်ရုံးချုပ်တွင် တာဝန်ထမ်းဆောင်ရန်)** ကျား (၁)ဦး
- B.C.Sc (သို့) BE(IT) (သို့) ဘွဲ့ရ (သို့) IT နှင့် သက်ဆိုင်သော Diploma လက်မှတ်ရရှိပြီးသူဖြစ်ရမည်။
- IT နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၅ နှစ်ရှိသူဦးစားပေးမည်။
- ရုံးလုပ်ငန်းအခြေခံတတ်ကျွမ်းရမည်။
- Computer Hardware & Software, Network ပိုင်းကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- CCTV ပိုင်းနှင့်ပတ်သက်၍ သိရှိနားလည်သူဖြစ်ရမည်။
- အင်္ဂလိပ်စာ 4 Skills တတ်ကျွမ်းရမည်။
- (Teamwork) အများနှင့်အဆင်ပြေစွာ ပြောဆိုဆောင်ရွက်နိုင်သူဖြစ်ရမည်။
- လိုအပ်ပါက အချိန်ပိုဆင်းပေးနိုင်ရပါမည်။
- အသင်းချုပ်တွင် အနည်းဆုံး (၂)နှစ် တာဝန်ထမ်းဆောင်နိုင်ရပါမည်။

**ဦးစီးအရာရှိ (IT အရာရှိ)(ရန်ကုန်ရုံးချုပ်တွင် တာဝန်ထမ်းဆောင်ရန်)** ကျား/မ(၁)ဦး
- B.C.Sc (သို့) ဘွဲ့ရ (IT နှင့် ပတ်သက်သော Diploma) ရရှိရပါမည်။
- IT လုပ်ငန်းအတွေ့အကြုံ ၂ နှစ်ရှိရပါမည်။
- Computer ပိုင်း ကျွမ်းကျင်စွာ အသုံးပြုတတ်ရပါမည်။
- အများနှင့်အဆင်ပြေစွာ ပြောဆိုရာတွင် ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
- လိုအပ်ပါက အချိန်ပိုဆင်းနိုင်ရပါမည်။
- အင်္ဂလိပ်စာ 4 Skills တတ်ကျွမ်းရမည်။
- အသင်းချုပ်တွင် အနည်းဆုံး (၂)နှစ် တာဝန်ထမ်းဆောင်နိုင်ရပါမည်။

**ဆောက်လုပ်ရေးအင်ဂျင်နီယာ (ရန်ကုန်ရုံးချုပ်တွင် တာဝန်ထမ်းဆောင်ရန်)** ကျား (၁)ဦး
- BE (Civil) (သို့) AGTI (Civil) ရရှိထားသူဖြစ်ရမည်။
- ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁၀)နှစ်ရှိသူဦးစားပေးမည်။
- RC အဆောက်အအုံများ ဆောက်လုပ်သည့် အတွေ့အကြုံရှိရမည်။
- အဆောက်အအုံ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရမည်။
- အနိမ့်ဆုံးလစာ ကျပ် ၄၅၀၀၀၀ ပေးမည်။
- အသင်းချုပ်တွင် အနည်းဆုံး (၂)နှစ် တာဝန်ထမ်းဆောင်နိုင်ရပါမည်။

အထက်ဖော်ပြပါ ရာထူးများကို လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် အပြည့်အစုံ၊ ဓာတ်ပုံ (၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်းဆိုင်ရာဘွဲ့လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံစာ (သက်တမ်းတစ်လအတွင်း)မူရင်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ (သက်တမ်းရှိ)၊ သန်းခေါင်စာရင်းမိတ္တူတို့ကို Information ဌာနစိတ်၊ UMFCCI သို့ လိပ်မူ၍ ၁၅-၉-၂၀၁၅ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

**ကုန်သည်စက်မှုအသင်းချုပ်**

## Happy Owl အရောင်းကိုယ်စားလှယ် အလိုရှိသည်

Happy Owl သည် ရေနံချောင်းတောင်သူများအဖွဲ့မှ ကျေးလက်တောင်သူများ၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်ပြီး သန့်ရှင်းသပ်ရပ်စွာ ထုတ်လုပ်ထားသော မြေပဲယို၊ နှမ်းယို၊ နှမ်းပျစ်၊ မြေပဲတော်ဖီ၊ မြေပဲဆားလှော်များဖြစ်သည်။

ရောင်းအားမြှင့်တင်ရန် အရောင်းကိုယ်စားလှယ်တစ်ဦးအလိုရှိသည်
- ကျား/မ(ပညာ/အသက် ကန့်သတ်ချက်မရှိ)
- ကုန်ပစ္စည်းရောင်းလုပ်သက်အနည်းဆုံး ၂နှစ်
- ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူ

ဓာတ်ပုံ(၁)ပုံနှင့်အတူ ၂၀-၉-၂၀၁၅ ရက်နောက်ဆုံးထားလျှောက်လွှာပေးပို့ရန်
ရေနံချောင်းတောင်သူများအဖွဲ့
အမှတ် ၁၈(A သုံးလွှာ)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၉၆၆၀၅၈၈၇၇

## တစ်ဦးတည်းဖြစ်ကြောင်း

ဝိုင်းမော်မြို့နေ မောင်နိုင်ဝင်း ၁/ဝမန(နိုင်)၀၄၃၃၃၀နှင့် မောင်တင်နိုင်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါသည်။

## အမြန်ရောင်းမည်

ရန်ကင်း၊ ဘောက်ထော်၊ အဝေရာလမ်း၊ 42'×60' ပိုင်ရှင်အမည်ပေါက်။ **ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၅၀၃၇၂၃၆၃**

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ**

## လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၄၃**
**ကွယ်လွန်သူ ဒေါ်သီတာငြိမ်း၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

**ဦးမြတ်ငြိမ်း** **လျှောက်သူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ၂၄ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ် ၁၁၅၅ နေ ဦးမြတ်ငြိမ်းက ကွယ်လွန်သူ ဒေါ်သီတာငြိမ်း၏မောင်ဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူ ဒေါ်သီတာငြိမ်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်သီတာငြိမ်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၈ရက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးမြတ်ငြိမ်း၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ် -၁၄၁**
**ကွယ်လွန်သူ ဦးလှမြင့်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

အမှတ် ၄၇၊ (၈၈)လမ်း၊ ကန်/အနောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၌ နေထိုင်ခဲ့သောကွယ်လွန်သူ ဦးလှမြင့်၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ဟာမီနာကာတူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ခုနှစ် စက်တင်ဘာလ ၁၇ ရက် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၄ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလှမြင့်၏ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်ဆိုခဲ့သော ၂၀၁၅ခုနှစ် စက်တင်ဘာ ၁၇ရက် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၄ရက်)၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သောဒေါ်ဟာမီနာကာတူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ခုနှစ် ဩဂုတ် ၃၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိုင်နိုင်အောင်)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ထားဝယ်ခရိုင်တရားမရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၈**

| | | | |
|---|---|---|---|
| ဒေါ်ခင်မြိုင် | **နှင့်** | ၁။ ဦးအောင်ဝင်း | ၈။ ဒေါ်မာမာရီ(ခ)ဒေါ်ရီရီမော် |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် | | ၂။ ဒေါ်လှကြည် | ၉။ ဒေါ်မာမာသက် |
| ဒေါ်မိုမိုခိုင်) | | ၃။ ဒေါ်သန်းသန်းယု | ၁၀။ မဝင်းဝင်းချို |
| | | ၄။ ဒေါ်စန်းစန်းအေး | ၁၁။ ဒေါ်အေးအေးနွယ် |
| | | ၅။ ဒေါ်မော်မော်အောင် | ၁၂။ ဦးဇော်အေး |
| | | ၆။ ဒေါ်သန်းသန်းနွယ် | ၁၃။ ဒေါ်ပို |
| | | ၇။ ဒေါ်မာမာချို | |

**တရားလို** **တရားပြိုင်များ**

(ယခင်နေရပ်လိပ်စာ) အမှတ် ၁၁၅၊ ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့နေ ဒေါ်မော်မော်အောင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

(ယခင်နေရပ်လိပ်စာ) ကော့သောင်းမြို့မရဲစခန်း၊ ကော့သောင်းမြို့နေ ဒေါ်မာမာရီ(ခ) ဒေါ်ရီရီမော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ် တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၇ ရက် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်ကိုယ်တိုင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(လဲ့လဲ့ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ထားဝယ်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အထက(၂)တက္ကသိုလ်ဝင်တန်း($A_4$)မှ မောင်ရီဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးသန်းစိန် ၉/တကန(နိုင်)၀၃၂၀၈၈ ဖြစ်ပါကြောင်း။ **ဦးသန်းစိန်**

## ဖခင်အမည်မှန်

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း($A_3$) မှ မအိအိငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးတင်လှ ၉/တကန(နိုင်)၀၃၅၃၁၇ ဖြစ်ပါကြောင်း။ **ဦးတင်လှ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မုံရွာစီးပွားရေးတက္ကသိုလ်၊ စတုတ္ထနှစ် စာရင်းအင်းပညာအထူးပြု (စစ-၃၈)မှ မညီညီဦး(ခ) မယဉ်ယဉ်ဝိုင်း ၁/မကန(နည့်)၀၀၁၉၉၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မညီညီဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မုံရွာစီးပွားရေးတက္ကသိုလ်၊ စတုတ္ထနှစ် စာရင်းအင်းပညာအထူးပြု (စစ-၃၈)မှ မညီညီဦး၏ဖခင် ဦးနားပို(ခ) ဦးရှင်းထင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အေးသာယာ အထက(၂)တက္ကသိုလ်ဝင်တန်း(က)မှ မစုဖြူ၏ဖခင်အမည်မှန်မှာ ဦးထွန်းအေး ၁၃/တကန(နိုင်)၀၅၅၃၅၈ ဖြစ်ပါကြောင်း။ **ဦးထွန်းအေး**

## အမည်မှန်

ဦးဇော်လှအောင်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ရာဇဂြိုဟ်ရွာ အထက(ခွဲ)တတိယတန်းမှ မောင်အေးချမ်းမောင်၏ အမည်မှန်မှာ မောင်ဇေယျာထွန်း ဖြစ်ပါကြောင်း။ **မောင်ဇေယျာထွန်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C-1841 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/2252, Toyota Lexus GRS19, S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဝင်း ၉/မနမ(နိုင်)၀၈၅၀၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၄၀၇၃၁၊ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွေး ၉/မတရ(နိုင်)၀၃၄၀၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၄၄၇၅၉၊ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင် ၉/ခမစ(နိုင်)၀၂၉၅၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

# မန္တလေးတက္ကသိုလ် သချာၤကျောင်းသူ ကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ နှိုးဆော်လွှာ

မန္တလေးတက္ကသိုလ် သချာၤကျောင်းသူ ကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၁၈-၁၀-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် မန္တလေးတက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသဖြင့် အလှူငွေထည့်ဝင်လိုသော ကျောင်းသူ ကျောင်းသားဟောင်းများသည် နီးစပ်ရာတက္ကသိုလ်၊ ဒီကရီကောလိပ်အသီးသီးရှိ သချာၤဌာနများနှင့် အောက်ဖော်ပြပါ ကျောင်းသူ ကျောင်းသားဟောင်းများထံ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| ၁။ ဦးစောအောင်(စံပြ) | ဖုန်း-၀၉-၂၀၂၉၇၆၅ | ၉။ ဒေါ်သီတာကို | ဖုန်း-၀၂-၆၅၃၄၂ | ၁၇။ ဦးစိန်မင်း | ဖုန်း-၀၉-၉၁၀၁၁၃၉၄ |
| ၂။ ဒေါက်တာညွန့်ဆွေ | ဖုန်း-၀၉-၄၃၀၁၃၀၉၁ | ၁၀။ ဦးသိန်းဝင်(နွားထိုးကြီး) | ဖုန်း-၀၆၆-၈၀၁၅၁ | ၁၈။ ဒေါ်ချိုချို | ဖုန်း-၀၂-၃၀၁၉၁ |
| ၃။ ဦးမျိုးမင်း(K.E.C) | ဖုန်း-၀၉-၇၉၇၇၅၄၂၇၃ | ၁၁။ ဒေါက်တာသိန်းထွန်း | ဖုန်း-၀၉-၂၀၀၃၆၁၆ | ၁၉။ ဦးအေးနိုင် | ဖုန်း-၀၉-၇၉၈၉၇၉၉၄၃ |
| ၄။ ဒေါက်တာဥမ္မာ | ဖုန်း-၀၉-၇၉၈၉၂၁၁၈၆ | ၁၂။ ဦးမောင်မောင်ကြီး | ဖုန်း-၀၉-၅၁၁၁၂၁၁ | ၂၀။ ဦးစိုးလှ | ဖုန်း-၀၉-၄၃၀၁၀၈၃၅ |
| ၅။ ဦးစိုင်းမြင့်သောင်း(ရန်ကုန်) | ဖုန်း-၀၉-၅၂၈၁၅၇၈ | ၁၃။ ဦးညိုဝင်း(မန်းရတနာ) | ဖုန်း-၀၉-၂၀၃၀၅၅၀ | ၂၁။ ဒေါက်တာခင်မျိုးအေး | ဖုန်း-၀၉- ၂၀၁၉၆၁၁ |
| ၆။ ဦးလှသန်း | ဖုန်း-၀၂-၇၂၁၉၂ | ၁၄။ ဦးမင်းဦး(ဖိုး၀) | ဖုန်း-၀၉-၂၀၂၂၇၇၂ | ၂၂။ ဦးမျိုးကျော်ဝင်(နယူးချယ်ရီ) | ဖုန်း-၀၉-၂၀၀၁၀၁၆ |
| ၇။ ဦးဝင်းမြင့်(ဒဂ်ါး) | ဖုန်း-၀၂-၆၄၄၁၇ | ၁၅။ ဒေါက်တာအောင်အောင်မင်း | ဖုန်း-၀၉-၄၃၁၀၂၀၆၀ | ၂၃။ ဒေါက်တာသန်းထွန်းဆွေ | ဖုန်း-၀၉-၄၀၂၅၇၁၃၂၆ |
| ၈။ ဒေါ်ခွေးခွေးယဉ်(စိန်နှင့်မြ) | ဖုန်း-၀၉-၂၀၀၁၁၁၈ | ၁၆။ ဦးမြင့်နိုင် | ဖုန်း-၀၉-၂၀၁၆၆၀၉ | ၂၄။ ဦးအောင်ကျော်ဦး | ဖုန်း-၀၉-၂၀၀၇၄၄၉ |

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၉၈)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာမေးပွဲ

၁။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၉၈)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာမေးပွဲကို ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်(၉)ရက်မှ တန်ဆောင်မုန်းလကွယ်နေ့ထိ ၅-၁၂-၂၀၁၅ ရက် စနေနေ့မှ ၁၁-၁၂-၂၀၁၅ ရက် သောကြာနေ့အထိ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ဝင်ရောက်ဖြေဆိုမည့် ရဟန်းတော်များသည် စာမေးပွဲ ဝင်ခွင့်ပုံစံများကို ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းထုတ်ယူပြီး ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၊ ၂၆-၁၁-၂၀၁၅ ရက် ကြာသပတေးနေ့ ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်ပေးပို့ကြပါရန် လျှောက်ထားအပ်ပါသည် အရှင်သူမြတ်တို့ဘုရား။

၃။ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်သောအားဖြင့် စာဖြေသံဃာတော်များအား ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းနိုင်ရန်အတွက် ရွှေတိဂုံစေတီတော်ရင်ပြင်နှင့် ဂေါပကအဖွဲ့ရုံးတွင် အလှူခံဌာနများဖွင့်လှစ်ထားရှိကြောင်း ကုသိုလ်အကျိုးမျှော်နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၃၇၅၇၆၇၊ ၀၁-၃၇၁၀၈၉

**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**ဒက္ခိဏခရိုင်တရားရုံး**

**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၁၉**

**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၆ နှင့် ဆက်နွယ်သည်**

| | | |
|---|---|---|
| မြန်မာ့စီးပွားရေးဘဏ် | နှင့် | ဦးခင်မောင်ရင် ပါ-၂ |
| **တရားနိုင်** | | **တရားရှုံးများ** |

ဒက္ခိဏခရိုင်တရားရုံး ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၆ တွင် ရရှိခဲ့သော ဒီကရီအတည်ပြုဆောင်ရွက်ရန် တရားရှုံးပိုင် အောက်ပါပစ္စည်းများကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၃၀ ရက် (၁၃၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

အများပြည်သူရှေ့ လေလံတင်ရောင်းချမည်ဖြစ်၍ လေလံဆွဲဝယ်သူများသည် ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

### လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အောင်ဇေယျ ၂ ရပ်ကွက်၊ ၁ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ ဂုဏ်တန်းရပ်၊ ဦးပိုင်အမှတ် (၁၀၉-ခ)၊ ဧရိယာ ၀ ဒသမ ၀၇၉ ဧက၊ (၃၄၄၁.၂၄) စတုရန်းပေခန့်ရှိ ဂရန်မြေနှင့် (၁) ယင်းမြေကွက်ပေါ်ရှိ (၂၅' ၆"×၃၂') နှစ်ထပ် (၁၄'×၄') သီးသန့်ရေချိုးခန်းနှင့် ရေလောင်းအိမ်သာပါ နှစ်ထပ်အုတ်ကာသွပ်မိုးအဆောက်အအုံ၊ (၂) ယင်းမြေကွက်ပေါ်ရှိ (၂၇' ၆"×၂၀')× တစ်ထပ်အုတ်နံရံကပ် သွပ်မိုးအဆောက်အအုံ။

### လေလံတင်ကြမ်းခင်းဈေး ကျပ်သိန်း ၃၈၀။

### ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း (သို့မဟုတ်) ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံတင်စည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၄။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၅။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၆။ လေလံဆွဲဝယ်ယူသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် အပြေအကျေပေးသွင်းရမည်။ ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သောင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ဒက္ခိဏခရိုင်တရားရုံး**

## ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၏ ဆုနှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားခြင်း

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရကျောင်းသား/ကျောင်းသူများ ဆုနှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဆုရသူအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၀၁၅ ခုနှစ် စက်တင်ဘာ ၆ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီမှ ၁၄း၀၀ နာရီအထိ
**ကျင်းပမည့်နေရာ** - ပညာ့ဗိမာန်ခန်းမ
ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ်

### ဂုဏ်ပြုချီးမြှင့်မည့်ဆုများ

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံးဆုနှင့် ဂုဏ်ထူးရှင်များဖြစ်ကြသည့်-

| | |
|---|---|
| မြန်မာနိုင်ငံလုံး ပထမဆုနှင့် သတ္တမဆုရရှိသူ | ၂ ဦး |
| (၆)ဘာသာဂုဏ်ထူးရှင် | ၅၆ ဦး |
| (၅)ဘာသာဂုဏ်ထူးရှင် | ၆၉ ဦး |
| (၄)ဘာသာဂုဏ်ထူးရှင် | ၇၀ ဦး |
| (၃)ဘာသာဂုဏ်ထူးရှင် | ၆၀ ဦး |
| (၂)ဘာသာဂုဏ်ထူးရှင် | ၃၄ ဦး |
| (၁)ဘာသာဂုဏ်ထူးရှင် | ၆၇ ဦး |
| ရိုးရိုးအောင် (၁၅၇)ဦး၏ကိုယ်စား | ၁ ဦး |

**မှတ်ချက်။** ။ ဆုယူသူအားလုံး ကျောင်းဝတ်စုံဖြင့်သာ ဆုတက်ရောက်ယူရန်ဖြစ်ပါသည်။

**အမှုဆောင်အဖွဲ့၊ မိဘဆရာအသင်း**
**ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း**

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်ခင် ၁/မကတ(နိုင်)၀၀၀၃၈၈ ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် (၄)လမ်း၊ အမှတ် ၆၀၀၊ မြေညီထပ်(ယာဘက်)ခန်း၊ အကျယ်အဝန်း(၁၂ $\frac{၁}{၂}$'×၅၀')ပေရှိ တိုက်ခန်းကို လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဦးဝေဖြိုး ၇/ပခန(နိုင်)၂၅၁၅၀၅ မှာ မှန်ကန်ကြောင်း မြေရှင်ဒေါ်အေးမြင့်မှလည်း သဘောတူထောက်ခံပေးပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်ခင်က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇင်သင်းအောင် (စဉ်-၃၀၇၁၁)** | **ဒေါ်ယမင်းလတ် (စဉ်-၈၅၆၄)** |
| **LL.B,B.D.S,WIPO (Switzerland)** | **LL.B,D.B.L,WIPO (Switzerland)** |
| **အထက်တန်းရှေ့နေနှင့်ကုမ္ပဏီဥပဒေအကြံပေး** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် (၉/၁၁)၊ (၁၀၃/H)၊ (ပထမထပ်)၊ ၃၆ လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၂၂၀၀၁၊ ၀၉-၄၂၀၀၈၃၄၅၈၊ ၀၉-၇၃၂၅၆၈၃၆၊ ၀၉-၅၁၈၁၂၁၀**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ တပင်ရွှေထီးတောင်ခြမ်းရှိ ကွင်းအမှတ် ၁ ဃ၊ အနောက်စုအရှေ့၊ ဧရိယာ ၀ ဒသမ ၀၉၁ ဧကရှိသည့် ဦးဘေနှင့် မောင်ရွှေဂရန်အမည်ပေါက်ခြံမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ညို၏မိဘများဖြစ်ကြသော ဦးကုလားကြီး-ဒေါ်ဖွားကြည်တို့က လွန်ခဲ့သောနှစ်ပေါင်း(၈၀)က ဝယ်ယူလက်ရောက်ရရှိခဲ့ပြီး ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ညိုက အဆိုပါခြံမြေကွက်ကို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီတစ်ရပ်ရရှိထားပြီးဖြစ်၍ အဆိုပါခြံမြေကွက်အား ဒေါ်ခင်ညို၏ ခြံမြေဂရန်အမည်ပေါက်ဖြင့် သက်ဆိုင်ရာရုံးတွင် စာရွက်စာတမ်းအပြည့်အစုံဖြင့် ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ညိုထံသို့ဖြစ်စေ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မြတ်မြတ်စိုး LL.B** | **ဒေါ်ခိုင်နှင်းဝေ LL.B** |
| **အထက်တန်းရှေ့နေ (စဉ်-၂၉၄၂၅)** | **အထက်တန်းရှေ့နေ (စဉ်-၃၂၆၅၃)** |
| **နှင်းဆီလမ်း၊ ကျောက်တံခါးမြို့** | **စံပယ်လမ်း၊ ကွင်းတောင်ရပ်ကွက်** |
| | **ကျောက်တံခါးမြို့** |

## ချင်းတွင်းအသင်း (ရန်ကုန်)

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ရေးအစီအစဉ် ၂၀၁၅ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး တက္ကသိုလ်တက်ရန် ငွေကြေးအကူအညီလိုအပ်သော ကျောင်းသား/သူများသည် အောက်ပါအချက်များဖြင့် လျှောက်ထားနိုင်ပါသည်။

| | |
|---|---|
| (က) ကိုယ်ရေးရာဇဝင်အပြည့်အစုံ | (ဃ) တက်ရောက်သည့်တက္ကသိုလ် |
| (ခ) အမှတ်စာရင်းမိတ္တူ | (င) ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် |
| (ဂ) လိုင်စင်ဓာတ်ပုံ(၂)ပုံ | (စ) ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ် |

လျှောက်လွှာများကို အောက်ပါလိပ်စာသို့ ၃၀-၉-၂၀၁၅ ရက် နောက်ဆုံးထား ပေးပို့ရန်- ဦးဇော်ဝိတ် အမှတ် ၇၉(ခ) သီရိလမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန် ဖုန်း-၀၉-၅၁၄၃၄၃၇၊၀၉-၇၈၅၁၄၃၄၃၇

**အလုပ်အမှုဆောင်အဖွဲ့**

**Super Rich Man**
**Swimming Pool Specialize Company**

ရေကူးကန်နှင့်ပတ်သက်သော လုပ်ငန်းအားလုံး တာဝန်ယူဆောင်ရွက်ပေးပါသည်။

- ရေကူးကန်တည်ဆောက်ခြင်းလုပ်ငန်းကို ငလျင်လှုပ်ခြင်းနှင့် ဆူနာမီဖြစ်ခြင်းတို့မှလွဲ၍ (၂၅)နှစ် အာမခံဖြင့်တည်ဆောက်ပေးသည်။ (၂၅)နှစ်အတွင်းရေကူးကန်ကျိုးလျှင် ပြန်လည်ပြုပြင်ပေးပါမည်။
- ရေကူးကန်ထိန်းသိမ်းရေး လုပ်ငန်းကိုလည်း ဆောင်ရွက်ပေးပါသည်။
- ရေကူးကန်သုံး စက်ပစ္စည်းများ အားလုံးရောင်းချပေးပါသည်။
- ရေကူးကန်သုံး ကြွေပြားများ သီးသန့်ရောင်းချပေးပါသည်။
- ရေကူးကန်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ဒီဇိုင်းရေးဆွဲပေးခြင်း၊ ခန့်မှန်းခြေကုန်ကျစရိတ် တွက်ချက်ပေးခြင်းတို့ဆောင်ရွက်ပေးပါသည်။
- ရေကူးကန်ရှိပြီးသောသူများအတွက် ရေသန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်ပေးပါသည်။
- ရေကူးကန်ပစ္စည်းများ ဟောင်းနွမ်းဆွေးမြေ့နေပါက အသစ်လဲလှယ်တပ်ဆင်ပေးပါသည်။

အမှတ် (၂၉-ဘီ) တောင်မြင့်မိုရ်ကွင်းလမ်း၊ တာမွေ။ 01-401518, 01.8604064, 09-784711147, 784722247, 784733347

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ တကောင်ဘွားလမ်း၊ အမှတ် (၄၉) ဟုခေါ်တွင်သော ငါးထပ်တိုက် နှစ်ခန်းတွဲတိုက်၏ အကျယ်အဝန်း (၁၅ပေ×ပေ၂၀) ကျယ်ဝန်းသည့် ငါးလွှာ(ဘီ)တိုက်ခန်းအား မိမိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဒေါ်သင်းသင်းသွယ် ၁၂/လမန(နိုင်)၀၈၇၉၁၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရောင်းချခွင့်မရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများတင်ပြ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သဇင်အေး** LL.B, D.B.L, D.I.L, D.I.R
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)**
ပြောမယ်ဆိုရင်၊ စပါးဟာအဖွင့်မှာ မန်ယူကို ရှုံးတယ်။ ဒုတိယပွဲစဉ်မှာလည်း စတုတ်နဲ့သရေကျပြီး တတိယပွဲစဉ်မှာပါ လက်စတာနဲ့ သရေကျခဲ့တယ်၊ အဲဗာတန်နဲ့လည်း သရေဆိုတော့။ ဒီရာသီပရီမီယာလိဂ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ ထိပ်ဆုံးလေးသင်းစာရင်းအတွင်း တိုးဝင်နိုင်ရေးမှာ စပါးအပေါ်ယုံကြည်သူနည်းလာတယ်လို့လည်း ဆိုနိုင်တယ်။ အထူးသဖြင့်ပေါ့။ အရင်က စပါးအပေါ် အကောက်အယူလုပ်မှုမှာ အကောင်းဘက် သက်ရောက်မှုများတယ်။ အဓိကအကြောင်းတရားက ပြိုင်ဘက်ဝန်းကျင် တည်ငြိမ်မှုအားနည်းခြင်းရယ်လို့ ကောက်ချက်ဆွဲကြတယ်။

ပြောချင်တာက ဒီရာသီမှာဆောက်သမ်တန်ဟာ ကစားသမားထပ်မံရောင်းချမှုတွေနဲ့အတူ အင်အားလျော့သထက်လျော့တယ်။ လီဗာပူးကလည်း အပြောင်းအလဲများတယ်။ ကစားသမားအဝင် ဒုနဲ့ဒေးရှိမှုအရ လီဗာပူးဟာ အသင်းလိုက် တည်ငြိမ်မှုဟန်တစ်ခုကို အချိန်အတိုင်းအတာတစ်ခုအထိ ပြန်လည် တည်ဆောက်ယူရမယ်လို့ အကောက်အယူလုပ်ကြသလို မန်ယူနဲ့အာဆင်နယ်ကလည်း ထိရောက်ပြည့်ဝတဲ့ ဖြည့်တင်းမှုမရှိဘူး။ နှစ်သင်းစလုံးဟာ အဓိကလိုအပ်တဲ့ အဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးကို အခုထိ မခေါ်နိုင်သေးသလို ခံစစ်ကိုလည်း ဖြည့်တင်းမှုမရှိကြဘူး။

ဒီတော့ ဒီရာသီပရီမီယာလိဂ်မှာ စပါးအတွက် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးမှာ တိုးဝင်ဖောက်ထွက်ရမယ့် ထုထည်ဟာ ထင်သလောက်မကြီးမားဘူးလို့ တွက်ဆကြတယ်။ အထူးသဖြင့် စပါးရဲ့ ပကတိအရှိတရားဟာ တည်ငြိမ်မှုသဘောဆောင်တယ်။ ပြောမယ်ဆိုရင် စပါးဟာ မနှစ်ကအထိုင် လုံးဝမပျက်ဘူး။ ပေါ်လင်ဟိုကို ရောင်းချခဲ့တာကလွဲလို့ အဓိကကစားသမားတွေထဲက အထွက်ပြတာရှားတဲ့အပြင် အဝင်စာရင်းမှာလည်း အယ်လ်ဒါဝီရက်စ်၊ ဆွန်ဟောင်မင်နဲ့ လိုင်ယွန်လူငယ်တိုက်စစ်မှူး အန်ဂျီတို့သုံးဦးသာ ထင်ထင်ရှားရှားရှိတဲ့အခါ။ စပါးဟာ မနှစ်ကအထိုင်ကို မဖျက်မှုနဲ့အတူ သူတို့ရဲ့စုဖွဲ့မှုအင်အားဟာ မနှစ်ကထက်ပိုပြီး ပြီးပြည့်စုံမယ်လို့တွက်ဆခဲ့သော်ငြား။ လက်တွေ့မှာ ထင်သလိုဖြစ်မလာတဲ့အခါ။ ဘာကြောင့်လဲဆိုတာကအစ ချင့်တွက်အဖြေထုတ်ချင်စရာဖြစ်လာတယ်။

တချို့ကတော့ လက်ရှိစပါးရဲ့ ဖြစ်တည်မှုမှာ လိုအပ်ချက် အကြောင်းအခြင်းအရာဟာ အချက်တစ်ချက်တည်းအပေါ်မှာသာ မူတည်မှုမရှိဘူးလို့ ကောက်ချက်ဆွဲကြသော်ငြား အဲ့ဒီအရာတွေကို စုပေါင်းတွက်ချက်ရင် အကြောင်းအချက်တစ်ခုတည်းအပေါ်မှာသာ တည်မှီတယ်လို့ ဆိုကြတယ်။ ပြောရရင် စပါးဟာ အဖွင့်ပွဲမှာ မန်ယူကို ၀-၁ နဲ့ ရှုံးတယ်။ အဲ့ဒီပွဲမှာ စပါးတိုက်စစ်ဟာ အခွင့်အရေးတွေရခဲ့သော်ငြား အသုံးမချနိုင်ခဲ့တဲ့အပြင် ကိုယ့်ဂိုးကိုယ်သွင်းမိတဲ့အထိ ခံစစ်ကလည်းမှားတယ်။ ဒုတိယပွဲမှာလည်း ကိုယ်က ဦးဆောင်ဂိုးနှစ်ဂိုးသွင်းပြီးမှ နှစ်ဂိုးဆက်တိုက်ပြန်ပေးပြီး သရေကျခဲ့ရသလို တတိယပွဲမှာလည်း ဦးဆောင်ဂိုးရဖို့ ခက်ခက်ခဲခဲကြိုးစားခဲ့ရတဲ့အပြင် ဦးဆောင်ဂိုးရပြီးမှလည်း ချက်ချင်းချေပဂိုးပြန်ပေးရကာ သရေကျခဲ့ရတယ်ဆိုတော့။ စပါးရဲ့ လက်ရှိဖြစ်တည်မှုမှာ နေရာတစ်နေရာ၊ လိုအပ်ချက်တစ်ရပ်ကြောင့်ရယ်လို့ ဘယ်လိုမှ ယတိပြတ်ညွှန်းဆိုလို့မရနိုင်ပေမယ့် အဲ့ဒီအတွက် မြစ်ဖျားခံရာဟာ နေရာတစ်နေရာကသာ စတယ်လို့ ကောက်ချက်ဆွဲယုံကြည်ကြတယ်။

အထူးသဖြင့် ဒီရာသီမှာ စပါးဟာ ဂိုးတစ်ဂိုးရဖို့ကို ခက်ခက်ခဲခဲရုန်းကန်နေရတဲ့သဘောသိပ်ဆောင်တယ်။ စတုတ်နဲ့ပွဲမှာ နှစ်ဂိုးသွင်းခဲ့တာကလွဲလို့ ကျန်နှစ်ပွဲမှာ ဂိုးတစ်ဂိုးရဖို့ကို ခက်ခက်ခဲခဲရုန်းကန်ခဲ့ရတဲ့ အနေအထားတွေအရ စပါးမှာ တိုက်စစ်ပိုင်းလိုအပ်ချက်လည်း ခပ်ပြင်းပြင်းရှိတယ်လို့ အကောက်အယူလုပ်ကြတယ်။ ပြောမယ်ဆိုရင်ပေါ့ မနှစ်ကရာသီမှာ ဟယ်ရီကိန်းဟာအသင်းကြီးတွေရဲ့ မျက်စိကျမှုကို ခံရတဲ့အထိ အသင်းကိုအကျိုးပြုနိုင်ကာ ခြေစွမ်းပြတယ်။ ဒါပေမယ့် ဟယ်ရီကိန်းကိုဖယ်ရင် စပါးမှာ ထိမိတဲ့ဂိုးသွင်းစွမ်းရည် ဘယ်သူရှိသလဲလို့ပြန်တွက်တော့။ မနှစ်က ဟယ်ရီကိန်းကိုဖယ်ရင် ဂိုးအများဆုံးသွင်းသူဖြစ်တဲ့ ကစားသမားကကွင်းလယ်ကစားသမား ချက်လီသာဖြစ်သလို ဒုတိယဂိုးသွင်းအများဆုံး ကစားသမားကလည်း အဲရစ်ဆင်သာဖြစ်တော့။ အရှင်းဆုံးပြောရရင် စပါးတိုက်စစ်မှာ ဟယ်ရီကိန်းဟာ မရှိမဖြစ်သဘောဆောင်သလို ဂိုးရဖို့ကို သူတစ်ဦးတည်းအပေါ် မှီခိုလွန်းရာရောက်တယ်လို့ ညွှန်းဆိုထောက်ပြကြတယ်။

အထူးသဖြင့် မနှစ်ကရာသီမှာ ဆိုဒါဒိုက ပြိုင်ပွဲအရပ်ရပ်မှာ ငါးဂိုးသာ သွင်းနိုင်တယ်။ အဒီဘာယောကလည်း နှစ်ဂိုးသာရပြီး အဲ့ဒီ နှစ်ဦးစလုံးပေါင်းသွင်းဂိုးဟာ ဟယ်ရီကိန်းရဲ့သွင်းဂိုးထက် ၂၄ ဂိုးထိ လျော့နည်းခဲ့မှုအရ စပါးတိုက်စစ်မှာ ဟယ်ရီကိန်းကလွဲလို့ အဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးမရှိဘူးဆိုတာ မြင်ကိုမြင်သာတယ်။ ပြောချင်တာက စပါးဟာ မနှစ်က ဂိုးရဖို့ကို အဲ့ဒီလို တစ်ဦးတစ်ယောက်တည်းအပေါ် မှီခိုခဲ့ရတယ်ဆိုသော်ငြား။ အဲ့ဒီယိုကွက်၊ ဟာကွက်ကို ဒီရာသီမှာ ဖြည့်တင်းမှုမရှိဘူး။ လိုင်ယွန်လူငယ်တိုက်စစ်မှူး အန်ဂျီနဲ့ ဆွန်ဟောင်မင်ကိုသာ ခေါ်တယ်။

တကယ်တော့ စပါးဟာ အသင်းကို ဥရောပမှာဝင်ဆန့်ဖို့ ရည်ရွယ်ကြိုးပမ်းနေတဲ့ အသင်းတစ်သင်းဖြစ်တယ်။ ဒါပေမယ့် သူတို့မှာ ခနအင်အားပိုင်းဆိုင်ရာအရ ထိမိတဲ့ဖြည့်တင်းမှုမျိုး ပြုလုပ်နိုင်ဖို့ ကျောထောက်နောက်ခံမရှိဘူး။ တစ်နှစ်က အပြောင်းအရွှေ့ဈေးကွက်မှာ ပေါင်သန်း ၁၀၀ ကျော်သုံးခဲ့တယ်ဆိုသော်ငြား။ အဲ့ဒီနှစ်မှာ ကစားသမားပြန်လည်ရောင်းချမှုကနေ ရရှိငွေဟာ ပေါင်သန်း ၁၀၀ ကျော်အထိ ရှိတယ်။ အရှင်းဆုံးပြောရရင် အဲ့ဒီတစ်နှစ်ကရာသီမှာ စပါးဟာ အပြောင်းအရွှေ့ဈေးကွက်ကနေ စုစုပေါင်းပေါင် ၁၀ သန်းလောက်တောင် မြတ်တယ်။

ပြောမယ်ဆိုရင်၊ မနှစ်ကလည်း စပါးဟာ ကစားသမားရောင်းချမှုကနေ ပေါင် ၃၇ သန်းရသော်ငြား။ ပြန်လည်သုံးစွဲမှုမှာ ပေါင်သန်း ၃၀ တောင်မပြည့်သလို ဒီရာသီမှာလည်း စပါးရဲ့ခေါ်ယူမှုဟာ ပေါင်သန်း ၃၀ တောင်မပြည့်ဘဲ ပြန်လည်ရောင်းချမှုကနေ ပေါင်သန်း ၅၀ ဝန်းကျင်ရရှိတဲ့အခါ။ စပါးရဲ့ လက်ရှိဖြစ်တည်မှု အခြေခံအကြောင်းတရားမှာ ဘုတ်အဖွဲ့အပေါ် အများကြီးတည်မှီတယ်လို့ ညွှန်းဆိုလက်ခံကြတယ်။

ပြောရရင် စပါးဟာ အခုနောက်ပိုင်းမှာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ဥရောပဝင်ခွင့်ကို နှစ်စဉ်ရယူနိုင်တဲ့ အသင်းလို့ဆိုရင် မမှားဘူး။ အရှင်းဆုံးပြောရရင် စပါးဟာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ဘောလုံးရာသီ ကိုးရာသီအတွင်း ဥရောပပြိုင်ပွဲနဲ့ လွဲခဲ့တာဆိုလို့ တစ်ရာသီသာရှိသလို ပရီမီယာလိဂ်မှာ အဆင့် ၆ အောက်ရောက်တဲ့နှစ်ဟာ နှစ်ရာသီသာ ရှိတယ်။ တကယ်တော့ ပရီမီယာလိဂ်ဟာ ဝင်ငွေအရာမှာ အခြားလိဂ်တွေထက် ပိုမိုတောင့်တင်းမှုရှိတယ်။ အဲ့ဒီထဲမှာမှ ဝင်ငွေခွဲဝေမှုအရရော အဆင့်လိုက်ရပ်တည်မှုအရပါ ရရှိငွေအရပါ စပါးဟာ မန်ယူ၊ ချယ်လ်ဆီး၊ မန်စီးတီး၊ လီဗာပူး၊ အာဆင်နယ်တို့ကို မမီသော်ငြား။ ကျန်အသင်းတွေထက် ပိုပြီးခိုင်မာမှုရှိတယ်။

မနှစ်ကဆိုရင် စပါးဟာ ဝင်ငွေအရာမှာ ပေါင်သန်း ၈၀ ကျော်ရပြီး အဲ့ဒီဝင်ငွေဟာ ပရီမီယာလိဂ်ရဲ့ အဆင့် ၅ နေရာမှာရှိသလို တစ်နှစ်က ရာသီမှာဆိုရင်လည်း စပါးဟာ ဝင်ငွေအရ ပေါင်သန်း ၉၀ ကျော်ရရှိပြီး အဲ့ဒီဝင်ငွေဟာ ပရီမီယာလိဂ်ရဲ့ အဆင့် ၆ နေရာမှာရှိတယ်။ ပြောချင်တာက စပါးဟာ တစ်ရာသီကို ပေါင်သန်း ၁၀၀ ဝန်းကျင်ရရှိနေသော်ငြား (စပွန်ဆာကြေး၊ ကွင်းဝင်ကြေးနဲ့ အမှတ်တရ ပစ္စည်းရောင်းချမှုမပါ)ထိရောက်ပြည့်စုံတဲ့ ရင်းနှီးမြှုပ်နှံမှုမရှိဘူးလို့ ကောက်ချက်ဆွဲကြတယ်။

တကယ်တော့ ဆိုခဲ့ပြီးတဲ့အတိုင်း စပါးဟာ မနှစ်ကရာသီမှာ ဟယ်ရီကိန်းတစ်ဦးတည်းအပေါ်မှာသာ မှီခိုခဲ့ရတဲ့ တိုက်စစ်ကို ထိထိမိမိပြုပြင်မှုမရှိခဲ့တဲ့အပြင် ခံစစ်အတွက် အားဖြည့်မှုဟာလည်း အယ်လ်ဒါဝီရက်စ်တစ်ဦးသာရှိပြီး ပြည့်စုံမှုမရှိဘူး။

စာမျက်နှာ ၇ >>

# လက်တွဲကာကူညီ WFP



*** WFP သည် ဩဂုတ်လ ၃ ရက်နေ့မှစ၍ ရေဘေးသင့်နေရာများသို့ စားနပ်ရိက္ခာထောက်ပံ့မှုများကို စတင်ပေးပို့ဆောင်ရွက်ခဲ့**

*** ဖြန့်ဝေပေးသောစားနပ်ရိက္ခာများသည် လူဦးရေစုစုပေါင်း ၄၀၃၂၁၀ ၏ လတ်တလောစားဝတ်နေရေးကို အကူအညီအထောက်အပံ့ဖြစ်စေခဲ့**

*** WFP အနေဖြင့် ၄၉၂၅ တန် ဖြန့်ဝေရန်လျာထားပြီးဖြစ်ရာ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်**

ပြီးခဲ့သည့် ဇွန်လ၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး/ပြည်နယ်အတော်များများမှ ပြည်သူလူထုထောင်ပေါင်းများစွာတို့သည် ရေကြီးခြင်း၊ မြေပြိုခြင်းများကြောင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ထိခိုက်ဆုံးရှုံးခြင်း၊ လယ်ယာထွက်ကုန်စိုက်ပျိုးသီးနှံများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခြင်း၊ လမ်း/တံတားများ ပျက်စီးကာ လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခြင်းစသော သဘာဝဘေးဒုက္ခအမျိုးမျိုးကို တွေ့ကြုံခံစားခဲ့ကြရသည်။ နိုင်ငံတော်အစိုးရသည် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများအဖြစ် အစားအစာ၊ သောက်သုံးရေ၊ ဆေးဝါး၊ အဝတ်အထည်၊ စောင်နှင့်တာပေါ်လင်အစများ အချိန်မီ ပေးပို့ထောက်ပံ့၍ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံတော်တစ်ဝန်းလုံးမှပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ အနုပညာရှင်များပါမကျန်၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ စသည်တို့ကလည်း အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဤသို့ဖြစ်ပေါ်နေသော အခြေအနေတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ မေတ္တာရပ်ခံချက်အရ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) သည် အရေးပေါ်စားနပ်ရိက္ခာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရေဘေးဒုက္ခကြုံတွေ့နေရသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ အစိုးရအဖွဲ့များ၊ တာဝန်ရှိသူများ၊ ကယ်ဆယ်ရေးကော်မတီများနှင့်ပူးပေါင်းကာ ကူညီဆောင်ရွက်လျက်ရှိသည့် WFP ၏ စားနပ်ရိက္ခာပေးပို့ထောက်ပံ့သည့်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ အခြားပုဂ္ဂလိကပိုင်လေယာဉ်များကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သုံးနှစ်သက်တမ်းဖြင့် စီမံကိန်းဆောင်ရွက်ရေး နားလည်မှုစာတမ်း (LoU)အား ၂၀၁၃ခုနှစ် ဧပြီလတွင် လက်မှတ်ရေးထိုး၍ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဆန်နှင့်စားနပ်ရိက္ခာတန်ချိန် ၁၇၅၅၄၄ တန် ဖြန့်ဝေနိုင်ရေးအတွက် စီမံကိန်းလျာထားငွေ အမေရိကန်ဒေါ်လာ ၁၆၇ ဒသမ ၆၉ သန်း သုံးစွဲမည်ဖြစ်သည်။ စားနပ်ရိက္ခာဖြန့်ဝေသည့် နည်းလမ်းများမှာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း (Relief)၊ အာဟာရတိုက်ကျွေးရေး(Nutrition)၊ လူထုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများအား စားနပ်ရိက္ခာဖြန့်ဝေပေးခြင်း (Food for Assets)၊ လူထုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများအား ငွေကြေးထောက်ပံ့ပေးခြင်း (Cash for Assets)၊ ကျောင်းတက်ရောက်သူများအား စားနပ်ရိက္ခာဖြန့်ဝေခြင်း (School Feeding )၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် အဆုတ်ရောဂါခံစားနေရသူများအား စားနပ်ရိက္ခာဖြန့်ဝေပေးခြင်း(အိတ်ချ်အိုင်ဗွီ၊တီဘီ) တို့ ပါဝင်သည်။

WFP သည် ဩဂုတ်လ ၃ ရက်နေ့မှစ၍ ရေဘေးသင့်နေရာများသို့ စားနပ်ရိက္ခာထောက်ပံ့မှုများကို စတင်ပေးပို့ဆောင်ရွက်ခဲ့သည်။ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့ကို စတင်ဖြန့်ဝေခဲ့ရာမှ မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဒေသများကိုပါ ဆက်လက်ဖြန့်ဝေပေးခဲ့သည်။ ဩဂုတ်လ ၂၀ ရက်နေ့အထိ မကွေးတိုင်းဒေသကြီးတွင် စားနပ်ရိက္ခာတန်ချိန် ၉၉၇ တန်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄၉၇ တန်၊ ရခိုင်ပြည်နယ်၌ ၄၀၁ တန်၊ ချင်းပြည်နယ်၌ ၂၅၆ တန်၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၉၈ တန်၊ ကချင်ပြည်နယ်၌ ၃၉ တန်၊ ကရင်ပြည်နယ်၌ ရှစ်တန်၊ မွန်ပြည်နယ်၌ ခုနစ်တန် စုစုပေါင်း ၂၄၀၃ တန် ဖြန့်ဝေပြီးဖြစ်သည်။ ဖြန့်ဝေပေးသော စားနပ်ရိက္ခာများသည် လူဦးရေစုစုပေါင်း ၄၀၃၂၁၀ ၏ လတ်တလော စားဝတ်နေရေးကို အကူအညီအထောက်အပံ့ဖြစ်စေခဲ့သည်။ WFP အနေဖြင့် ၄၉၂၅ တန် ဖြန့်ဝေရန်လျာထားပြီး ဖြစ်ရာ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

WFP ၏လုပ်ငန်းများ အဆင်ပြေလျင်မြန်ချောမွေ့စေရေးအတွက် တပ်မတော်လေယာဉ်နှင့်ရဟတ်ယာဉ်များ၊ ပုဂ္ဂလိကလေကြောင်းကုမ္ပဏီများဖြစ်သည့် Air KBZ၊ Golden Myanmar Airlines၊ Myanmar National Airlines တို့မှ လေယာဉ်များ၊ နိုင်ငံပိုင်/ပုဂ္ဂလိကပိုင်သင်္ဘောများက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ခဲ့ကြသည်။ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် နီးကပ်စွာလက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ACF၊ UNOCHA၊ Save the Children၊ UNICEF၊ UNHCR၊ WHO နှင့် အခြား UNအဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်းဝင်ရောက်ခဲ့စဉ်က ကျွန်တော်၏ဇာတိမြေဖြစ်သော ဧရာဝတီတိုင်းဒေသကြီးမှ မြို့ရွာအများအပြား ထောင်းလမောင်းထသွားအောင် ကြေမွခံစားခဲ့ကြရသည်။ အသက်အိုးအိမ်စည်းစိမ် များစွာ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ ဇာတိမြေသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ ကူညီဆောင်ရွက်ခွင့်မရခဲ့သော်ငြား လုပ်အားဒါနအလှူတစ်ခုကို ပြုခွင့်ရခဲ့သည်။ အခြားမဟုတ်ပါ။ အထက်တွင် ကျွန်တော်တင်ပြခဲ့သည့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပေးပို့လှူဒါန်းသည့် ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းမျိုးစုံသည် ရန်ကုန်မြို့သို့ရောက်ရှိလာရာ ဦးစီးဌာန၏ တာဝန်ပေးချက်အရ WFP ဝန်ထမ်းများနှင့်ပူးပေါင်း၍ လေယာဉ်တစ်စင်းရောက်ရှိလာတိုင်း ပါဝင်လာသည့်ပစ္စည်းအမျိုးအစား၊ စာရင်းဇယားများ ကောက်ယူကာ ရုံးချုပ်သို့ အစီရင်ခံခဲ့ရသည်။ WFP ဝန်ထမ်းများက ရောက်ရှိလာသောပစ္စည်းများကို သက်ဆိုင်ရာ သိုလှောင်ရုံများသို့ သယ်ယူခြင်း၊ သဘာဝဘေးဒဏ်ခံဒေသများသို့ ဆက်လက်ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ဆိုက်ရောက်လာသော နိုင်ငံအသီးသီးမှ လေယာဉ်များ၏ အရွယ်အစားမှာ အလွန်ကြီးမားသည်။ လေယာဉ်ငယ်ဟူ၍ တစ်စင်းတလေမျှပင်မတွေ့ရ။ လေယာဉ်ဘီးများ၏ အရွယ်အစားသည်ပင်လျှင် လူတစ်ရပ်ခန့်ရှိပြီး တောင်ပံဟိုဘက်ထိပ်နှင့် သည်ဘက်ထိပ်ကို ရောက်အောင် အတော်လေးလျှောက်ခဲ့ရသည်။ အတွေ့အကြုံဗဟုသုတတစ်မျိုးပင်။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)သည် မိမိတို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် နားလည်မှုစာတမ်း (LoU) လက်မှတ်ရေးထိုးထားသော စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းအပြင် ချမှတ်ထားသော မူဝါဒများအတိုင်း အရေးပေါ် ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ တက်တက်ကြွကြွဆောင်ရွက်လျက်ရှိသည်။ ဆတက်ထမ်းပိုးတိုး၍လည်း ဆက်လက်ဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆန္ဒပြုရေးသားဖော်ပြအပ်ပါသည်။

မြင့်စိုး(နတလ)



**စစ်ကိုင်းတိုင်းဒေသကြီး**



# မိုးစပါးပုလဲသွယ် GW.1 စံပြကွက်စိုက်ပျိုးခြင်း သရုပ်ပြ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် တောကျောင်းကြီးကျေးရွာ အုပ်စု ရွာထင်မြစ်ရေတင်လုပ်ငန်းတွင် တောင်သူ ဦးသောင်းမြင့်စန်း၏ ကွင်းအမှတ် ၁၉၆၃ တွင် မိုးစပါးပုလဲသွယ် GW.1 စံပြကွက် စိုက်ပျိုးခြင်းသရုပ်ပြပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီက ကျင်းပကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲတွင် ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းလှက တက်ရောက်လာကြသည့် တောင်သူများကို မိုးစပါးပုလဲသွယ် GW.1 စံပြကွက်ဧက ၃. ၀၀ ကို GAP စနစ်ဖြင့် စိုက်ပျိုးပြသခဲ့ပြီး ရွာထင်မြစ်ရေတင်လုပ်ငန်း၌ မိုးစပါးပုလဲသွယ် GW.1 စံပြကွက် ဧက ၁၅. ၀၀အထိ စိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် ပေါင်းသင်ချိန်၊ ဆေးဖျန်းချိန်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်သန်းလှက ရှင်းလင်းဖြေကြားခဲ့သည်။

ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဒေါ်သန်းလှနှင့် ဝန်ထမ်းများ၊ တောကျောင်းကြီး ကျေးရွာအုပ်စု၊ ရွာထင်မြစ်ရေတင်လုပ်ငန်းမှ တောင်သူ ၅၇ ဦးတက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

**မန္တလေးတိုင်းဒေသကြီး**

# ပန်းရိုင်းနေကြာကို တိုင်ထောင်စိုက်ပျိုးရေး၌အသုံးချလာ



အလေ့ကျပေါက်ရောက်ပြီး ခုတ်သိမ်းမနိုင်သည့် ပြင်ဦးလွင်ဒေသထွက် နေကြာ အရိုင်းပင်များကို တိုင်အဖြစ်သုံးစွဲကာ ပဲအမျိုးမျိုး၊ ခရမ်းချဉ်နှင့် ဂေါ်ရခါးများအဓိက စိုက်ပျိုးလာကြကြောင်း သိရသည်။

"သစ်၊ ဝါးတွေလိုအကုန်အကျခံစရာမလိုပါဘူး။ ပေါများပြီးခိုင်ခံ့တဲ့ တိုင်အဖြစ်သုံးလာကြတာ။ ခုနောက်ပိုင်းမှ စိုက်ပျိုးရေးလုပ်ငန်းအများစုက တိုင်ထောင်ရပြီဆိုရင် နေကြာပင်ကိုပဲ အသုံးပြုကြတော့တယ်"ဟု စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

မိုးရွာသွန်းသည်နှင့် နေရာအနှံ့အလေ့ကျပေါက်ရောက်ပြီး ဆောင်းရာသီ၌ အပွင့်များပွင့်လန်းကာ ရာသီကုန်ဆုံးချိန်၌ အရိုးပြိုင်းပြိုင်းအပင်များအဖြစ် ကျန်ရစ်ကြကြောင်းသိရသည်။

"ပန်းခါးတိုင်တွေက တိုင်ထောင်စိုက်ဖို့၊ အိမ်၊ ခြံကာရံဖို့အတွက် ဒေသရဲ့ထွက်ကုန်တစ်မျိုးပါပဲ၊ ပိုးလုံးဝမထိုးသလို မာကြောတဲ့အရိုးတံတွေဟာ တောင်သူတွေအတွက် အဆင်ပြေနေတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

သက်နိုင်(ပြင်ဦးလွင်)

# ဆရာဖြစ် ဆင့်ပွားသင်တန်းဖွင့်

ကျောက်ဖြူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် စီမံခန့်ခွဲမှုဆိုင်ရာ ဆရာဖြစ်ဆင့်ပွားသင်တန်းကို ဩဂုတ် ၃၁ ရက်က ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ပို့ချခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

**ရန်ကုန်တိုင်းဒေသကြီး**

# သုံးခွမြို့နယ်တွင် ကျေးရွာနှစ်ရွာ၌ ဆိုလာစနစ်ဖြင့် မီးအလင်းရရှိ

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာ နှစ်ခွင့်ပြုရန်ပုံငွေဖြင့် ကတုံးပေါ်အလယ်ကျေးရွာတွင် အိမ်ခြေ ၄၂၆ အိမ်နှင့် ကတုံးပေါ် (မြောက်) ကျေးရွာ၌ အိမ်ခြေ ၇၇ အိမ် စုစုပေါင်း အိမ်ခြေ ၅၀၃ အိမ်တို့၌ နေရောင်ခြည် စွမ်းအင်သုံးဆိုလာစနစ်ဖြင့် မီးအလင်းရောင်များ ရရှိနေပြီဟု သိရှိရသည်။ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိသဖြင့် ကျောင်းသူကျောင်းသားများ"စာရေးစာဖတ်အဆင်ပြေပြီး ညအချိန်အလုပ်လုပ်လို့ရတယ်။ အပန်းဖြေ အနားယူချိန် တီဗွီကြည့်လို့ရတယ်။ ဖုန်းအားသွင်းလို့လည်းရတယ်။ ဖယောင်းတိုင်မီးကြောင့် မီးလောင်မှု၊ မီးဘေးအန္တရာယ်ကင်းဝေးပါတယ်" ဟု အဆိုပါ ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဆိုလာပြားများကို ကုမ္ပဏီတစ်ခုက တာဝန်ယူအခမဲ့တပ်ဆင်ပေးခြင်းဖြစ်ပြီး ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိသောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို တစ်ဖက် တစ်လမ်းမှ အထောက်အကူဖြစ်စေသည်ဟု သိရှိရသည်။

ကိုကျော်(သုံးခွ)

# ရေတာရှည်မြို့ ရိုးမတောထွက် တင်းဝါးများ ရောင်းအားမြင့်

မိုးရာသီကာလများတွင် ဆွာချောင်းနှင့် သိုင်းချောင်းများမှ တစ်ဆင့် ဝါးထုတ်လုပ်မှု မြင့်တက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး၏ ဝယ်လိုအားကြောင့် ဝါးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေနေကြောင်း ဈေးကွက်သတင်းအရ သိရသည်။ "သာဂရ-ကိုးပင်ရိုးမ ဖြတ်ကျော်လမ်း ၄၈ မိုင်အထိ ကုန်တင်ယာဉ်များဖြင့် သွားရောက်သယ်ဆောင်ကြကာ ဝါးလုပ်ငန်းလုပ်ကိုင်သူများသည် အဆိုပါ ရိုးမဖြတ်ကျော်လမ်းတစ်လျှောက် ယာယီတဲများထိုး၍ လနှင့်ချီနေထိုင်ကာ တောတွင်းမှ ဝါးခုတ်ယူကြရသည်"ဟု ဒေသခံတစ်ဦးက ပြောပြသည်။ "တကယ်တမ်းကျတော့ ကျွန်တော်တို့က စရိတ်ကြိုယူထားတော့ သိပ်မကျန်ပါဘူး။ ဝါးလုပ်ငန်းရှင်တွေကပဲ အမြတ်အစွန်းများများကျန်တာ။ ဝါးတွေက အရင်ကလိုမဟုတ်ဘူး။ အတော်ကိုရှားကုန်ပြီ။ တောထဲရောက်တော့လည်း တောင်ကြောတွေအတိုင်းထမ်းသယ်ရ၊ ကျွဲ၊ နွားရှည်းတွေ ငှားပြီးဆွဲရတာတွေကလည်း ကုန်ကျစရိတ်ရှိတယ်၊ အကြွေးပြန်စုတာ၊ ဈေးပြန်ဝယ်ရတာနဲ့ ကိုယ့်အတွက် ကျန်အောင်မနည်းချွေတာ သုံးစွဲကြရတယ်" ဟု ဝါးခုတ်သားတစ်ဦးကပင် ဆက်၍ပြောပြသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်းမှ မြစ်သား၊ တောင်သာ၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ မြင်းခြံမြို့များသို့ နေ့စဉ် တင်ပို့ရောင်းချလျက်ရှိပြီး ဝါးအရွယ်အစားပေါ်မူတည်၍ တစ်လုံးလျှင် ငွေကျပ်နှစ်ရာမှ လေးရာကြား ပေါက်ဈေးရှိသည်။ ရိုးမထွက်ကုန်ဖြစ်သည့် ဝါးများကို နေအိမ်အခင်း၊ အကာ၊ ခြံစည်းရိုးတည်ဆောက်ခြင်းနှင့် အခြားသော နေအိမ်အသုံး အဆောင်များကို တွင်ကျယ်စွာ သုံးစွဲကြပြီး အပင်ဖြစ်ထွန်းနှုန်းနှင့် သုံးစွဲမှုပမာဏကွာခြားခြင်းကြောင့် ဝါးတောများပြုန်းတီးလာခြင်းဖြစ်ကြောင်း သုံးသပ်ပြောဆိုမှုများလည်းရှိသည်။

ကိုလွင်(ဆွာ)

**ပဲခူးတိုင်းဒေသကြီး**



ကယားပြည်နယ်

# မြစိမ်းရောင်ရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသောပြောင်းစိုက်ခင်း



လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင် စီမံကိန်းတွင်ပါဝင်သော ကျောက်တောင်၊ ကန်နီ ကျေးရွာများသို့ မြစိမ်းရောင်ရန်ပုံငွေဖြင့် စိုက်ပျိုးအောင်မြင်နေသည့် ပြောင်းစိုက်ခင်းများကို မြို့နယ်ကြီးကြပ်မှုကော်မတီ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြို့နယ်ကျေးလက်ဦးစီးမှူးတို့က ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

အဆိုပါကျေးရွာတွင် စိုက်ပျိုးရေးအတွက် ငွေချေးယူသူ ၈၅ ဦး၊ မွေးမြူရေးအတွက် ငွေချေးယူသူ ၁၅ဦး၊ ကုန်စုံဆိုင်အတွက်ငွေချေးယူသူတစ်ဦးတို့က မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများက ပြောင်းစိုက်ဧက ၁၅၀ ခန့် စိုက်ပျိုးပြီးကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

မန္တလေးတိုင်းဒေသကြီး

# မိတ္ထီလာမြို့နယ် ရှမ်းတဲစံပြကျေးရွာလမ်းအား ကတ္တရာလမ်းခင်းပြီ



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရှမ်းတဲ စံပြကျေးရွာလမ်း ရန်ကုန်-မန္တလေး ကားလမ်းမမှ ကျေးရွာအရှေ့ဘက်ထိပ် အထိကို ၂၀၁၅-၂၀၁၆ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၅၈၀ ဖြင့် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို ဇူလိုင်လဆန်းပိုင်းကစတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁ ရက်တွင် ယင်းလမ်းခင်းခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

"မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ Ki-netic Art ကုမ္ပဏီက တာဝန်ယူပြီး ရှမ်းတဲကျေးရွာကျောက်ချောလမ်းပေ ၅၄၀၀၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေး ခွင့်ပြုငွေကျပ်သိန်း ၅၈၀နဲ့ ဇူလိုင်လဆန်းပိုင်းက စတင်ဆောင်ရွက်ခဲ့တာပါ။ စက်တင်ဘာ ၁ ရက်မှာ လမ်းခင်းတဲ့လုပ်ငန်းတွေပြီးစီးသွားပါပြီ"ဟု ရှမ်းတဲကျေးရွာဒေသခံ ဦးကြည်ဝင်းက ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေဖြင့် ကတ္တရာလမ်းခင်းသည့်လမ်းအရှည်ပေ ၅၄၀၀ (၁/၀.၂) မိုင် ရန်ကုန်-မန္တလေး ကားလမ်းမမှ ရှမ်းတဲကျေးရွာ အရှေ့ဘက်ထိပ်အထိရောက်ရှိပြီး ယင်းနေရာမှ ကျေးရွာဘုန်းတော်ကြီးကျောင်းအထိ လိုအပ်လျက်ရှိသည့် လမ်းအရှည် ပေ ၇၂၀၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို လည်း ကျေးရွာနေဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေကျပ် ၄၅ သိန်းခန့်ဖြင့် တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ရှမ်းတဲကျေးရွာ ကတ္တရာလမ်းသစ်ဖောက်လုပ်ပြီးစီးခြင်းကြောင့် ယင်းလမ်းသစ်မှတစ်ဆင့် ရှမ်းတဲကျေးရွာနှင့် သာစည်မြို့နယ်ဘုရားကုန်းအုပ်စု၊ညောင်အိုင်အုပ်စုတို့ရှိ ကျေးရွာထွက်ကုန်များ မိတ္ထီလာမြို့ပေါ်သို့တင်ပို့ရောင်းချရာတွင် ယခင်ထက် ပိုမိုအဆင်ပြေချောမွေ့လာပြီး ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်းသိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

မန္တလေးတိုင်းဒေသကြီး

# လယ်ယာလုပ်ငန်းခွင်များတွင် လယ်ယာသုံးစက်ကိရိယာများကို တောင်သူများအသုံးပြုလာ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးတို့၏ လယ်ယာလုပ်ငန်းခွင်များ၌ လုပ်သားရှားပါးလာမှုကြောင့် တောင်သူဦးကြီးများက လုပ်သားများနေရာတွင် လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုလာကြသည်ကို တွေ့ရသည်။

"နှမ်းရိတ်၊ နှမ်းခါ၊ နှမ်းပြာသီးသန့်စင်မှုပြုလုပ်တဲ့အခါမှာ စက်တွေကို သုံးလို့မရသေးတော့ အလုပ်သမားရှာဖွေရတယ်။ ကြိုတင်ငှားထားတာတောင်မရဘူး။ နှမ်းရာသီဆိုတော့ သူ့ထက်ငါအပြိုင်အဆိုင် အလုပ်သမားငှားနေရတော့ လုပ်အားခ ဈေးပိုပေးတဲ့လူက ရတာပေါ့။ နှမ်းရိတ်ကို လုပ်သားတစ်ဦး လုပ်ခက နေ့ကုန်ငွေကျပ် ၃၀၀၀၊ မနက်ပိုင်းဆို ငွေကျပ် ၁၅၀၀၊ နှမ်းခါ၊ နှမ်းချ၊ နှမ်းဖြန့်ခ လုပ်သားတစ်ဦးနေ့ကုန်ငွေကျပ် ၃၀၀၀ ပေးရပြီး ထမင်းကျွေးရသေးတယ်။မြေပေါ်မှာကျတဲ့ နှမ်းစေ့တွေကို ဖုန်းသဲခဲကင်းအောင် ပြာသီးသန့်စင်တဲ့ အမျိုးသမီးတစ်ဦးကို နေ့တစ်ပိုင်း လုပ်အားခ ငွေကျပ် ၁၅၀၀ ပေးရတယ်။ ပြီးတော့ မုန့်ဝယ်ကျွေးရသေးတယ်။ ကုန်ကျစရိတ်က များလွန်းပြီး နှမ်းဈေးက မကောင်းတော့ တောင်သူတွေမှာ ရှုံးနေပါတယ် " လို့ နွားထိုးကျေးရွာမှ တောင်သူ ဦးခင်မောင်သန်းက ပြောသည်။

ယခုနှစ် မိုးစပါးစိုက်ရာသီတွင် ကျေးလက်တောင်သူ ဦးကြီးများက လယ်ယာလုပ်သား ရှားပါးမှုကို ကြိုတင်ဖြေရှင်းသောအားဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းခွင်များတွင် နှစ်တို၊ နှစ်ရှည်၊ အရစ်ကျ အကြွေးစနစ်ဖြင့် နိုင်ငံတော်က ရောင်းချသည့် ကောက်စိုက်စက်၊ ကောက်ရိတ်စက်၊ စပါးခြွေလှေ့စက်၊ လက်တွန်းထွန်စက်များ ၊ ထွန်းစက်အလတ်စား၊ အကြီးစားများကို ဝယ်ယူထားပြီး လယ်ယာလုပ်သားများနေရာတွင် စက်များကို အစားထိုး အသုံးပြုကြတော့မည်ဖြစ်သည်ဟု သိရသည်။



"လယ်ယာလုပ်ငန်းခွင်တွေမှာ စက်တွေအသုံးပြုမှုဖြစ်တော့မှာပါ။ လူတွေရဲ့လုပ်အားနဲ့လည်း သတ်မှတ်ချိန်မှာ လုပ်ငန်းက မပြီးဘူး။ ဒီတော့ သီးနှံကို ရာသီအချိန်မီ မစိုက်နိုင်ကြဘူး။ တကယ်တမ်းတွက်ကြည့်ရင် စက်ကုန်ကျစရိတ်နဲ့ လူတွေရဲ့ လုပ်အားခကုန်ကျငွေတွေကို နှိုင်းယှဉ်ကြည့်ရင် အတူတူလောက်ကျတာပါပဲ။ ဒီနေ့ ကျွန်တော်တို့ကတော့ လယ်ယာလုပ်ငန်းခွင်တွေမှာ စက်တွေကိုပဲသုံးတော့မှာပါ။ နိုင်ငံတော်ကလည်း တောင်သူတွေအတွက် စက်တွေကို ဝယ်ယူနိုင်အောင် အရစ်ကျအကြွေးစနစ်နဲ့ ရောင်းချပေးနေတော့ ကျွန်တော်တို့ လယ်သမားတွေမှာ ဝယ်ယူနိုင်ပါတယ်ဟု ဥသျှစ်ကုန်းကျေးရွာမှ တောင်သူ ဦးသန်းဝင်းက ပြောပြသည်။

သာစည်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးဦးသီးနှံများ စိုက်ချိန်မှ စတင်ပြီး တောင်သူများက မိမိတို့၏ လယ်ယာမြေများတွင် အချိန်တိုအတွင်း စိုက်ပျိုးနိုင်အောင် လက်မှုလယ်ယာလုပ်ငန်းမှ စက်မှုလယ်ယာလုပ်ငန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို (သာစည်)**

YumYum Xcite

# အတာသကြန်နှစ်ကူးအထူးကံစမ်းမဲလက်ကျန်ဆုမဲများအစီအစဉ်မှ ကံထူးရှင်များပေါ်ထွက်လာပါပြီ...



**BMW 2 Active Tourer** ကားကံထူးရှင်
ဒေါ်သန်းဆွေ
၇/လပတ(နိုင်)၁၈၇၉၁၃
အမှတ်(၅၁/၄)၊မြောင်းမြလမ်း၊
စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

**BMW 316i** ကားကံထူးရှင်
ဦးမောင်မောင်မြင့်
၁၂/တမန(နိုင်)၀၅၄၂၈၉
အမှတ်(၁၀၅)၊(၁၅၇)လမ်း၊တာမွေမြို့နယ်၊ရန်ကုန်မြို့။

| | | |
|---|---|---|
| **သိန်း(၁၀၀) ကံထူးရှင်** | | |
| ဦးသူရထွန်း | ၉/လဝန(နိုင်)၂၆၆၁၂၃ | နိုင်းမွန်းစတားကုန်စုံဆိုင်၊အမှတ်(၆/၆၁၂)၊လယ်ဝေးမြို့နယ်၊ရန်ကုန်-မန္တလေးလမ်းမကြီး။ |
| **သိန်း(၅၀) ကံထူးရှင်** | | |
| ဦးကြည်ဝင်း | ၇/ပခန(နိုင်)၀၁၀၂၄၆ | အမှတ်-၁၄၃၊ညောင်ပိုင်းမြောက်ပိုင်း၊(၁၁)လမ်း၊ပဲခူး။ |
| **သိန်း(၃၀) ကံထူးရှင်များ** | | |
| ကိုမင်းအောင် | ၉/ညဥန(နိုင်)၁၁၆၂၉၂ | တိုက်(၁၂)၊အခန်း(၀၁၂)ပီတောက်လမ်း၊(၉၄)ရပ်ကွက်၊ယုဇနဥယျာဉ်မြို့တော်။ |
| မယုဇနနိုင် | ၁၂/ကတန(နိုင်)၀၈၀၆၀၄ | (၄/၆၃)၊ မကျီးတန်လမ်း၊ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့။ |
| **Honda wave S ကံထူးရှင်များ** | | |
| မောင်သက်နိုင်စိုး | ၁၀/မလမ (နိုင်)၂၄၈၉၂၁ | ၄၀၁၊(၈)လမ်း၊မြိုင်သာယာရပ်၊မော်လမြိုင်မြို့။ |
| ဦးညွန့်သန်း | ၁/မကန(နိုင်)၀၃၁၂၀၆ | အမှတ်(၂၅၀)အောင်နန်းရိပ်သာရပ်ကွက်၊မြစ်ကြီးနား။ |
| နှောင်နှောင်အေးဖေ | ၁၂/ကတန(နိုင်)၀၈၀၆၀၄ | အမှတ်(၁၄)၊(၆)လမ်း၊အိုးဘိုရပ်၊မကွေး။ |
| **iPhone 6 ကံထူးရှင်များ** | | |
| ဒေါ်စိုးစိုးအေး | ၁၂/ပဇတ(ပြု)၀၀၈၀၁၀ | ၁၁၅-၁၁၇၊လသာလမ်း၊မြို့နယ်။ |
| ဦးလမင်း | ၅/မမတ(နိုင်)၀၀၁၆၁၉ | တိုက်(၂)၊အခန်း(၂၅)၊ဆောင်းလာမာန်အိမ်ယာ၊မ/ဒဂုံ။ |
| မဖြူစင်ဝင်း | ၉/စကန(နိုင်)၀၈၃၂၆၅ | ထွန်တုံးရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊မန္တလေးတိုင်း။ |
| ဦးအေးဇော် | ၈/မကန(နိုင်)၁၁၇၆၂၉ | ရန်ကင်း(A)လမ်း၊ မကွေးမြို့။ |
| ဒေါ်ဖြူဖြူနှင်း | ၁၂/လသန(နိုင်)၀၁၂၁၁၅ | အခန်း(၀၀၃)၊တိုက်(၂၂)၊(၁၁)လမ်း၊(၉၄)ရပ်ကွက်၊ယုဇနဥယျာဉ်မြို့တော်၊ဒဂုံ။ |
| ကိုကိုမင်း | ၈/ရနခ(နိုင်)၁၂၉၀၉၀ | တိုက်အမှတ်(၄၀)၊နတ်စင်လမ်း၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။ |
| မစုလဲ့ရည်ထူး | ၈/မကန(နိုင်)၂၁၅၈၅၂ | အမှတ်(၇၁)၊အထက(၁)လမ်း၊ရန်အောင်ရပ်၊မကွေးမြို့။ |
| မနိုင်စင်သိန်း | ၁၃/လကန(နိုင်)၀၀၄၂၅၇ | B-၃(A)၊သီရိပဒေသာကားကြီးကွင်းအပြင်ဘက်တိုက်ခန်း၊ပြင်ဦးလွင်မြို့။ |
| နိုင်းမိုင်းမိုင်းခမ်း | ၁၃/လရန(နိုင်)၀၉၇၁၈၅ | အမှတ်(၂၀၅)(၄)လွှာ၊ (၂၈)လမ်း၊ (၅)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| **Samsung Note 3Neo ကံထူးရှင်များ** | | |
| မနှင်းလွင်ဦး | ၁၂/သလန(နိုင်)၀၉၂၀၈၉ | အမှတ်(၁/စ)၊ဇန္တုလလမ်း၊ မြို့မတောင်ရပ်ကွက်၊သန်လျင်မြို့။ |
| ဇော်လင်း(ခ)ထောင်းနေပြောင် | ၄/စလန(နိုင်)၀၅၄၃၀၃ | မြေအမှတ်(၁)ဖွဲ့နဆီစက်လမ်း၊ရွာမအနောက်၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။ |
| ဇော်လင်း(ခ)ထောင်းနေပြောင် | ၄/စလန(နိုင်)၀၅၄၃၀၃ | မြေအမှတ်(၁)ဖွဲ့နဆီစက်လမ်း၊ရွာမအနောက်၊အင်းစိန်မြို့နယ်။ |
| မလှလှစေ | ၉/တသန(နိုင်)၀၀၀၅၄၉ | အမှတ်(၂၉)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ကိုမင်းဝင်းသိန်းထွန်း | ၁၀/ခဆန(နိုင်)၀၀၀၇၅၄ | အမှတ်(၁၃၉၅)၊ ရွှေဂေါ်းလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ |
| မစုစုဝင်း | ၁၂/သလန(နိုင်)၀၉၆၅၅၇ | အမှတ်(၃၀၂)၊ ဓမ္မသုခကျောင်းလမ်း၊ပျဉ်ထောင်ကျောင်းကျေးရွာ၊သန်လျင်မြို့။ |
| နိုင်ချိုချိုထက် | ၁၀/မလမ(နိုင်)၂၀၄၅၉၉ | သခင်(၂)၊အဆောင်(၂)၊နေပြည်တော်။ |
| ဒေါ်အေးမာလာကျော် | ၁၂/စခန(နိုင်)၀၀၈၁၄၂ | အမှတ်(၇B)၊ သီရိမင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်။ |
| ဦးမျိုးဝင်း | BSN/W-၁၁၁၁၃၂ | အမှတ်(၅၉)၊ (၂၈)ဆူလမ်း၊ ပုသိမ်မြို့။ |
| မစန်းစန်းထွေး | ၁၂/တမန(နိုင်)၀၈၂၂၄၆ | တိုက်(၆)၊ အခန်း(၅၀၁)၊ (၆)လွှာ၊ (၁၅၄)လမ်း၊ တာမွေမြို့နယ်။ |
| ကိုသီဟနိုး | ၆/မမန(နိုင်)၁၂၈၅၃၇ | အမှတ်(၄၃)၊ မြင့်မိုရ်လမ်း၊ စမ်းချောင်း။ |
| ကိုကျော်နိုးထွန်း | ၅/ဘတလ(နိုင်)၀၉၆၂၇၄ | ကံထူးရွာ၊ ခဥ္စကိုင်မြို့နယ်။ |
| ဒေါ်ခင်သီတာနွယ် | ၇/ကဝန(နိုင်)၀၀၀၀၂၅ | အမှတ်(၁၅၄၁)၊ မဟာစေတီလမ်း၊ ပဲခူးမြို့။ |
| ဒေါ်ခင်နွယ်ဝင်း | ၉/မမန(နိုင်)၁၃၀၀၃၃ | ရွှေကြာပင်၊ နေပြည်တော်။ |
| ဒေါ်ခင်ဝင်းဦး | ၉/ပမန(နိုင်)၉၃၂၂၈၀ | အမှတ်(၄၃၂)၊ ဆေးရုံလမ်း၊ အုတ်ဖိုကျင်းရပ်၊ စစ်ကိုင်းမြို့။ |
| ဦးကျော်သူနိုင် | ၁၂/လမန(နိုင်)၁၀၉၅၅၇ | တိုက်(၉)၊ အခန်း(၃၀၃)၊ (၁၁)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ |
| မောင်မျိုးဟန် | ၁၂/လသန(နိုင်)၀၂၂၈၇၈ | အမှတ်(၅၆)၊ လသာလမ်း၊ လသာမြို့နယ်။ |
| နော်ဟဲဘလူဖေါ | ၁၂/ လသယ(နိုင်)၀၆၉၉၇၂ | အမှတ်(၁၈၂၂-ဘီ)၊ အောင်သုခ(၂)၊ လှိုင်သာယာ။ |
| ဒေါ်မြင့်မြင့်ကျော် | ၅/ကသန(နိုင်)၀၅၃၂၅၈ | ဆေးရုံဝင်း၊သန်လျင်မြို့။ |
| ကိုသက် | ၁၂/မရက(နိုင်)၁၂၆၇၂၇ | ၁၆/၈၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ |








Customer Service Hot Line - 09 8635250

ကံထူးရှင်များအားလုံး (၇-၉-၂၀၁၅) မှ စ၍ အဆောင်(၁၅)၊ အခန်း(၄၀၅)၊ MICT Park လှိုင်မြို့နယ်သို့ ကံထူးရှင်ကိုယ်တိုင် မှတ်ပုံတင် ယူဆောင်၍ လာရောက်ထုတ်ယူနိုင်ပါသည်။



# ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ပါဝင်ခွင့်ရရန် ဘရာဇီးကစားသမား ကာကာ မျှော်လင့်

၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဘရာဇီးလက်ရွေးစင်အသင်း ကစားမည့်ခြေစစ်ပွဲများတွင် ပါဝင်ကစားခွင့်ရရှိရန် မျှော်လင့်ထားကြောင်း မေဂျာလိဂ်ကလပ် အော်လန်ဒိုစီးတီးအသင်းမှ ဝါရင့်ဘရာဇီးကွင်းလယ် ကစားသမား ကာကာက ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၃၃ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ကာကာသည် ၂၀၀၂ နှစ်မှစတင်ကာ ဘရာဇီးလက်ရွေးစင်အသင်းတွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး နိုင်ငံလက်ရွေးစင်အသင်းအတွက် ၈၉ ပွဲ ပါဝင်ကစားခဲ့ပြီး ၂၉ ဂိုး သွင်းယူထားသူဖြစ်သည်။ သို့သော်လည်း ကာကာသည် ၂၀၁၄ ခုနှစ် အောက်တိုဘာလ နောက်ပိုင်းမှ စတင်ကာ ဘရာဇီးလက်ရွေးစင်အသင်း၌ ပါဝင်ခွင့်ဆုံးရှုံးခဲ့ရသူဖြစ်သည်။

သို့သော်လည်း ဘရာဇီးလက်ရွေးစင်အသင်းနည်းပြ ဒွန်ဂါသည် အမေရိကန်နိုင်ငံ၌ စက်တင်ဘာ ၆ ရက်တွင် ခရိုအေးရှား၊ စက်တင်ဘာ ၉ ရက်တွင် အမေရိကန်အသင်းတို့နှင့် ကစားမည့် ခြေစမ်းပွဲများအတွက် ကာကာအား အံ့အားသင့်ဖွယ် ပြန်လည်ခေါ်ယူခဲ့သည်။

“နိုင်ငံလက်ရွေးစင်အသင်းမှာ ပြန်လည်ပါဝင်ခွင့် ရရှိလာတာဟာ ကျွန်တော့်အတွက် အလွန်ကောင်းမွန်တဲ့ အကြောင်းအရာတစ်ခုပါ။ စက်တင်ဘာလအတွင်း ဘရာဇီးအသင်း ကစားမယ့်ခြေစမ်းပွဲတွေမှာ နည်းပြ ဒွန်ဂါက ဘယ်လိုအစီအစဉ်နဲ့ ကျွန်တော့်ကို အသုံးပြုမလဲဆိုတာကိုတော့ မသိပါဘူး။ ဒါပေမယ့် အဲဒီခြေစမ်းပွဲတွေမှာ ကျွန်တော် ပါဝင်ကစားခွင့်ရရှိခဲ့မယ်ဆိုရင် ကျွန်တော်ဟာ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဘရာဇီးအသင်းကစားမယ့် ခြေစမ်းပွဲတွေမှာ ပါဝင်ကစားဖို့ ထိုက်တန်သူဖြစ်တယ်ဆိုတာကို သက်သေပြသွားမှာပါ”ဟု ၂၀၀၇ ခုနှစ် ဖီဖာ ကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု ရရှိခဲ့သူ ကာကာက ပြောသွားသည်။

ရီးရဲမက်ဒရစ်နှင့် အေစီမီလန်အသင်း ကစားသမားဟောင်း ကာကာသည် ဘရာဇီးအသင်းနှင့်အတူ ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၀၅ နှင့် ၂၀၀၉ ခုနှစ် ဖီဖာကွန်ဖက်ဒရေးရှင်းဖလားပွဲများတွင် အောင်မြင်မှုများ ရရှိခဲ့ဖူးသူဖြစ်သည်။

ဘရာဇီးအသင်းသည် ၂၀၁၈ ခုနှစ် ဖီဖာ ကမ္ဘာ့ဖလားပြိုင်ပွဲတွက် ပထမဆုံးခြေစစ်ပွဲအဖြစ် လာမည့် အောက်တိုဘာ ၅ ရက်တွင် ချီလီအသင်းနှင့် အဝေးကွင်းပွဲကစားရမည်ဖြစ်ပြီး အောက်တိုဘာ ၁၃ ရက်တွင် အိမ်ကွင်း ၌ ဗင်နီဇွဲလားအသင်းကို လက်ခံကစားရမည်ဖြစ်သည်။ ■ ထက်အောင်

# မန်ယူမှ ထွက်ခွာခဲ့ရခြင်း၏အကြောင်းရင်းကို ဒီမာရီယာ ထုတ်ဖော်ပြောဆို



ပြီးခဲ့သည့် ဩဂုတ်လအစောပိုင်း၌ မန်ယူမှ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့သွားခဲ့သူ တောင်ပံကစားသမား အိန်ဂျယ်ဒီမာရီယာက မန်ယူမှ ထွက်ခွာခဲ့ရခြင်းမှာ မန်နေဂျာလူးဝစ်ဗန်ဟားလ်၏ အတွေးအမြင်နှင့်ပတ်သက်၍ ပြဿနာများ ဖြစ်ပွားခဲ့ရခြင်းကြောင့်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အာဂျင်တီးနားကစားသမား ဒီမာရီယာ(၂၇နှစ်)သည် ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်းတွင် ရီးရဲမက်ဒရစ်မှ မန်ယူသို့ ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၅၉ ဒသမ ၇ သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်သော်လည်း မန်ယူတွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရပြီးနောက် ယခု နွေရာသီဈေးကွက်ကာလအတွင်းတွင် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၄၄ သန်းဝန်းကျင်ဖြင့် ပြောင်းရွှေ့သွားသူဖြစ်သည်။ ဒီမာရီယာသည် မန်ယူအတွက် စုစုပေါင်း ၃၂ ပွဲ ပါဝင်ကစားခဲ့ပြီး လေးဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။

တောင်ပံကစားသမား ဒီမာရီယာသည် ပီအက်စ်ဂျီ ကစားသမားဘဝ ပထမဆုံးပွဲအဖြစ် ဩဂုတ်လ ၃၀ ရက်တွင် ပီအက်စ်ဂျီက အဝေးကွင်း၌ မိုနာကိုအသင်းအား ၃-၀ ဖြင့် အနိုင်ရရှိခဲ့သည့် ပြင်သစ် ပထမတန်း အမှတ်ပေးပွဲစဉ်တွင် ပွဲချိန် ၆၆ မိနစ်၌ လူစားဝင် ကစားခဲ့ပြီး ပွဲချိန် ၈၃ မိနစ်တွင် ပီအက်စ်ဂျီအသင်း အတွက် တတိယဦး ဆောင်ဂိုးကို လာဗက်ဇီ သွင်းယူနိုင်စေရန် ဖန်တီးပေးနိုင်ခဲ့သူဖြစ်သည်။

“မန်ယူ မန်နေဂျာ ဗန်ဟားလ်မှာ အတွေးအမြင်တစ်ခုရှိပါတယ်။ ဒါဟာ မန်ယူအသင်းကို ကျွန်တော်ပြောင်းရွှေ့ဖြစ်ရခြင်းအကြောင်းရင်းတွေအနက်က တစ်ခုပါ။ ဒါပေမယ့် ဗန်ဟားလ်ရဲ့ နည်းစနစ်တွေမှာ ကျွန်တော်အထိုင်ကျဖို့ ရုန်းကန်ခဲ့ရတယ်။ ကျွန်တော်နဲ့ မန်နေဂျာဗန်ဟားလ်ကြားမှာလည်း ပြဿနာဖြစ်ပွားမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ မန်နေဂျာ ဗန်ဟားလ်ရဲ့နည်းစနစ်ဟာ ပထမပိုင်းမှာတော့ ကျွန်တော့်အတွက် အဆင်ပြေခဲ့တယ်။ ကျွန်တော်ဒဏ်ရာရရှိလို့ အနားယူခဲ့ရပြီးနောက်ပိုင်း ပြန်လည်ကစားနိုင်ချိန်မှာ မန်နေဂျာ ဗန်ဟားလ်က ကျွန်တော့်ရဲ့နေရာကို အပြောင်းအလဲ ပြုလုပ်ခဲ့တယ်။ ကျွန်တော်နဲ့ ပီအက်စ်ဂျီအသင်းနည်းပြ လောရင့်ဘလန့်တို့ ဆွေးနွေးခဲ့ချိန်မှာ နည်းပြ လောရင့်ဘလန့်က ကျွန်တော့်ကို ရီးရဲမက်ဒရစ်အသင်းမှာတုန်းက ကျွန်တော်ကစားတဲ့နေရာမှာပဲ ကစားစေမယ်လို့ ပြောဆိုခဲ့ပါတယ်”ဟု ဒီမာရီယာက ပြောသွားသည်။

အာဂျင်တီးနား အသင်းနှင့်အတူ အောင်မြင်မှုမရရှိသေးသူ လီယွန်နယ်မက်ဆီအား ပရိသတ်များက ဝေဖန်နေသော်လည်း မက်ဆီသည် အာဂျင်တီးနားအသင်းအတွက် အရေးအပါဆုံး ကစားသမားတစ်ဦးဖြစ်ကြောင်း ဒီမာရီယာက ဆက်လက်ပြောဆိုခဲ့သည်။

### ချန်ပီယံလိဂ်နှင့် အင်္ဂလန်ကလပ်များရဲ့ အလားအလာမှ

အရှင်းဆုံးပြောရရင် ၂၀၁၁-၂၀၁၂ ချန်ပီယံလိဂ်မှာ ချယ်လ်ဆီးဗိုလ်စွဲတယ်။ အဲဒီနောက် ၂၀၁၂-၂၀၁၃ မှာကျတော့ အင်္ဂလန်ကလပ်တွေ ကွာတားဖိုင်နယ်ကိုတောင် တစ်သင်းမှ မတက်နိုင်ဘူး။ မန်ယူ၊ အာဆင်နယ်တို့ အုပ်စုအဆင့်ကို ကျော်လာသော်ငြား ၁၆ သင်းအဆင့်မှာတင် ပြုတ်တယ်။ နောက်တစ်နှစ်ဖြစ်တဲ့ ၂၀၁၃-၂၀၁၄ မှာလည်း ချယ်လ်ဆီးက ဆီမီးဖိုင်နယ်အထိရောက်သော်ငြား မနှစ်ကဆိုခဲ့ပြီးတဲ့အတိုင်း ကွာတားကို တစ်သင်းမှမရောက်ဘူးဆိုတော့။ ဒီတစ်ကြိမ်၊ ဒီနှစ်မှာရော အင်္ဂလန်ကလပ်တွေရဲ့ ထိုးခွဲထွက်နိုင်အားက ဘယ်အထိရှိမလဲဆိုတာ သိလိုလာကြတယ်။

တချို့ကတော့ အဲဒီလိုချန်ပီယံလိဂ်မှာ အင်္ဂလန်ကလပ်တွေရဲ့ ထိုးခွဲထွက်နိုင်အား ဘယ်လောက်ရှိမလဲဆိုတာ မတွက်ခင် အဲဒီ အင်္ဂလန်ကလပ်တွေရဲ့ အဲဒီချန်ပီယံလိဂ်ဆိုတဲ့ပြိုင်ပွဲအပေါ် အာရုံစူးစိုက်မှုနဲ့ စိတ်ပိုင်းဖြတ်ချဉ်းကပ်မှုအား ဘယ်လောက်ရှိမလဲဆိုတာ အရင်တွက်ဆဖို့လိုတယ်ဆိုပြီး အကောက်အယူလုပ်ကြတယ်။ ပြောချင်တာက အဲဒီပြိုင်ပွဲအပေါ် အာရုံစူးစိုက်မှုနဲ့ စိတ်ပိုင်းဖြတ်နိုင်အားကို ခန့်မှန်းနိုင်မှသာ အဲဒီပြိုင်ပွဲမှာ သူတို့ရဲ့ထိုးခွဲနိုင်မှုကိုပါ တွက်ဆနိုင်မယ်ဆိုတဲ့သဘောပဲဖြစ်တယ်။

ပြောမယ်ဆိုရင်ပေါ့။ အင်္ဂလန်ပရီမီယာလိဂ်ဟာ အခြားဥရောပထိပ်တန်း လိဂ်ပြိုင်ပွဲတွေနဲ့ မတူဘူးလို့ ကောက်ချက်ဆွဲကြတယ်။ အရှင်းဆုံးပြောရရင် အင်္ဂလန်ပရီမီယာလိဂ်ဟာ ပြည်တွင်းဖိအား သိပ်ပြင်းတယ်။ ချန်ပီယံဆုအတွက် စိန်ခေါ်နိုင်လောက်တဲ့အသင်းအရေအတွက်ကိုက တစ်သင်းစ နှစ်သင်းစ မဟုတ်ဘူး။ အနိမ့်ဆုံး လေး၊ ငါးသင်းလောက်ကို ရှိကိုရှိတယ်။ အဲဒီလို အနေအထားအရ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် အများအယွင်းမခံသလို အဲဒါအပြင် ယူရိုပါလိဂ်ဝင်ခွင့်ကို ခြိမ်းခြောက်နိုင်တဲ့အသင်း အရေအတွက်ဟာလည်း လေး၊ ငါးသင်းလောက်ရှိပြန်တဲ့အခါ အဲဒီလို ပြည်တွင်းဖိအားများမှု အခြေအနေဟာ အင်္ဂလန်ကလပ်အသင်းတွေရဲ့ ချန်ပီယံလိဂ်ဘက် အာရုံစိုက်နိုင်မှုနဲ့ စိတ်ပိုင်းဖြတ်အားဟာ လျော့လျော့ရဲရဲနိုင်တယ်လို့ အကောက်အယူလုပ် သုံးသပ်ကြတယ်။

အထူးသဖြင့်ပေါ့။ အင်္ဂလန်ကလပ်အသင်းတွေရဲ့ ကစားသမားစုဖွဲ့မှုအင်အားဟာ အခြားဥရောပထိပ်တန်းအသင်းကြီးတွေထက် မသာဘူးဆိုရင်တောင်မှ ရင်ပေါင်တန်းနိုင်တဲ့အဆင့်မှာရှိတယ်။ ချယ်လ်ဆီးမှာဆိုရင် အခု ပက်ထရိုရှိပြီ။ ဖာဘရီဂတ်စ်၊ ကော်စတာ၊ အော်စကာတို့လည်းရှိတယ်။ မန်စီးတီးဆိုရင် အဂူရို၊ ဆေးလ်ဗား၊ ယာယာတိုရေး၊ ကွန်ပနီတို့အပြင် စတားလင်းနဲ့ ဒီဘရူနီထပ်ရောက်တယ်။ အာဆင်နယ်မှာလည်း ဆန်းချက်ဇ်၊ အိုဇေးလ်တို့ရှိတယ်။ မန်ယူမှာလည်း မာတာ၊ ရွှန်းနေ၊ စတိုင်ဂါတို့ရှိသော်ငြား သူတို့ရဲ့ ချန်ပီယံလိဂ်မှာ ထိုးခွဲထွက်နိုင်မှုအားအပေါ် သံသယထားကြခြင်းဟာ အဲဒီ ပြည်တွင်းဖိအား ပြင်းထန်ခြင်းကြောင့်ပဲဖြစ်တယ်လို့ ကောက်ချက်ဆွဲကြတယ်။

ပြောမယ်ဆိုရင်ပေါ့။ ဒီရာသီချန်ပီယံလိဂ်မှာ အင်္ဂလန်ကနေ ချယ်လ်ဆီး၊ မန်စီးတီး၊ အာဆင်နယ်နဲ့ မန်ယူတို့ဝင်ပြိုင်မယ်။ အဲဒီအထဲမှာမှ ချယ်လ်ဆီးကို ဖယ်လိုက်ရင် ကျန်သုံးသင်းဖြစ်တဲ့ မန်စီးတီး၊ အာဆင်နယ်၊ မန်ယူတို့ရဲ့ ဒီရာသီ ဦးတည်ရာဟာ ဥရောပမှာ အောင်မြင်မှုရရှိရေးဆိုတာထက် ပြည်တွင်းမှာ အောင်မြင်မှုရရှိရေးထက် ပိုအလေးသာနိုင်ပါတယ်လို့ ယူဆလက်ခံကြသူများတယ်။ အထူးသဖြင့်ပေါ့။ မန်စီးတီးဆိုရင် မနှစ်က ဖလားလက်မဲ့ဖြစ်တယ်။ အဲဒီအတွက် မန်နေဂျာ ပယ်လီဂရီနီရဲ့နေရာ အယိမ်းအလှုပ်ဖြစ်ခဲ့တယ်။ အရှင်းဆုံးပြောရရင် ဒီရာသီမှာ ပယ်လီဂရီနီအနေနဲ့ မန်စီးတီးကို အောင်မြင်မှုတစ်စုံတစ်ရာ ရှာဖွေပေးဖို့လိုအပ်သလို အဲဒီအတွက် ပယ်လီဂရီနီရဲ့ ဦးတည်ရာဟာလည်း ဥရောပထက် မနှစ်ကလက်လွှတ်ခဲ့ရတဲ့ ပရီမီယာလိဂ်ဆုဖလားက ပိုအဓိကကျမယ်လို့ ယူဆကြသလို မန်ယူဆိုရင်လည်း သူတို့ရဲ့ ဒီရာသီ အဓိကပစ်မှတ်ဟာ ဥရောပအောင်မြင်မှုရရှိရေးဆိုတာ ဘယ်လိုမှမဖြစ်နိုင်တာ သိကိုသိသာလွန်းတယ်။

အထူးသဖြင့် မန်ယူဟာ ဖာဂူဆန်အလွန်မှာ ယိမ်းယိမ်းယိုင်ယိုင်ဖြစ်တယ်။ တစ်နှစ်က မိုယက်စ်လက်ထက်မှာ ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖို့အသာထား ချန်ပီယံလိဂ်ဝင်ခွင့်တောင်မရဘဲ အဆင့် (၇)နေရာသာမှာရှိခဲ့တယ်။ မနှစ်ကဆိုရင်လည်း ချန်ပီယံလိဂ်ဝင်ခွင့်ရခဲ့သော်ငြား ဖလားလက်မဲ့ဖြစ်တယ်။ အရှင်းပြောရရင် မန်ယူဟာ ဖာဂူဆန်ခေတ်လွန်မှာ ငွေကြေးအမြောက်အမြားအသုံးပြုခဲ့သော်ငြား အောင်မြင်မှုမရခဲ့မှုနဲ့အတူ ဗန်ဟားလ်ရဲ့နေရာကလည်း ခိုင်မာမှုမရှိဘူး။ ဒီတော့ မန်ယူရဲ့ ဒီရာသီ ဦးတည်ရာကလည်း ချန်ပီယံလိဂ်ချန်ပီယံဖြစ်ဖို့ထက် နှစ်ရာသီဆက်လက်လွှတ်ခဲ့ရတဲ့ ပရီမီယာလိဂ်ဆုဖလား ပြန်လည်ရရှိရေးကသာ အဓိကကျမယ်ဆိုတာ ရှင်းသလို အာဆင်နယ်ဆိုရင် ပိုပြီးတောင်ဆိုးတယ်။

အရှင်းဆုံးပြောရရင် အာဆင်နယ်ဟာ ပရီမီယာလိဂ်ဖလားနဲ့ ဝေးနေခဲ့တာ ဆယ်စုနှစ်တစ်ခုရှိပြီ။ အဲဒီအခြေအနေမှာ နောက်ဆုံးနှစ်ရာသီဆက် အက်ဖ်အေဖလားရတယ်။ ဒီတော့ သူတို့ရဲ့အဓိကဦးတည်ရာဟာလည်း ပရီမီယာလိဂ်ကလွဲလို့ အခြားမရှိနိုင်ဘူးဆိုတော့။ လေးသင်းမှာ သုံးသင်းက ရောက်သလောက်သာ သွားမယ့်သဘောရှိသလို ချယ်လ်ဆီးကလည်း အဲဒီသုံးသင်းရဲ့ ပြည်တွင်းဘက်အာရုံပိုမှုကြား၊ ပြည်တွင်းပြိုင်ဆိုင်မှုကြား ပိတ်မိဦးမယ့်အခါ ဒီတစ်ကြိမ်ရော အင်္ဂလန်ကလပ်တွေရဲ့ ချန်ပီယံလိဂ်ရုန်းအား ပြင်းပြင်းပြပြရှိပ့ါမလား စောင့်ကြည့်ချင်စရာ သိပ်ကောင်းတယ်။

■ ဝေမိုးဆက်

### စောင့်ကြည့်ချင်စရာ သိပ်ကောင်းတဲ့စပါးရဲ့လားရာမှ

အထူးသဖြင့် စပါးခံစစ်ဟာ မနှစ်ကတည်းက လုံခြုံပြည့်ဝတဲ့ ခံစစ်မျိုး မဟုတ်ဘူး။ အရှင်းဆုံးပြောရရင် စပါးဟာ မနှစ်ကပရီမီယာလိဂ်မှာ အဆင့် ၅ နဲ့ ရာသီသိမ်းခဲ့သော်ငြား။ သူတို့ပေးရတဲ့ ဂိုးအရေအတွက်ဟာ ပရီမီယာလိဂ်မှာ ထိပ်ဆုံး ၁၃ သင်းအနက် အများဆုံးဖြစ်ခဲ့တယ်ဆိုတော့။ အဲ့ဒီအရာကို ထိမိတဲ့ဖြည့်တင်းမှုမပြုလုပ်ခြင်း၊ တိုက်စစ်ပိုင်းမှာ ဟယ်ရီကိန်းရဲ့ပခုံးပေါ်က ဂိုးရယူရေးတာဝန်ကို လွှဲပြောင်းရယူမယ့် တိုက်စစ်မှူး မဖြည့်တင်းတဲ့အပြင် ပေါ်လင်ဟို၊ ချီရီချက်စ်၊ ဆိုဒါဒို၊ ကာဘိုးလ်၊ ကာပိုယူတို့ကိုပါ ရောင်းချခဲ့တယ်ဆိုတော့။ တကယ်ပဲ စပါးဘုတ်အဖွဲ့ဟာ စပါးရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို အခြေခံကျကျ မြင့်တင်နေသလားဆိုတာ တွက်ဆစရာဖြစ်လာသလို စပါးရဲ့လားရာဟာ စောင့်ကြည့်ချင်စရာ သိပ်ကောင်းတယ်လို့ပဲ ဆိုချင်မိတယ်။

ဆွေးနွေးမှုတွေက တစ်ပတ်ကြာခဲ့တယ်လို့ ဆိုရမှာပါ။ လေဗာကူဆင်ရဲ့ လူငယ်ကစားသမား ဆွန်ဟောင်မင်ဟာ စပါးအသင်းကို ပေါင် ၂၁ဒသမ၉ သန်းနဲ့ ပြောင်းရွှေ့နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း ကောလာဟလတွေ၊ ထင်ကြေးပေးပြောဆိုမှုတွေဟာ နောက်ဆုံးမှာတော့ အဆုံးသတ်သွားခဲ့ပြီလို့ ဆိုရမှာပါ။ အခုလိုအပြောင်းအရွှေ့ဟာ လန်ဒန်မြောက်ပိုင်းမှာအခြေစိုက်တဲ့ စပါးအသင်းပရိသတ်တွေအတွက်တော့ စိတ်လှုပ်ရှားစရာဖြစ်စေခဲ့ပေမယ့် လေဗာကူဆင်ပရိသတ်တွေအတွက်တော့ စိတ်မကောင်းစရာ၊ ဒေါသပေါက်ကွဲစရာဖြစ်စေခဲ့ပါတယ်။



# ပရီမီယာလိဂ်မှာ တွေ့မြင်ရတော့မယ့် တောင်ကိုရီးယား တိုက်စစ်မှူး ဆွန်ဟောင်မင်

**အောင်က**

**သန္ဓေတည်ရာ**

ဘွန်ဒက်စ်လီဂါဟာ မကြာသေးမီ နှစ်ပိုင်းတွေအတွင်းက ဂျပန်နဲ့တောင်ကိုရီးယား လူငယ်ကစားသမားတွေကို အကယ်ဒမီတွေမှာခေါ်ယူ မွေးမြူလေ့ရှိပါတယ်။ ဆွန်ဟောင်မင်ကတော့ အဲ့ဒီကစားသမားတွေထဲက အကျိုးအမြတ်ကောင်းကောင်း ရရှိသွားခဲ့တဲ့ကစားသမားတစ်ဦးလို့ ဆိုရမှာပါ။ ဆွန်ဟောင်မင်ဟာ အသက် ၁၆ နှစ်အရွယ်မှာ ဘွန်ဒက်စ်လီဂါကလပ် ဟမ်းဘတ်အသင်း လူငယ်အကယ်ဒမီကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ သူဟာ အသင်းကို ရောက်ရှိလာခဲ့ကာ မကြာခင်မှာပဲ အသင်းရဲ့ အဓိကကစားသမားတစ်ဦး ဖြစ်လာပြီး အသင်းရဲ့ ရွှေရောင်မျိုးဆက်သစ် လူငယ်ကစားသမားအဖြစ် သတ်မှတ်ခြင်း ခံထားခဲ့ရသူလည်း ဖြစ်ပါတယ်။ ၂၀၁၀နောက်ပိုင်းမှာလည်း သူဟာ ဟမ်းဘတ်အသင်းအတွက်တော့ အားကိုးရတဲ့ကစားသမားတစ်ဦး ဖြစ်လာခဲ့ပါတယ်။ သူဟာ ဟမ်းဘတ်အသင်းမှာကစားခဲ့တဲ့ နောက်ဆုံးရာသီမှာတော့ အသင်းမှာ ၃၃ပွဲ ပါဝင်ကစားပြီး ၁၂ ဂိုးအထိ သွင်းယူပေးခဲ့ကာ ဟမ်းဘတ်အသင်း ကစားသမားဘဝတစ်လျှောက်မှာတော့ အဲဒါဟာ သူ့အတွက်အအောင်မြင်ဆုံးရာသီတစ်ခုလည်းဖြစ်ခဲ့ပြီး အသင်းကိုလည်း ဘွန်ဒက်စ်လီဂါအဆင့် (၇) နေရာမှာ ရပ်တည်စေနိုင်ခဲ့ပါတယ်။

နောက်နှစ်မှာတော့ သူ့ကို လေဗာကူဆင်အသင်းကနေ ခေါ်ယူခဲ့တဲ့အတွက် ဟမ်းဘတ်အသင်းပရိသတ်တွေ အတွက်ကတော့ အားလျော့စေခဲ့ပါတယ်။ ဆစ်ဒနီဆမ်၊အိုဖေးတူနာလီတို့ပြီးရင်တော့ သူဟာ ဟမ်းဘတ်အသင်းကနေ လေဗာကူဆင်အသင်းကို ပြောင်းရွှေ့ခဲ့တဲ့ တတိယမြောက်မျိုးဆက်သစ် လူငယ် ကစားသမားလို့ ပြောရမှာပါ။ သူတို့ရဲ့ ခြေရာကို လိုက်နိုင်တဲ့ ဟမ်းဘတ်အသင်းရဲ့ စတုတ္ထမြောက် မျိုးဆက်သစ်ကစားသမားကတော့ ကာဟာနိုဂူ ဖြစ်လာနိုင်ပါတယ်။

**ဆွန်ဟောင်မင်ကစားပုံ**

ဆွန်ဟောင်မင်ဟာ ဟမ်းဘတ်အသင်းနဲ့ လေဗာကူဆင်အသင်းတို့မှာ အများဆုံး ကစားခဲ့တဲ့နေရာတွေကတော့ သူ့ရဲ့လျင်မြန်မှုကို ကောင်းကောင်းအသုံးချနိုင်တဲ့ တောင်ပံတွေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဗဟိုကွင်းလယ်ပိုင်းနဲ့ နောက်ချန်တိုက်စစ်မှူးအဖြစ်လည်း ကစားနိုင်စွမ်းရှိတဲ့ကစားသမားတစ်ဦး ဖြစ်ပါတယ်။ သူဟာလေဗာကူဆင်အသင်းမှာတော့ လျင်မြန်ဖျတ်လတ်မှုတွေကို ကောင်းကောင်းအသုံးချပြီး လျင်မြန်စွာတွန်းတွန်းတိုက်တိုက် ကစားနိုင်ခဲ့ပါတယ်။

**ပရိသတ်နှစ်သက်မှု**

ဆွန်ဟောင်မင် လေဗာကူဆင်အသင်းကို ပြောင်းရွှေ့သွားခဲ့စဥ်က ဟမ်းဘတ် ပရိသတ်တွေအတွက်တော့ အတော်ကလေးကို စိတ်ကသိကအောက် ဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့်အသင်းအနေနဲ့ကတော့ ကောင်းမွန်တဲ့ ဘဏ္ဍာငွေရရှိဖို့အတွက် လုပ်ဆောင်မှုတစ်ခုဖြစ်တယ်ဆိုတာကိုတော့ ကောင်းကောင်းသိပါတယ်။ ယခုအခါ ဆွန်ဟောင်မင်ဟာ စပါးအသင်းသို့ ပြောင်းရွှေ့ရာမှာလည်း ဟမ်းဘတ်အသင်းဟာ ပြောင်းရွှေ့ကြေးရဲ့ ၁၀ ရာခိုင်နှုန်းကို ထပ်မံရရှိဦးမှာ ဖြစ်ပါတယ်။ ဆွန်ဟောင်မင်ရဲ့ နာမည်ပြောင်အနေနဲ့ ဆိုနီဖြစ်ပြီး အခုလို သူရင်းနှီးပြီးသားဖြစ်တဲ့ ဘွန်ဒက်စ်လီဂါကို စွန့်ခွာခဲ့ရတာကတော့ သူ့အတွက် အတော်ကလေးကို ခက်ခဲမှုတစ်ခုလို့ ပြောရမှာပါ။ လေဗာကူဆင်အသင်း နည်းပြ ရှာမစ်ကိုယ်တိုင်က ဆွန်ဟောင်မင်ကို ရောင်းထုတ်ဖို့ကို ခက်ခက်ခဲခဲ ဆုံးဖြတ်ခဲ့ရခြင်း ဖြစ်တယ်လို့လည်း ပြောဆိုပါတယ်။ ဒါကြောင့် အားလုံးကို ခြုံကြည့်မယ်ဆိုရင်တော့ ဆွန်ဟောင်မင်စရောက်ရှိတဲ့အသင်းတိုင်းမှာ ပရိသတ်တွေရဲ့ အားပေးနှစ်ခြိုက်မှုကိုခံရတဲ့ကစားသမားတစ်ဦးလို့ ပြောရမှာပါ။ ဒါကြောင့်လည်း စပါးအသင်းမှာလည်း ပရိသတ်ချစ်လူငယ်ကစားသမားတစ်ဦး ဖြစ်လာနိုင်ဖွယ်ရှိပါတယ်။

**စပါးအသင်းနဲ့ဆွန်ဟောင်မင် အံဝင်နိုင်မှု**

ဆွန်ဟောင်မင်ဟာ ပရီမီယာလိဂ် ကစားသမားဖြစ်တဲ့ ဘရာဟီနိုလိုတိုက်စစ်ကစားသမားမျိုး ဖြစ်တယ် လို့ ဘောလုံးပညာရှင်တချို့ကတော့ ဆိုကြပါတယ်။ ဒါကြောင့်လည်း တောင်ကိုရီးယား တိုက်စစ်မှူး ဆွန်ဟောင်မင်ဟာ စပါးအသင်းရဲ့ တိုက်စစ်ပိုင်းကိုတော့ ထူးခြားမှုတွေပေးနိုင်လိမ့်မယ်လို့တော့မျှော်လင့်နိုင်ပါတယ်။ ဒါပေမယ့် ဆွန်ဟောင်းမင်ရဲ့ ကစားပုံကို သေသေချာချာကြည့်မယ်ဆိုရင် အခြားတိုက်စစ်မှူးတွေနဲ့တော့ တိုက်ရိုက်တူညီမှုရှိတယ်ဆိုပြီး နှိုင်းယှဥ်လို့တော့ရမှာမဟုတ်ပါဘူး။ ဘရာဟီနိုဟာ ဂိုးရရှိဖို့ကိုသာ အဓိကအားစိုက် ကစားတတ်တဲ့ တိုက်စစ်မှူး ဖြစ်ပေမယ့် ဆွန်ဟောင်မင်ကတော့ တိုက်စစ်ပိုင်းသာမက ခံစစ်ပိုင်းကိုပါ မျှတစွာကစားပေးနိုင်တဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။ ဆွန်ဟောင်မင်ဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်းက ဟမ်းဘတ်အသင်းနဲ့ လေဗာကူဆင်အသင်းတို့မှာ ပုံမှန်ကစားခွင့် ရရှိခဲ့တဲ့ ကစားသမားတစ်ဦး ဖြစ်တာကြောင့် စပါးအသင်းမှာလည်း ပုံမှန်ကစားခွင့်ရရှိဖို့ ရှိနိုင်ပါတယ်။ ဆွန်ဟောင်မင်ဟာ နေရာစုံမှာ ကစားနိုင်တဲ့ကစားသမားတစ်ဦးဖြစ်ပေမယ့် သူဟာ ညာတောင်ပံကို အားမသန်ဘဲ ဘယ်တောင်ပံသာ အားသန်တဲ့အတွက် စပါးအသင်းမှာတော့ ဘယ်တောင်ပံဘက်မှာသာ ကစားခွင့် ရရှိနိုင်ပါတယ်။ ဒါ့ကြောင်လည်း လာမယ့်ပွဲတွေမှာ စပါးအသင်းမန်နေဂျာ ပိုချက်တီနိုအနေနဲ့ ဆွန်ဟောင်မင်ကို ဘယ်လိုနေရာမှာ ထားသုံးမလဲဆိုတာကလည်း စိတ်ဝင်စားစရာဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း မကြာသေးခင် ရက်ပိုင်းကမှ ပရီမီယာလိဂ်စပါးအသင်းကို ရောက်ရှိလာခဲ့တဲ့ တောင်ကိုရီးယား တိုက်စစ်မှူး ဆွန်ဟောင်မင်ဟာ ပရီမီယာလိဂ်မှာ ခြေစွမ်းပြကစားနိုင်ပြီး အောင်မြင်မှုတွေ ရယူနိုင်မလားဆိုတာကတော့ မြက်ခင်းစိမ်းတွေပေါ်က ပွဲတွေကိုပဲ ရင်ခုန်စွာ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ ။

## အော့စ်ပီနာအနေဖြင့် အာဆင်နယ်၏ ပထမဦးစားပေး ဂိုးသမား မဖြစ်နိုင်စရာမရှိဟု မန်နေဂျာအာစင်ဝင်းဂါး ဖွင့်ဟ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်း ဂိုးသမား အော့စ်ပီနာအနေဖြင့် အာဆင်နယ်၏ ပထမဦးစားပေးဂိုးသမားမဖြစ်နိုင်စရာ အကြောင်းမရှိကြောင်း အာဆင်နယ်အသင်း မန်နေဂျာ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်နေဂျာ အာစင်ဝင်းဂါးသည် ၂၀၁၅-၂၀၁၆ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ယှဥ်ပြိုင်ကစားခဲ့သော လေးပွဲ၌ ပွဲထွက်ကစားသမားအဖြစ် နွေရာသီ ဈေးကွက်ကာလအတွင်း ချယ်လ်ဆီးအသင်းထံမှ ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းဖြင့် ခေါ်ယူခဲ့သော ချက်ဂိုးသမား ပီတာဆက်ချ်အား အသုံးပြုခဲ့ပြီး ကိုလံဘီယာဂိုးသမား အော့စ်ပီနာသည် အရန်ဂိုးသမားအဖြစ်သာ ပါဝင်ခဲ့ရသူ ဖြစ်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ ဂိုးသမား အော့စ်ပီနာသည် ၂၀၁၄ ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင် ပြင်သစ်ကလပ် နိုက်အသင်းမှ အာဆင်နယ်သို့ ပြောင်းရွှေ့ကြေး ပေါင် ၃ သန်းဖြင့် ပြောင်းရွှေ့လာပြီး အာဆင်နယ်နှင့် လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။ ဂိုးသမား အော့စ်ပီနာသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် အာဆင်နယ် အတွက် ပရီမီယာလိဂ်ပွဲ ၁၈ ပွဲ အပါအဝင် စုစုပေါင်း ၂၃ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

မန်နေဂျာ အာစင်ဝင်းဂါးက “ဂိုးသမား အော့စ်ပီနာဟာ စိတ်ဓာတ်ပိုင်းခိုင်မာသူဖြစ်ပြီး အံ့အားသင့်စရာကောင်းတဲ့ ဂိုးသမားလည်း ဖြစ်ပါတယ်။ သူဟာ အာဆင်နယ်အသင်းရဲ့ ပထမ ဦးစားပေး ဂိုးသမားနေရာအတွက် ယှဥ်ပြိုင်သွားဖို့ အဆင်သင့်ရှိနေတယ်။ သူဟာ ပီတာဆက်ချ်ကို ခက်ခဲတဲ့အချိန်ကာလတွေကို ကြုံတွေ့စေမှာပါ။ ဒီရာသီမှာ အာဆင်နယ်အသင်းအတွက် ဂိုးသမားအော့စ်ပီနာ ပါဝင်ကစားခွင့် ရရှိဖို့အတွက် လုံလောက်တဲ့ အချိန်တွေ ရှိနေပါသေးတယ်။ ဂိုးသမားအော့စ်ပီနာဟာ ဘာအကြောင်းကြောင့်မှ အာဆင်နယ်အသင်းရဲ့ ပထမဦးစားပေး ဂိုးသမားနေရာကို ပြန်လည် မရရှိနိုင်စရာ မရှိပါဘူး။ အာဆင်နယ်အသင်းရဲ့ ပထမဦးစားပေးဂိုးသမားဖြစ်ရေးက အော့စ်ပီနာအတွက် ပစ်မှတ်ဖြစ်ပါတယ်။ သူ့အနေနဲ့ ဒီနေရာ ရရှိဖို့အတွက် ကြိုးစားနိုင်လိမ့်မယ်လို့လည်း ကျွန်တော်ယုံ ကြည်ထားတယ်”ဟု ပြောသွားသည်။

အာဆင်နယ်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပွဲ ပြိုင်ပွဲ၌ လေးပွဲ ကစားပြီးချိန်တွင် သုံးဂိုး သွင်းယူခံထားရသည်။

